# ဆောင်းလုလင်

## စက်ကွင်း

လုံးချင်းဝတ္ထု







www.burmeseclassic.com

# မိုးကြိုးစက်ကွင်း

နွေခေါင်ခေါင်တွင်...

အညာမှာ မိုးရွာခဲ့သည်၊

မိုးနှင့်အတူ မိုးကြိုးပါ ပစ်ခဲ့သည်။

မိုးကြိုးပစ်သည့်နေရာအနီးတွင်...

ရောက်ရှိနေခဲ့သော

ကျွန်တော်သည်...

မိုးကြိုးစက်ကွင်း၏

နယ်နိမိတ်အတွင်း၌...

ကျရောက်ခဲ့ရပါသည်။

ကျွန်တော်...

"စက်ကွင်းမိ"ခဲ့သည်။

မိုးကြိုးစက်ကွင်းမိခဲ့သော

ကျွန်တော်သည်...

BURMESE CLASSIC .com

www.burmeseclassic.com

( ၁ )

ထိုနေ့က... မိုးများသည်းထန်စွာရွာသွန်းခဲ့ပါသည်။ အတော်ကို သည်းသည်းမည်းမည်းရွာသွန်းခဲ့ခြင်းဖြစ်ပါသည်။

အိမ်မှထွက်လာစဉ်က ရာသီဥတု သာသာယာယာရှိနေရုံမက၊ အညာအရပ်တွင် မိုးရွာလေ့ရှိသောရာသီမျိုးလည်းမဟုတ်ပါ၍ ကျွန်တော်တို့မှာ မိုးကာများမပါလာခဲ့ပါ။ အညာဖြစ်သောမန္တလေးမြို့၏ မိုးကို ဤမျှသည်းထန်လိမ့်မည်ဟုလည်း မထင်မှတ်ခဲ့ပါပေ။

ကျွန်တော်သည် ဆယ်တန်းစာမေးပွဲဖြေပြီးခါစ... နွေရာသီကျောင်းပိတ်ရက်များဝယ် မန္တလေးသို့အလည်အပတ်ရောက်ရှိနေခြင်းဖြစ်ပါသည်။ မန္တလေးရှိ ကျွန်တော့်ဦးကြီးအိမ်သို့ အလည်ရောက်နေသည်မှာ တစ်လပင်ရှိပါပြီ။ သည်နှစ်သင်္ကြန်ကိုလည်း မန္တလေးမှာပျော်လိုက်ရပါသည်။

ရန်ကုန်နှင့် အနေအထိုင်အသွားအလာ ကွာခြားမှုရှိပါသော မန္တလေးသည် ကျွန်တော့်အား များစွာဆွဲဆောင်မှုရှိခဲ့ပါသည်။ အထူးသဖြင့်... မော်တော်ဆိုင်ကယ်လွတ်လပ်စွာစီးခြင်းအရသာကို ရန်ကုန်တွင် မခံစားရပါ။ အစ်ကိုဝမ်းကွဲနှင့်အတူ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် တစ်မြို့လုံးအနှံ့လည်ပတ်ခြင်းကို ပျော်ရွှင်စွဲမက်နေရသည်။

ထိုနေ့ကတော့...ကျွန်တော်နှင့်ကျွန်တော့်အစ်ကိုဝမ်းကွဲဇေယျာဝင်းထွန်းတို့ညီအစ်ကိုနှစ်ယောက်သား ဆိုင်ကယ်တစ်စီးဖြင့် မန္တလေးတောင်ခြေကိုသွားခဲ့ကြသည်။ ကျုံးမြောက်ဖက်ခြမ်းရောက်သည်နှင့် ကျွန်တော်နှင့်ကိုဇေယျာဝင်းထွန်း နေရာချင်းလဲလိုက်ကြသည်။ လမ်းတလျှောက်လုံး မောင်းလာခဲ့သည့်ကိုဇေယျာဝင်းထွန်းက နောက်ခုံပေါ် ပြောင်းထိုင်လိုက်ပြီး ကျွန်တော်က ဆက်မောင်းခဲ့ခြင်းဖြစ်ပါသည်။

အကြောင်းမှာ...ကျွန်တော့်၌ ယာဉ်မောင်းလိုင်စင်မရှိ။ ယာဉ်ထိန်းရဲများရှိသောစည်ကားသည့်လမ်းမကြီးများတွင် မမောင်းရဲပါ။ မတော်တဆလိုင်စင်အစစ်ခံရပါက အဖမ်းခံရမည်ဖြစ်သည်။ ထို့ကြောင့်... ယာဉ်ထိန်းရဲမရှိ၊ ယာဉ်အသွားအလာနည်းသောနေရာရောက်မှ မောင်းသူနေရာကိုဝင်ယူကာ မောင်းရခြင်းဖြစ်ပါသည်။

ကျုံးမြောက်ဖက်ခြမ်း ၁၂လမ်းတွင် အနောက်မှအရှေ့သို့ တန်းတန်းမတ်မတ်မောင်းလာခဲ့သည်။ ကျွန်တော်တို့ဆိုင်ကယ်စထွက်သည့်အချိန်မှစ၍ မိုးရွာလာခဲ့ခြင်းဖြစ်သည်။ ကောင်းကင်သည်... ချက်ချင်းမည်းမှောင်သွားကာ မိုးစွဲများက ကိုယ်ပေါ်ကိုကျလာခဲ့၏။

''တစ်နေရာရာမှာ ဝင်ခိုမလား ကိုထွန်း''

ကျွန်တော်က နောက်ခုံတွင်ထိုင်နေသော ကိုဇေယျာဝင်းထွန်းကို လှမ်းမေးလိုက်သည်။

''မောင်းပါကွာ၊ ခိုစရာ ဘာမှမရှိပဲ၊ သုဓမ္မာဇရပ်တန်းရောက်တဲ့အထိ မြန်မြန်သာမောင်း''

ကျွန်တော်က မိုးသည်းသည်းကြားမှာပင် ဆိုင်ကယ်ကို အမြန်မောင်းလာခဲ့လိုက်သည်။ မိုးသည်းလာသောကြောင့် ကျွန်တော့်မျက်နှာကို မိုးသီးမိုးပေါက်များ လာပြီးရိုက်ခတ်နေ၏။ တစ်ကိုယ်လုံးလည်း စိုရွှဲသလောက်ဖြစ်သွားလေသည်။

တိရစ္ဆာန်ရုံအကျော်လောက်တွင် မိုးသာမက လေပါ ပါလာသည်။ လျှပ်စီးများလည်းလက်လာသည်။

''မိုးကလည်းကွာ၊ အချိန်အခါမဟုတ်ရွာလာတယ်၊ မုန်တိုင်း ရှိတယ်ထင်တယ်ကွ၊ ချက်ချင်းကြီး မိုးသည်းလာတာ''

ကိုထွန်းက နောက်မှလှမ်းပြောလိုက်၏။

မိုးချုန်းသံများလည်း ဆက်တိုက်ထွက်ပေါ်လာလေသည်။

လျှပ်စီးလက်လိုက်တိုင်း ပတ်ဝန်းကျင်တစ်ခုလုံးအဖြူရောင် လွှမ်းသွားသည်။

ကျွန်တော်က လမ်းဘယ်ဖက်ရှိ သုဓမ္မာဇရပ်များနှင့်တည့်တည့်သို့မောင်းသွားကာ လမ်းအလည်ကျွန်းအဖြတ်အရောက်တွင် ဘယ်ဖက်သို့ ဆိုင်ကယ်ကိုကွေ့ချိုးလိုက်သည်။

ထိုနေရာရှိဇရပ်များမှာ ကျွန်းလုံးတိုင်ကြီးများဖြင့်ဆောက်ထားပြီး သွပ်မိုးထားသော မြေစိုက်ဇရပ်များဖြစ်ပါ၏။ နှစ်တစ်ရာသက်တမ်းကျော်ရှိပြီဖြစ်သည့် ဇရပ်ကြီးများဖြစ်ပါသည်။

ဇရပ်ကြီး၁၀လုံးက တန်းစီလျက်ရှိနေသည်။ တချို့ဇရပ်များတွင်သာ မိုးခိုနေသူ တစ်ယောက်စ နှစ်ယောက်စကို တွေ့ရ၏။

ကျွန်တော်က လူမရှိသော ဇရပ်ကြီးတစ်ဆောင်ရှေ့တွင် ဆိုင်ကယ်ကို ပလက်ဖောင်းနှင့်ကပ်၍ရပ်လိုက်သည်။

ဆိုင်ကယ်ရပ်သည်နှင့် ကိုထွန်းက ဇရပ်ထဲသို့ ပြေးသွားလေ၏။

ကျွန်တော်က ဆိုင်ကယ်ကိုစက်ရပ်ရသေးသည်။ ဒေါက်ထောက် ရသေးသည်။ သော့ဖြုတ်ရသေးသည်။

ကိုထွန်းဇရပ်ထဲရောက်နေချိန်အထိ ကျွန်တော်က ဆိုင်ကယ်ကိုစွမပြီးသေး။

ဆိုင်ကယ်သော့ကိုဖြုတ်ကာ ဇရပ်ဆီပြေးဖို့ ပလက်ဖောင်းပေါ် ကျွန်တော်လှမ်းတက်လိုက်သည်။

ထိုအချိန်ကလေးမှာပင်...

www.burmeseclassic.com

**နားကွဲလုမတတ် ကျယ်လောင်သောအသံကြီးနှင့်အတူ...** မိုးကြိုးပစ်ချလိုက်ခြင်းဖြစ်တော့သည်။

မိုးကြိုးသံက မိုးချိမ်းသံများထက် များစွာကျယ်လောင်ပါသည်။ မိုးချိမ်းသံ အသံတစ်ရာပေါင်းစပ်ထားသကဲ့သို့ အသံကြီးက ပတ်ဝန်းကျင်တစ်ခုလုံးပဲ့တင်ထပ်အောင်မြည်ဟိန်းသွားကာ မြေကြီးများပင် သိမ့်သိမ့်တုန်သွားခဲ့လေသည်။

ကျွန်တော့်ဘေးတွင် အဖြူရောင်အလင်းတန်းကြီးဝင်းကနဲပေါ်လာကာ... တစ်လောကလုံး အဖြူချည်းသက်သက်ဖြစ်သွားလေသည်။

နားကွဲမတတ်အသံကြီးကြောင့် နားများအူသွားကာ မျက်စိထဲတွင်လည်း အဖြူထည်သက်သက်ကိုသာမြင်လိုက်ရပြီး မြေကြီးပေါ်သို့ မှောက်လျားထိုးပစ်လဲကျသွားခဲ့သည်။

ထိုအဖြစ်များမှာ တဒင်္ဂစက္ကန့်ပိုင်းလေးအတွင်း ဖြစ်ပျက်လိုက်ခြင်းဖြစ်ပြီး နောက်ထပ်ဘာတွေဆက်ဖြစ်သည်ကိုကျွန်တော်မသိတော့ပါ။

♛♛♛♛♛

( ၂ )

ကျွန်တော်သည် သတိပြန်ရရချင်း မိုးကြိုးပစ်သံကြီး ကြားလိုက်ရအပြီး... ကျွန်တော် သတိလစ်လဲကျသွားပုံကို ချက်ချင်းပြန်မှတ်မိလိုက်ပါသည်။ သည်လိုမှတ်မိပုံထောက်တော့ ကျွန်တော်ဟာ မသေသေးဘူးပေါ့။

သတိရလာချိန်တွင် ကျွန်တော့်နားများအူနေသည်သာရှိပြီး အခြားဝေဒနာကို မခံစားရချေ။

ကျွန်တော်က မျက်လုံးကိုဖွင့်ကြည့်လိုက်၏။

အဖြူထည်ချည်းသက်သက်ကို ကျွန်တော်မြင်လိုက်ရသည်။

သို့သော်... ထိုအဖြူထည်မှာ မိုးကြိုးသံကြားပြီးနောက် မြင်လိုက်ရသည့်လင်းလက်ဖြူဖွေးသော အဖြူရောင်မျိုးမဟုတ်ပါ။ ထိုအရာသည် ဆေးခန်းတစ်ခု၏မျက်နှာကျက်သာဖြစ်ပါသည်။

ကျွန်တော်မျက်လုံးဖွင့်လိုက်သည်နှင့် ကျွန်တော့်ဘေးမှအသံများကိုကြားလိုက်ရသည်။

“ဟော... **လင်းထည်ဝါ** သတိရလာပြီ”

“ကိုလင်း... ကိုလင်း... မင်း သတိရပြီလား”

ကျွန်တော်က ဦးခေါင်းကိုစောင်း၍ ကုတင်ဘေးကိုကြည့်လိုက်သည်။

ကိုဇေယျာဝင်းထွဋ်၊ သူ့ဖခင် ကျွန်တော့်ဘကြီး ဦးဝင်းမောင်နှင့် ဘကြီး၏ဇနီး ဒေါ်ခင်မြင့်ကြည်တို့ကို တွေ့လိုက်ရသည်။

ပြီးတော့... သူနာပြုဆရာမတစ်ဦး။

“ကိုလင်း... မင်းကောင်းကောင်းသတိရရဲ့လား။ ဘဘတို့ကို မှတ်မိလား”

ဘကြီးဦးဝင်းမောင်အမေးကြောင့် ကျွန်တော်ရယ်ချင်သွားလေသည်။

“ကျွန်တော်က ဘဘတို့ကို ဘာလို့သတိမရရမှာလဲဘဘ”

“အင်း... တော်ပါသေးရဲ့၊ တော်ပါသေးရဲ့၊ လင်းထည်ဝါ ဘာမှမဖြစ်လို့”

ကြီးကြီးဒေါ်ခင်မြင့်ကြည်က ရင်ပတ်ကိုဖိရင်း ရေရွတ်လိုက်သည်။

“သတိရတယ်၊ ဟုတ်လား။ သတိရရင် ဘဘနာမည် ဘယ်သူလဲ... ပြောစမ်း”

ဘဘက သေချာအောင် ကျွန်တော့်ကိုစစ်ဆေးနေပြန်သေးသည်။ နေပါဦး။ အဲဒီလောက်စိုးရိမ်တကြီးဖြစ်ရအောင် ကျွန်တော် ဘာတွေ ဖြစ်ခဲ့လို့လဲ။

မိုးကြိုးပစ်သံကြားရသည်။ နားထဲအူသွားသည်။ မျက်စိတွေ ပြာသွားသည်။ ပြီးတော့... မြေကြီးပေါ်လဲကျကာ သတိလစ်သွားသည်။ အဲဒီလောက်ပဲမဟုတ်လား။ အဲဒီလောက်အဖြစ်များကို ကျွန်တော်မှတ်မိနေပါသည်။

အဲဒီလောက်ကလေးနဲ့ ကျွန်တော့်ကိုစိုးရိမ်စရာလိုသလား။

“ဘဘနာမည်က ဦးဝင်းမောင်၊ ဘဘက ကျွန်တော့်အမေ ဒေါ်လင်းလင်းထွန်းရဲ့အစ်ကိုအရင်း၊ ဟောဒါက... ဘဘဇနီး ကြီးကြီး ဒေါ်ခင်မြင့်ကြည်၊ ဒါကတော့... ဘဘနဲ့ကြီးကြီးရဲ့သား ကျွန်တော့်အစ်ကို တစ်ဝမ်းကွဲ ကိုဇေယျာဝင်းထွဋ်ပါခင်ဗျား”

ကျွန်တော့်အဖြေက အရွဲ့တိုက်ဖြေလိုက်သလိုများဖြစ်သွားသလားမသိပါ။

သို့သော်... ဘဘက စိတ်ဆိုးသွားပုံမရ။ သက်ပြင်းကိုသာ ချလိုက်လေသည်။

www.burmeseclassic.com

''တော်သေးတာပေါ့ကွာ၊ တော်သေးတာပေါ့၊ ဘာမှမဖြစ်ဘူးကိုး''

''နေပါဦးဘဘရဲ့၊ ကျွန်တော်ဘာဖြစ်ရမှာလဲ၊ ဘာတွေဖြစ်သွားလို့လဲ''

''မင်း... မိုးကြိုးပစ်ခံရတာ မမှတ်မိဘူးလား''

ကိုထွန်း၎က ဝင်ပြောလိုက်သည်။

''ဘာ– မိုးကြိုးပစ်ခံရတယ်''

''သားကလည်းကွယ်... မိုးကြိုးပစ်တာမဟုတ်ပါဘူး၊ စက်ကွင်းမိတာပါကွဲ့၊ မိုးကြိုးသာတည့်တည့်အပစ်ခံရရင် ဘယ်အသက်ရှိတော့မှာတုံး။ ဒီလိုကွဲ့... လင်းထည်ဝါ၊ မင်းတို့ညီအစ်ကို သုခမ္မာဇရပ်ထဲ မိုးဝင်အခိုမှာ မိုးကြိုးပစ်လိုက်တယ်လေ''

''အဲဒါကို ကျွန်တော်မှတ်မိပါတယ်ကြီးကြီး''

''အေး– မိုးကြိုးက မင်းတို့အနားကိုပစ်လိုက်တာ၊ မင်းက မိုးကြိုးစက်ကွင်းမိသွားတယ်၊ အဲဒါကြောင့်... မင်းသတိလစ်သွားတာ၊ ကြီးကြီးတို့ဖြင့် စိုးရိမ်လိုက်ရတာ၊ တစ်နေ့နဲ့တစ်ညလုံး သတိလစ်နေတာဆိုတော့...''

''တစ်နေ့နဲ့တစ်ညလုံး... ဟုတ်လား။ ဒါဆို... အခု နောက်တစ်နေ့ ကူးသွားပြီပေါ့၊ ဟုတ်လားကြီးကြီး''

''အေး... မနေ့က ဧပြီလ ၂၉ရက်၊ အင်္ဂါနေ့လေ၊ ဒီနေ့ ဧပြီလ ၃၀ရက်၊ ဗုဒ္ဓဟူးနေ့ဖြစ်သွားပြီ''

''ဟင်...''

ကျွန်တော်တို့တူဝရီးများပြောဆိုနေစဉ်တွင် သူနာပြုဆရာမ သွားအကြောင်းကြားသောကြောင့် ဆရာဝန်ရောက်လာသည်။

ဆရာဝန်က ကျွန်တော့်ကို မေးခွန်းများမေးကာ စစ်ဆေးကြည့်သည်။ ကျွန်တော်သတိမချွတ်ယွင်းကြောင်း အတည်ပြုလိုက်သည်။

တကယ်တော့... ကျွန်တော်သည် မိုးကြိုးစက်ကွင်းမိ၍ ၁၈နာရီကြာမျှ သတိလစ်သွားခဲ့ခြင်းမျှသာဖြစ်ပါသည်။ မိုးကြိုးသည် ကျွန်တော့်ကို တိုက်ရိုက်ထိမှန်ခြင်းလည်း မဟုတ်၍ ဘာထိခိုက်မှုမှုလည်း မရှိခဲ့ပါ။

ကျွန်တော့်ကံကြမ္မာနှင့်ဖြစ်ပျက်ပုံကို ဆရာဝန်ကိုယ်တိုင်ပင် အံ့ဩနေပေ၏။

ဆရာဝန်က ကျွန်တော့်ခန္ဓာကိုယ်ကို စမ်းသပ်စစ်ဆေးပြီး ဆေးတစ်လုံးထိုးပေးသည်။

''မောင်လင်းထည်ဝါကံကောင်းပါတယ်၊ ဗီဆစ်ကယ်ပိုင်းလည်း ဘာမှမဖြစ်ဘူး၊ ညနေပိုင်းကျရင် ဆေးရုံကဆင်းနိုင်ပါပြီ''

ဆရာဝန်ဆေးထိုးပေးအပြီးတွင် အခန်းထဲမှထွက်သွားသည်။

ဆရာဝန်ထွက်အသွား... အခန်းထဲသို့ဝင်လာသော ခြေသံကြောင့် အားလုံးလှည့်ကြည့်လိုက်ကြသည်။

''ဟင်... မေမေ''

မေမေ့ကိုတွေ့လိုက်ရသောကြောင့် ကျွန်တော်က အံ့ဩဝမ်းသာ အော်နှုတ်ဆက်လိုက်သည်။

''သား– သား၊ ဘာမှမဖြစ်ဘူးနော်၊ အမလေး... သားရယ်''

မေမေက ကျွန်တော်ရှိရာပြေးလာကာ ကျွန်တော့်ကိုပွေ့ဖက်လိုက်သည်။

''မေမေ... မေမေဘယ်လိုရောက်လာတာလဲ၊ မေမေဘယ်လိုသိ တာလဲဟင်''

''ငါတို့ ညက ဖုန်းဆက်အကြောင်းကြားလိုက်လို့ပေါ့ကွ၊ လင်းလင်း... နင်ရောက်လာတာ မြန်လှချည်လား''

ဘဘက ကျွန်တော့်ကိုပြောရင်း မေမေ့ကို မေးလိုက်သည်။

''ညက သားဘဘဖုန်းဆက်ပြောတော့ မေမေ့မှာစိုးရိမ်လိုက်ရတာလေ၊ ဒါနဲ့... ညီမလေး ဒီနေ့မနက် ရထားလေယာဉ်နဲ့ အမြန်လိုက်လာလိုက်တာပါကိုကို''

မေမေက ဘဘအမေးကို တစ်ပါတည်း ပြန်ဖြေလိုက်၏။

''နင့်သားဘာမှမဖြစ်ပါဘူး၊ ကံကောင်းလို့ပေါ့၊ မိုးကြိုးပစ်တဲ့နေရာရောက်သွားလို့ စက်ကွင်းမိတာတဲ့''

ကြီးကြီးက ဝင်ပြောသည်။

''ကံကြီးလို့ပေါ့၊ မကြည့်ရယ်၊ လင်းဖြင့် စိုးရိမ်လိုက်ရတာ၊ ဒီရောက်မှသက်ပြင်းချနိုင်တော့တယ်''

မေမေတို့စကားပြောနေကြစဉ်... ဆရာဝန်ထိုးပေးသွားသော ဆေးအရှိန်ကြောင့်ထင်သည် ကျွန်တော်သည် မှေးကနဲအိပ်ပျော်သွားလေ၏။

♛♛♛♛♛

www.burmeseclassic.com

( ၃ )

ကျွန်တော် နောက်တစ်ကြိမ်ပြန်နိုးလာသည်။

မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျွန်တော့်ကုတင်ဘေးတွင် ဘဘ၊ ကြီးကြီးနှင့်ကိုထွန်းတို့ရှိနေကြဆဲ။ မေမေ့ကိုတော့ မတွေ့ရပါ။ သူနာပြု ဆရာမ ကလည်း ကျွန်တော်နိုးလာတာမြင်တော့ ထလာသည်။

"ဟော... လင်းထည်ဝါ သတိရလာပြီ"

"ကိုလင်း... ကိုလင်း... မင်း သတိရပြီလား"

ကျွန်တော်သတိရပြီးလို့ နောက်တစ်ကြိမ်အိပ်ပျော်သွားခြင်း မဟုတ်ပါလား။ သူတို့မေးခွန်းတွေကြောင့် ကျွန်တော်အံ့ဩသွားရသည်။

"ကိုလင်း... မင်းကောင်းကောင်းသတိရရဲ့လား၊ ဘဘတို့ကို မှတ်မိလား"

ဘဘကလည်း ပထမအကြိမ်သတိရစဉ်က အမေးကို ထပ်ပြီး မေးလိုက်ပြန်၏။

"ကျွန်တော်က ဘဘတို့ကို ဘာလို့သတိမရရမှာလဲဘဘ"

"အင်း... တော်ပါသေးရဲ့၊ တော်ပါသေးရဲ့၊ လင်းထည်ဝါ ဘာမှမဖြစ်လို့"

ကြီးကြီးဒေါ်ခင်မြင့်ကြည်က ရင်ပတ်ကိုဖိရင်း ရေရွတ်လိုက်သည်။

"သတိရတယ်၊ ဟုတ်လား။ သတိရရင် ဘဘနာမည် ဘယ်သူလဲ ပြောစမ်း"

ဘာတွေဖြစ်ကုန်ကြပြီလဲ။ မကြာခင်ကပဲ ကျွန်တော်သတိရပြီးလို့ ဆရာဝန်ကိုယ်တိုင်စစ်ဆေးကာ စိုးရိမ်စရာမရှိကြောင်း ပြောသွားခဲ့ပြီ မဟုတ်လား။ သူတို့က ဘာလို့ အသစ်တစ်ခါထပ်ပြီး စိုးရိမ်နေကြပြန်တာလဲ။

"ဘဘနာမည်က ဦးဝင်းမောင်၊ ဘဘက ကျွန်တော့်အမေ ဒေါ်လင်းလင်းထွန်းရဲ့အစ်ကိုအရင်း၊ ဟောဒါက... ဘဘဇနီး ကြီးကြီး ဒေါ်ခင်မြင့်ကြည်၊ ဒါကတော့... ဘဘနဲ့ကြီးကြီးရဲ့သား ကျွန်တော့်အစ်ကို တစ်ဝမ်းကွဲ ကိုဇေယျာဝင်းထွန်းပါခင်ဗျား"

ကျွန်တော်က တမင်အရွဲ့တိုက်ပြီးဖြေလိုက်ခြင်းဖြစ်ပါသည်။

သို့သော်... ဘဘက စိတ်ဆိုးသွားပုံမရ။ သက်ပြင်းကိုသာ ချလိုက်လေသည်။

"တော်သေးတာပေါ့ကွာ၊ တော်သေးတာပေါ့၊ ဘာမှမဖြစ်ဘူးကိုး"

"နေပါဦးဘဘရဲ့၊ ကျွန်တော်ဘာဖြစ်ရမှာလဲ၊ ဘာမှမဖြစ်ဘူးဆိုတာ ကျွန်တော်သိပြီးပြီလေ"

"မင်း မိုးကြိုးပစ်ခံရတာ မမှတ်မိဘူးလား"

ကိုထွန်းက ဝင်ပြောလိုက်သည်။

"ဘာ– မိုးကြိုးပစ်ခံရတယ်"

"သားကလည်းကွယ်... မိုးကြိုးပစ်တာမဟုတ်ပါဘူး။ စက်ကွင်းမိတာပါကွဲ့၊ မိုးကြိုးသာ တည့်တည့်အပစ်ခံရရင် ဘယ်အသက်ရှိတော့မှာတုံး။ ဒီလိုကွဲ့... လင်းထည်ဝါ၊ မင်းတို့ညီအစ်ကို သုဓမ္မာဇရပ်ထဲ မိုးဝင်အခိုမှာ မိုးကြိုးပစ်လိုက်တယ်လေ"

"အဲဒါကို ကျွန်တော်မှတ်မိပါတယ်ကြီးကြီး"

"အေး– မိုးကြိုးက မင်းတို့အနားကိုပစ်လိုက်တာ၊ မင်းက မိုးကြိုးစက်ကွင်းမိသွားတယ်၊ အဲဒါကြောင့်... မင်းသတိလစ်သွားတာ၊ ကြီးကြီးတို့ဖြင့် စိုးရိမ်လိုက်ရတာ၊ တစ်နေ့နဲ့တစ်ညလုံး သတိလစ်နေတာဆိုတော့..."

"တစ်နေ့နဲ့တစ်ညလုံး... ဟုတ်တယ်လေ၊ မနေ့က ဧပြီလ ၂၉ရက်၊ အင်္ဂါနေ့၊ ဒီနေ့ ဧပြီလ ၃၀ရက်၊ ဗုဒ္ဓဟူးနေ့၊ အဲဒါဘာဖြစ်လဲ ကြီးကြီး။ မိုးကြိုးပစ်တဲ့အနားမှာ ကျွန်တော်ရှိနေလို့ စက်ကွင်းမိသွားတယ်၊ ကျွန်တော်သတိလစ်သွားတယ်၊ ကျွန်တော်သတိလစ်တာ ၁၈နာရီ ရှိပြီလေ၊ ဒါတွေ ကျွန်တော်သိပြီးသားပဲ"

ကျွန်တော်တို့တူဝရီးများပြောဆိုနေစဉ်တွင် သူနာပြုဆရာမနှင့်အတူ ဆရာဝန် အခန်းထဲဝင်လာသည်။

ဆရာဝန်ကလည်း မေးပြီးသားမေးခွန်းများကိုထပ်မေးကာ ကျွန်တော့်ကိုစစ်ဆေးနေပြန်ပါ၍ အံ့ဩမဆုံးနိုင်ဖြစ်ရပြန်လေသည်။

**သူတို့အားလုံးဘာတွေကြောင်နေကြတာလဲ။ မေးပြီးသား၊ ပြောပြီးသားစကားတွေကို ဘာလို့ထပ်မေး၊ ထပ်ပြောနေကြတာလဲ။**

ဆရာဝန်က ကျွန်တော့်ခန္ဓာကိုယ်ကို စမ်းသပ်စစ်ဆေးပြီး ဆေးတစ်လုံးထပ်ပြီးထိုးပေးပြန်သည်။

"မောင်လင်းထည်ဝါကောင်းပါတယ်၊ ဒီဆစ်ကယ်ပိုင်းလည်း ဘာမှမဖြစ်ဘူး။ ညနေပိုင်းကျရင် ဆေးရုံကဆင်းနိုင်ပါပြီ"

ဆရာဝန်ဆေးထိုးပေးအပြီးတွင် စောစောကပြောခဲ့ပြီးသည့် စကားကိုပင် ထပ်ပြောကာ အခန်းထဲမှထွက်သွားသည်။

www.burmeseclassic.com

ဆရာဝန်ထွက်အသွားတွင် မေမေ့ကိုမမြင်၍ ကျွန်တော်က မေးလိုက်သည်။

''မေမေရော၊ မေမေဘယ်ရောက်သွားသလဲ''

''မင်းအမေကို ငါတို့ဖုန်းဆက်ထားပါတယ်''

ဘဘစကားမဆုံးခင် အခန်းဝမှခြေသံကြားလိုက်၍ အားလုံး လှည့်ကြည့်လိုက်ရာ မေမေဝင်လာသည်ကို မြင်လိုက်ရ၏။

''သား– သား၊ ဘာမှမဖြစ်ဘူးနော်၊ အမလေး... သားရယ်''

မေမေက ကျွန်တော်ရှိရာပြေးလာကာ ကျွန်တော့်ကိုပွေ့ဖက် ရင်း ပြောလိုက်သည်။

''လင်းလင်း... နင်ရောက်လာတာ မြန်လှချည်လား''

ဘဘက မေမေ့ကို ယခုမှရောက်လာသည့်လူတစ်ယောက်ကို မေးသည့်အတိုင်း မေးလိုက်သည်။

''ညက သားဘဘဖုန်းဆက်ပြောတော့ မေမေ့မှာစိုးရိမ်လိုက်ရတာလေ၊ ဒါနဲ့... ညီမလေး ဒီနေ့မနက် ရရာလေယာဉ်နဲ့ အမြန်လိုက်လာလိုက်တာပါကိုကို''

''နင့်သားဘာမှမဖြစ်ပါဘူး။ ကံကောင်းလို့ပေါ့၊ မိုးကြိုးပစ်တဲ့ နေရာရောက်သွားလို့ စက်ကွင်းမိတာတဲ့''

''ကံကြီးလို့ပေါ့ မကြည်ရယ်၊ လင်းဖြင့် စိုးရိမ်လိုက်ရတာ၊ ဒီရောက်မှသက်ပြင်းချနိုင်တော့တယ်''

ဘာတွေလဲ။ ဘာဖြစ်ကြတာလဲ။ ပြောပြီးသားစကားတွေကို ဘာလို့ ထပ်ပြောနေကြတာလဲ။

ကျွန်တော်က ကျွန်တော့်ပတ်ဝန်းကျင်မှလူများကို နားမလည်နိုင်အောင်ဖြစ်ရင်း ဇဝေဇဝါငေးကြည့်နေမိသည်။ သူတို့ပြောဆိုလုပ်ကိုင်နေကြပုံများက လုပ်ပြီးသား၊ ဖြစ်ပြီးသား ဖြစ်ရပ်တစ်ခုကို ပြန်ပြီး သရုပ်ဆောင်နေကြသလိုပါလား။

ကျွန်တော်က တစ်စုံတစ်ခုမေးမြန်းရန် စိတ်ကူးဆဲမှာပင်... ဆရာဝန်ထိုးပေးသွားသော ဆေးအရှိန်ကြောင့်ထင်သည်၊ ကျွန်တော်သည် မှေးကနဲအိပ်ပျော်သွားပြန်လေ၏။

♛♛♛♛♛

( ၄ )

ညနေပိုင်းတွင် ကျွန်တော်ဆေးရုံမှဆင်းခဲ့ရပါသည်။

မိုးကြိုးစက်ကွင်းမိလိုက်၍ ကျွန်တော်ဘာမှဖြစ်မသွားပါ။ ဆရာဝန်ကိုယ်တိုင်ကလည်း ''ဘာမှမဖြစ်ပါ၊ စိုးရိမ်စရာမရှိပါ''–ဟု အတည်ပြုပြောကြားလိုက်ပြီးဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်လည်း ဘယ်လိုမှ မခံစားရပါ။ စက်ကွင်းမိသည့်အတွက် ကျွန်တော့်ခန္ဓာကိုယ်မှာ ဘာမှဖြစ်မသွားသလို ကျွန်တော့်စိတ်များလည်း ကြည်လင်နေခဲ့သည်။

မိုးကြိုးစက်ကွင်းမိ၍ ၁၈နာရီကြာ သတိလစ်မေ့မြောသွားသော်လည်း ကျွန်တော်ဘာမှမဖြစ်။

**ဘာမှမဖြစ်ဆိုတာ... တကယ်ပဲလား။**

ဆေးရုံမှဆင်းပြီးနောက်တွင် ကြုံတွေ့လာရသောအဖြစ်များက ကျွန်တော့်ကိုရော ကျွန်တော့်အသိုင်းအဝိုင်းတစ်ခုလုံးကိုပါ ပဟေဠိဖြစ်စေခဲ့ပါသည်။

**တကယ်တော့ မိုးကြိုးစက်ကွင်းမိလိုက်သည့်အတွက် ကျွန်တော် တစ်ခုခုတော့ အမှန်ဖြစ်ခဲ့ပါသည်။**

အချိန်ကာလကြာလာသည်နှင့်အမျှ... ကျွန်တော်ဘာဖြစ်သွားတယ်ဆိုတာ ပေါ်လွင်လာခဲ့ပါလေသည်။

\+ + + + +

အိမ်ပြန်ရောက်တော့ ကျွန်တော့်စိတ်ထဲမှာ ဆေးရုံမှာတုန်းက နှစ်ကြိမ်၊ နှစ်ကြိမ်ဖြစ်ပျက်ခဲ့သည့်အဖြစ်များကို ပြန်တွေးကာ ဇဝေဇဝါ ဖြစ်နေရလေသည်။

ကျွန်တော်သတိရပြီးဖြစ်ပါလျှက် နောက်တစ်ကြိမ် အိပ်ရာက နိုးလာတော့ အခုမှသတိရလာသယောင် အားလုံးက ပြောဆိုနေကြသည်။ ဆရာဝန်ကလည်း နောက်တစ်ကြိမ်ထပ်ရောက်လာကာ ဆေးကိုလည်း နောက်တစ်ခေါက်ထပ်ထိုးပေးသွားခဲ့၏။

မေမေကလည်း ရန်ကုန်ကရောက်ရောက်ချင်း ဆေးရုံအထိတန်းလိုက်လာကာ အလွမ်းသယ်ပြီးဖြစ်ပါလျှက် နောက်တစ်ခါထပ်ပြီး ကျွန်တော့်သတင်းကိုမေးမြန်းနေခဲ့ပြန်သည်။

www.burmeseclassic.com

နှစ်ကြိမ်ထပ်ပြီးဖြစ်ခဲ့သည့်အဖြစ်များကို ကျွန်တော်က နားမလည်နိုင်ပဲ အပြန်ပြန်အလှန်လှန်စဉ်းစားနေခဲ့၏။

ထိုအကြောင်းတွေကိုပြန်မေးဖို့စိတ်ကူးသော်လည်း အိမ်ရောက်သည်နှင့် ကျွန်တော့်ကို ဘယ်သူကမှ ဂရုမစိုက်ကြတော့ပေ။ ကျွန်တော့်ကို လူကောင်းပကတိပြန်ဖြစ်ပြီဟု စိတ်ချကာ သူတို့လုပ်စရာရှိတာတွေ ဆက်လုပ်နေကြလေသည်။

ကိုထွန့်ရှိကလည်း အပြင်ထွက်သွားသည်။ ကျွန်တော့်ကို နေကောင်းခါစမို့ အပြင်ကိုမခေါ်ပဲ ထွက်သွားခဲ့သည်။

ကျွန်တော့်အတွက်စိုးရိမ်ကြီးစွာ မိရာလေယာဉ်ဖြင့်ရန်ကုန်မှလိုက်လာခဲ့သောမေမေသည်လည်း ဘဘ၊ကြီးကြီးတို့နှင့် ရန်ကုန်အိမ်အကြောင်း၊ ဆွေမျိုးများအကြောင်း ပြောကြဆိုကြကာ ရေပက်မဝင်တော့ပေ။

ကျွန်တော်မေးမြန်းရန် အခွင့်မသာတော့ပါ။

သည်လိုနှင့်... ညပိုင်းတွင် ကျွန်တော်လည်း ခပ်စောစောပင် အိပ်ပျော်သွားခဲ့လေ၏။

\+ + + + +

နောက်တစ်နေ့မနက် အိပ်ရာကနိုးတော့ ၈နာရီထိုးနေပြီ။

ကျွန်တော်သည် မျက်နှာသစ်၊ သွားတိုက်ပြီး ဧည့်ခန်းထဲထွက်လာခဲ့သည်။

ဧည့်ခန်းထဲမှာ ဘယ်သူမှမရှိ။

မီးဖိုခန်းထဲတွင်ချက်ပြုတ်နေသော ကြီးကြီးဒေါ်ခင်မြင့်ကြည်က ကျွန်တော့်ကိုမြင်လိုက်ကာ အော်ပြောလိုက်သည်။

''လင်းထည်ဝါ... နိုးပြီလား။ ဒီမှာ ထမင်းကြော်နဲ့ကော်ဖီ လာသောက်လှည့်လေ''

''ဟုတ်ကဲ့ကြီးကြီး''

''ကိုထွန့်ရှိတော့ မင်းအမေကိုဘုရားကြီးလိုက်ပို့တယ်၊ အစောကြီး ထွက်သွားကြလေရဲ့''

ကျွန်တော်က ထမင်းကြော်သွားမစားသေးပဲ အသင့်ရောက်နေသည့် ရတနာပုံသတင်းစာကိုဖတ်ရန် ဆက်တီမှာ ဝင်ထိုင်လိုက်သည်။

သတင်းစာကိုကောက်ကိုင်လိုက်စဉ်...

အိမ်ဝင်းထဲသို့ဆိုင်ကယ်တစ်စီး မောင်းဝင်လာသံကို ကြားလိုက်ရလေသည်။ လှမ်းကြည့်လိုက်တော့... ကိုထွန့်ရှိသူငယ်ချင်း ကိုရဲနိုင်ဖြစ်နေသည်။

''ဟေး– ကိုလင်း။ ကိုထွန့်ရှိကြီးရောကွ''

ကိုရဲနိုင်က အော်မေးရင်း အိမ်ထဲဝင်လာ၏။

''ကိုထွန့်ရှိ ကျွန်တော့်အမေကို ဘုရားကြီးလိုက်ပို့နေတယ် ကိုရဲနိုင်''

''ဟုတ်လား။ ငါဖိတ်စာလာပို့တာကွ၊ မင်းကိုပဲ ပေးထားခဲ့တော့မယ်ကိုလင်းရေ''

''ဘာဖိတ်စာလဲဗျ ကိုရဲနိုင်ရ''

''မင်္ဂလာဆောင်ဖိတ်စာလေ၊ ငါ့အစ်မမင်္ဂလာဆောင်ဖိတ်စာကွ''

ကိုရဲနိုင်က ဖိတ်စာကို ကျွန်တော်လက်ထဲလှမ်းပေးလိုက်ရာ ကျွန်တော်က စာအိတ်ကိုဖွင့်ပြီးဖတ်ကြည့်လိုက်သည်။

မောင်သန်းဇော်နှင့်မကြည်ကြည်နိုင်တို့၏ မင်္ဂလာဧည့်ခံပွဲ ဖိတ်ကြားစာ။

ထိုစဉ်မှာပင်... ကိုထွန့်ရှိနှင့်မေမေပြန်ရောက်လာလေသည်။

ကိုထွန့်ရှိက ဆိုင်ကယ်ပေါ်မှဆင်းကာ သူ့သူငယ်ချင်း ကိုရဲနိုင်ကို မေးလိုက်သည်။

''ဟေ့ကောင်၊ ရဲကြီး။ ဘာလဲကွ''

''ဖိတ်စာလာပေးတာ၊ မင်္ဂလာဆောင်ဖိတ်စာ''

''ဟေ– ဘယ်သူ့မင်္ဂလာဆောင်လဲ၊ မင်း မင်္ဂလာဆောင်တော့ မဖြစ်နိုင်ပါဘူး''

''ငါ့အစ်မမင်္ဂလာဆောင်ကွ''

''ဟင်း– အစ်မမင်္ဂလာဆောင်မှာကို မင်းကိုယ်တိုင်ဖိတ်စာတွေ လိုက်ပေးနေတယ်၊ မရှက်ဘူးလားကွာ''

''မရှက်ပါဘူးကွာ၊ ငါ့ယောက်ဖက ငါတို့ကိုတကယ်အကျိုးပြု တဲ့ယောက်ဖကွ၊ အဲဒီတော့ ငါကလည်း အကျိုးဆောင်ပေးရတာပေါ့''

''ဟား... ဟား... ဟား... ဟား...''

ကျွန်တော်ပါဝိုင်း၍ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က ဖိတ်စာကို ကိုထွဋ်ရှလက်ထဲ ကမ်းပေးလိုက်၏။

''ငါ ဖိတ်စာတွေလိုက်ဝေလိုက်ဦးမယ်ကွာ၊ သွားပြီ''

ကိုရဲနိုင်က နှုတ်ဆက်ပြီးပြန်သွားသည်။

ကျွန်တော်က သတင်းစာဖတ်ရန် ကုလားထိုင်တွင်ပြန်ထိုင်လိုက်သည်။

သတင်းစာဖတ်နေစဉ် မီးဖိုခန်းထဲမှ ကြီးကြီးအော်ပြောသံထွက်လာ၏။

''လင်းထည်ဝါ၊ ထမင်းကြော်တွေလာစားတော့လေ၊ အေးကုန်တော့မယ်''

ကြီးကြီးအသံကြောင့် သတင်းစာဖတ်ရင်း ငိုက်သလိုဖြစ်နေရာမှ ဆတ်ကနဲဖြစ်သွား၏။

''ဟုတ်ကဲ့ပါကြီးကြီး''

ကျွန်တော်က ထမင်းစားခန်းထဲသွားရန် သတင်းစာကို စားပွဲပေါ်ပြန်တင်လိုက်သည်။

ထိုစဉ်... ခြံထဲသို့ ဆိုင်ကယ်တစ်စီးမောင်းဝင်လာသံ ကြားလိုက်ရ၏။

ကျွန်တော်လှည့်ကြည့်လိုက်တော့ကိုရဲနိုင်ပင်ဖြစ်နေသည်။ ဖိတ်စာများထည့်သောကျွတ်ကျွတ်အိတ်ကိုကိုင်ရင်း ဆိုင်ကယ်ပေါ်မှဆင်းလာသည်။

အခုနကပဲ ဖိတ်စာလာပေးသွားတယ်။ ဘာဖြစ်လို့ပြန်လာတာပါလိမ့်။

''ဟေး– ကိုလင်း။ ကိုထွဋ်ရှကြီးရောကွ''

''ခုနပဲ ဘုရားကြီးကပြန်လာတာလေ၊ အခန်းထဲဝင်သွားသလား၊ အိမ်သာထဲမှာလား မသိဘူး''

''ဟုတ်လား၊ ငါဖိတ်စာလာပို့တာကွ၊ မင်းကိုပဲ ပေးထားခဲ့တော့မယ်ကိုလင်းရေ''

ဖိတ်စာက အခုနက ပေးပြီးသားပဲ။ ဘာလို့နောက်တစ်ခေါက် ပြန်လာပေးတာလဲ။

''ဖိတ်စာ၊ ခင်ဗျားအစ်မမင်္ဂလာဆောင်ဖိတ်စာမို့လား''

''ဟုတ်တယ်လေ၊ ရော့...''

ကိုရဲနိုင်က ဖိတ်စာကို ကျွန်တော်လက်ထဲလှမ်းပေးလိုက်ရာ ကျွန်တော်က စာအိတ်ကိုဖွင့်ပြီးဖတ်ကြည့်လိုက်သည်။

မောင်သန်းဇော်နှင့်မကြည်ကြည်နိုင်တို့၏ မင်္ဂလာညစာစားပွဲ ဖိတ်ကြားစာ။ ဒီဖိတ်စာကို အခုလေးတင်ပဲ တစ်စောင်ပေးခဲ့သည်။ ယခု နောက်တစ်စောင်ထပ်ပေးနေပြန်သည်။ ဘယ်လိုလဲ။

ကျွန်တော်တွေးနေဆဲမှာပင်... အိမ်ဝင်းထဲသို့ ဆိုင်ကယ်တစ်စီး မောင်းဝင်လာသံကြား၍ လှမ်းကြည့်လိုက်ရာ ကိုထွဋ်ရှနှင့်မမေဖြစ်နေလေသည်။

ကိုထွဋ်ရှက ဆိုင်ကယ်ပေါ်မှဆင်းကာ သူ့သူငယ်ချင်း ကိုရဲနိုင်ကို မေးလိုက်သည်။

''ဟော့ကောင်၊ ရဲကြီး၊ ဘာလဲကွ''

''ဖိတ်စာလာပေးတာ၊ မင်္ဂလာဆောင်ဖိတ်စာ''

''ဟော– ဘယ်သူ့မင်္ဂလာဆောင်လဲ၊ မင်း မင်္ဂလာဆောင်တော့ မဖြစ်နိုင်ပါဘူး''

''ငါ့အစ်မမင်္ဂလာဆောင်ကွ''

''ဟင်း– အစ်မမင်္ဂလာဆောင်မှာကို မင်းကိုယ်တိုင်ဖိတ်စာတွေ လိုက်ပေးနေတယ်၊ မရှက်ဘူးလားကွာ''

''မရှက်ပါဘူးကွာ၊ ငါ့ယောက်ဖက ငါတို့ကိုတကယ်အကျိုးပြု တဲ့ယောက်ဖကွ၊ အဲဒီတော့ ငါကလည်း အကျိုးဆောင်ပေးရတာပေါ့''

''ဟား... ဟား... ဟား... ဟား...''

ကိုထွဋ်ရှနှင့်ကိုရဲနိုင် အားပါးတရရယ်မောနေကြသော်လည်း ကျွန်တော်လိုက်မရယ်မိချေ။

ဒီဟာသကို အခုနလေးတွင်ပဲ ရယ်မောခဲ့ကြပြီးပြီမဟုတ်ပါလား။

ကိုရဲနိုင်ကလည်း ဖိတ်စာကိုနှစ်ခါလာပေးသည်။ ကိုထွဋ်ရှနဲ့ မမေကလည်း ဘုရားကြီးက နှစ်ခါပြန်လာသည်။ ပြီးတော့... ကိုထွဋ်ရှတို့ နှစ်ယောက် ပြောပြီးသားဟာသကို နောက်တစ်ခါပြန်ပြောပြီး ထပ်ရယ်နေကြသည်။

ဘာတွေဖြစ်ကုန်ပြီလဲ၊ ဟုတ်မှဟုတ်သေးရဲ့လား။

ကျွန်တော်သည် ဧည့်ခန်းဆက်တီပေါ်တွင် စိတ်ပျက်လက်ပျက် ပြန်ထိုင်ချလိုက်သည်။ သူတို့တွေပဲ ရူးနေသလား၊ ကျွန်တော်ပဲ ရူးသလား။

''လင်းထည်ဝါ၊ အခုထိ ထမင်းကြော်လာမစားသေးပါလားဟဲ့၊ အေးကုန်ပါ့မယ်ဆို''

www.burmeseclassic.com

www.burmeseclassic.com


ကြီးကြီးအသံက နောက်တစ်ခါထွက်လာပြန်၏။

ဒါရော... ပြောပြီးသားစကားကိုပြန်ပြောတာဖြစ်နေဦးမှာလား။

ကျွန်တော်က ထမင်းစားခန်းထဲကိုအမြန်ထသွားကာ စားပွဲပေါ်ကိုကြည့်လိုက်သည်။

ကျွန်တော့်အတွက်ပြင်ပေးထားသော ထမင်းကြော်ပန်းကန်နှင့် ကော်ဖီခွက်ကို မြင်လိုက်ရ၏။ နှစ်ခုစလုံးအရာမယွင်းသေး။ ထမင်းကြော်နှင့်ကော်ဖီကို ကျွန်တော် မစားရ မသောက်ရသေးတာတော့ အမှန်ပင်။

"ကြီးကြီး၊ ကျွန်တော်ထမင်းကြော် တကယ်မစားရသေးတာနော်"

"အေးလေ... အဲဒီမှာပြင်ပြီးသား၊ မင်းအိပ်ရာထနောက်ကျလို့ အေးကုန်မစိုးလို့ ခဏခဏပြောနေရတာ"

"ကြီးကြီး ကျွန်တော့်ကို ထမင်းကြော်နှစ်ခါထပ်ကျွေးတာတော့ မဟုတ်ပါဘူးနော်၊ ကျွန်တော် တကယ်မစားရသေးတာမဟုတ်လား"

ကြီးကြီးနှင့်မေမေက ကျွန်တော့်ကို အံ့သြစွာပြိုင်တူကြည့်လိုက်ကြသည်။

ပြီးတော့... သူတို့နှစ်ယောက်နှုတ်မှ မေးခွန်းတစ်ခု ပြိုင်တူထွက် ပေါ်လာလေ၏။

"ဟင်– မင်းဘာဖြစ်နေတာလဲ လင်းထည်ဝါ"

♛♛♛♛♛

( ၅ )

ထမင်းကြော်စား၊ ကော်ဖီသောက်အပြီးတွင် ဧည့်ခန်းထဲကို ကျွန်တော်ပြန်ထွက်လာခဲ့သည်။

ဖတ်လက်စ ရတနာပုံသတင်းစာကို ဆက်ဖတ်နေလိုက်သည်။

ကျွန်တော်ထိုင်နေသည့်ကုလားထိုင်မှာ အိမ်အတွင်းဖက်သို့ ဘေးစောင်းတိုက်လှည့်ထားသဖြင့် အိမ်အပေါ်ထပ်သို့တက်သောလှေကားကြီးနှင့် တည့်တည့်ဖြစ်နေပါသည်။

ကျွန်တော်က သတင်းတစ်ပုဒ်ဖတ်အပြီး ခေါင်းမော့ကြည့်လိုက်ရာ လှေကားထိပ်မှ ဆင်းလာနေသော အိမ်ဖော်မလေးကိုမြင်လိုက်ရသည်။ မအေးဆိုသော အိမ်ဖော်မလေးက ခြင်ထောင်ကြီးတစ်လုံးကို လက်နှစ်ဖက်ဖြင့်ပိုက်ကာ အပေါ်ထပ်မှဆင်းလာနေခြင်းဖြစ်သည်။ ခြင်ထောင် ဖွတ်ရန် ဖြုတ်ယူလာခြင်းဖြစ်လိမ့်မည်။

ခြင်ထောင်အစွန်းတစ်ဖက်မှ ကြိုးစက တန်းလန်းကြီးကျနေသည်။ ကျနေသောကြိုးစက မအေး၏ခြေထောက်အောက်အထိရောက်နေသည်။ မအေးလှေကားတစ်ထစ်ချင်းဆင်းချလာတိုင်း ကြိုးစက လှေကားထစ်ပေါ်တွင် ဒရွတ်ဆွဲ၍ ပါလာလေသည်။ မတော်တဆ... ထိုကြိုးစကို ခြေထောက်ဖြင့်နင်းမိပါက မအေး လှေကားပေါ်မှချော်ကျသွားနိုင်ပါသည်။

ကျွန်တော်က မအေးကိုသတိပေးဖို့ ပြင်လိုက်သည်။

သို့သော်... ကျွန်တော်အော်မပြောမီမှာပင် မအေးသည် ကြိုးစကိုနင်းမိကာ လက်ထဲမှ ခြင်ထောင်အထွေးကြီး ပြုတ်ကျသွားသည်။ လူကလည်း လှေကားပေါ်မှ ဒလိမ့်ခေါက်ကွေးကျလာလေ၏။ အောက်ဆုံးအထစ်အရောက်တွင် လှေကားလက်ရမ်းတိုင်နှင့်ရိုက်မိပြီး ခေါင်းမှသွေးများ စီးကျလာလေသည်။

ကျွန်တော်က မအေးကိုကူညီရန် သတင်းစာကို စားပွဲပေါ်ပစ်တင်လိုက်ပြီး... ကုလားထိုင်ပေါ်မှထလိုက်၏။

သို့သော်... လှေကားပေါ်မှလိမ့်ကျပြီး လှေကားရင်းတွင်လဲနေသော မအေးပုံရိပ်သည် ကျွန်တော့်မြင်ကွင်းမှဖြတ်ကနဲပျောက်သွားလေသည်။

ကျွန်တော်သည် ကုလားထိုင်မှထရက်တန်းလန်းမှ အူကြောင်ကြောင်ဖြစ်သွားလေသည်။

မအေးဘယ်ရောက်သွားသလဲ။ သည်လိုဆိုလျှင် ခြင်ထောင်ကြီးပိုက်ပြီး မအေး လှေကားပေါ်ကဆင်းလာတာ တကယ်မဟုတ်ဘူးပေါ့။ ကျွန်တော့်စိတ်ထဲမှာ ထင်နေမြင်နေခြင်းသာဖြစ်လေသည်။

သို့သော်...

ကျွန်တော်ဇဝေဇဝါအတွေးဖြင့် ငေးကြောင်ရပ်နေဆဲတွင်...

မအေးသည် ခြင်ထောင်ကြီးကိုပိုက်ကာ လှေကားပေါ်မှဆင်း ချလာလေသည်။ မအေးက အခုမှ အိမ်ပေါ်ကဆင်းလာတာလား။ မအေး အိမ်ပေါ်ကဆင်းလာသည့်မြင်ကွင်းကို ကျွန်တော်က ကြိုမြင်နေခြင်းသာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု… မအေး လေ့ကားပေါ်မှတကယ်ဆင်းလာနေပုံက အခုနက ကျွန်တော်မြင်ခဲ့သည့်မြင်ကွင်းနှင့်တစ်ထပ်တည်း။ ခြင်ထောင်ကြိုးစ တစ်ဖက်ကလည်း ကြမ်းပြင်မှာဒယဉ့်တိုက်၍ ပါလာသည်။

ဒီပုံအတိုင်းဆိုလျှင် ကျွန်တော့်စိတ်ကူးထဲမှာမြင်ထားတဲ့အတိုင်း ဒီကောင်မလေး ကြိုးစကိုတက်နင်းမိကာ လှေကားပေါ်မှလိမ့်ကျတော့မည်။

ကျွန်တော်က မအေးကို အော်ပြောရင်း သတိပေးလိုက်သည်။

''ဟေ့– မအေး၊ ခြင်ထောင်ကြိုးစကြီးက တန်းလန်းကြီး ကျနေတယ်၊ ကြိုးကိုတက်နင်းမိရင် နင်လှေကားပေါ်ကပြုတ်ကျလိမ့်မယ်နော်၊ သတိထားဦး''

ကျွန်တော်လှမ်းသတိပေးလိုက်ချိန်တွင် မအေးက ကျွန်တော့် စိတ်ကူးထဲတွင် လိမ့်ကျခဲ့သောလှေကားထစ်ဆီသို့ ရောက်နေပြီဖြစ်သည်။

ကျွန်တော့်အသံကြား၍ မအေးက ကျွန်တော့်ကိုလှမ်းကြည့်လိုက်သည်။ သို့သော်… ရပ်မနေပဲ လှေကားပေါ်မှ ဆက်ဆင်းလိုက်သည်။ ကြိုးစကို တက်နင်းမိလိုက်သည်။ ကျွန်တော့်စိတ်ကူးထဲမှာမြင်ထားသည့်ပုံစံအတိုင်းပင်… မအေး လှေကားပေါ်မှလိမ့်ကျလာသည်။

ကျွန်တော်က လှေကားဆီပြေးသွားလိုက်၏။

လှေကားဆီကျွန်တော်အရောက်… မအေးလည်း အောက်ဆုံးထစ်အထိအရောက်…

ကျွန်တော်က မအေးပခုံးကိုဆီးပွေ့ထားလိုက်ရလေသည်။

''တော်ပါသေးရဲ့၊ အစ်ကိုလေးဆွဲတာမြန်လို့၊ နို့မို့… ကျွန်မ တိုင်နဲ့ခေါင်းနဲ့ဆောင့်မိမှာ''

မှန်ပါသည်။ ကျွန်တော်ဆီးပွေ့ထားလိုက်၍ မအေး လှေကားလက်ရမ်းနှင့် မဆောင့်မိလိုက်ပါ။ ခေါင်းမှလည်း သွေးမထွက်လိုက်ပါ။ ကျွန်တော်ကြိုမြင်ခဲ့သောဖြစ်ရပ်သည် နောက်ပိုင်းနားတွင် လွဲသွားလေသည်။ လွဲသွားခြင်းကလည်း ကျွန်တော်ကူညီလိုက်၍ သွေးထွက်သည်အထိ မဖြစ်လိုက်ခြင်းဖြစ်ပါသည်။

''ဟဲ့– ဟဲ့– ဘာဖြစ်ကြတာလဲ''

လှေကားပေါ်မှပြုတ်ကျသော ဒုန်းဒုန်းဒိုင်းဒိုင်းအသံများကြောင့် မေမေနှင့်ကြီးကြီးက မီးဖိုခန်းထဲမှပြေးထွက်လာကာ မေးလိုက်ခြင်းဖြစ်သည်။

''မအေး ခြင်ထောင်ကြိုးစကိုတက်နင်းမိပြီး လှေကားပေါ်က ကျတာပါကြီးကြီး''

''ဒီကောင်မလေးဟာလေ၊ နမော်နမဲ့နဲ့''

ကျွန်တော်ဆက်ကြည့်မနေတော့ပါ။

အခန်းထဲသို့ဝင်လာလိုက်သည်။

ကုတင်ပေါ်ပစ်လှဲလိုက်ကာ ကျွန်တော့်ကိုယ်ကျွန်တော် ဘာတွေဖြစ်နေလဲဆိုတာ တွေးနေမိတော့သည်။

\+ + + + +

ဖြစ်ပျက်ပုံက တော်တော်တော့ ရှင်းသွားပါပြီ။

ဆေးရုံမှာ သတိပြန်လည်လာစဉ်က ကျွန်တော့်ကို သတိရခါစ လူတစ်ယောက်လို နှစ်ကြိမ်နှစ်ခါဆက်ဆံခဲ့သည်ဟု ထင်ခဲ့မိသည်။

မနက်က… ကိုရဲနိုင်ဖိတ်စာလာပေးစဉ်ကလည်း ဖိတ်စာကို နှစ်ခေါက်ပြန်လာပေးသည်ဟု ကျွန်တော်ကထင်ခဲ့သည်။

မအေးရဲ့ဖြစ်ရပ်ကို လက်တွေ့ကြုံလိုက်မှ ကျွန်တော် ရှင်းရှင်းလင်းလင်းနားလည်သွားတော့သည်။

**ပထမအဖြစ်အပျက်သည် တကယ်မဟုတ်။ ကျွန်တော့်စိတ်ထဲမှာ ထင်ယောင်မြင်ယောင်ဖြစ်ခြင်းသာ။**

**ဒုတိယအဖြစ်ကမှ… တကယ့်အဖြစ်အပျက်။**

**ကျွန်တော်သည် တချို့သောဖြစ်ရပ်များကို မဖြစ်ခင် ကြို၍မြင်… ကြို၍ကြား… ကြို၍သိ…နေခြင်းပါတကား။**

♛♛♛♛♛

www.burmeseclassic.com

( ၆ )

''သားရေ... လင်းထည်ဝါ''

''ဗျာ– မေမေ''

မေမေ့ခေါ်သံကြား၍ အခန်းထဲမှထွက်လာခဲ့သည်။

''သား... မေမေတို့မနက်ဖန်ရန်ကုန်ပြန်ကြရအောင်၊ ရထားနဲ့ ပြန်မလား၊ ကားနဲ့ပြန်မလား''

''ဘာလဲမေမေ၊ သားပါပြန်လိုက်ရမယ်လို့ပြောတာလား''

''အေးပေါ့၊ ပြန်လိုက်ခဲ့တော့လေ၊ သင်္ကြန်ပြီးပြီပဲဟာကို။ မင်း မန္တလေးသင်္ကြန်ကိုလာချင်တာမဟုတ်လား''

''ဟာ... မေမေ၊ သားမပြန်ချင်သေးဘူး။ သားလာတာ တစ်လ တောင်မပြည့်သေးဘူးလေ၊ သား မန္တလေးမှာနေချင်သေးတယ်''

''မင်းအဖေက တစ်နေ့ကဖြစ်တဲ့ကိစ္စကြောင့် မင်းကိုစိတ်မချဘူး။ ပြန်လိုက်ခဲ့တော့သားရယ်''

''မေမေကလည်း၊ တစ်နေ့ကဖြစ်တာ သားအပြစ်ဘာပါလို့လဲ၊ သူ့ဟာသူ မိုးကြိုးပစ်တဲ့နေရာရောက်သွားလို့ စက်ကွင်းမိတာပဲ၊ ဘာမှလည်းဖြစ်သွားတာမဟုတ်ဘူး၊ သား မန္တလေးမှာ ဆိုင်ကယ်မှောက်တာ လည်းမဟုတ်ဘူး၊ ရန်ဖြစ်တာလဲမဟုတ်ဘူး၊ သားဟာသား အေးအေးဆေးဆေးနေနေတာပဲ၊ ပြန်မလိုက်ချင်သေးဘူးမေမေရာ''

''မင်းအဖေက ပြန်ခေါ်ခဲ့ဖို့ပြောနေတာသားရဲ့''

''ဟာ... မေမေရာ''

''ဒီသားအမိ ဘာတွေငြင်းခုန်နေကြတာလဲ''

ကျွန်တော်နှင့်မေမေစကားပြောနေစဉ် ဘဘဦးဝင်းမောင်က အလုပ်သွားရန်အိမ်ပေါ်ထပ်ကဆင်းလာရင်း မေးလိုက်ခြင်းဖြစ်သည်။

''ညီမလေးတို့ နက်ဖန်ပြန်မလို့ကိုကို''

''အဲဒါ... သားကို ရန်ကုန်ပြန်လိုက်ခဲ့ရမယ်လို့ ခေါ်နေတာ ဘဘ၊ သားကပြန်မလိုက်ချင်သေးဘူး။ ဟာ... မေမေ၊ ဘဘက သား ကို ယာဉ်မောင်းလိုင်စင်လုပ်ပေးဖို့ စီစဉ်ထားတာမေမေရဲ့ ဟုတ်တယ် နော်... ဘဘ၊ သားကို ကားပါတစ်ခါတည်းမောင်းနိုင်အောင် ကားမောင်းသင်ပေးပြီး အမောင်းလိုင်စင်လုပ်ပေးမလို့တဲ့မေမေ၊ အခု သားဆိုင်ကယ် မောင်းတာတောင် မော်တော်ပီကယ်မရှိတဲ့လမ်းကို ရွေးမောင်းနေရတာ မေမေရဲ့ ဟုတ်တယ်နော်ဘဘ... သားကို ယာဉ်မောင်းလိုင်စင်လုပ်ပေး မလို့ မဟုတ်လား''

''ဟုတ်တယ်လင်းလင်း။ ဒီမှာက ငါ့ကားရှိနေတော့ တစ်ခါ တည်းအမောင်းသင်ပေးပြီး လုပ်လိုက်တာ အဆင်ပြေတာပေါ့၊ ရန်ကုန် မှာဆို ယာဉ်မောင်းလိုင်စင်ရဖို့ သင်တန်းတက်ခိုင်းဦး... ဘာဦးနဲ့ အလုပ် ရှုပ်မယ်မဟုတ်လား။ သူနေချင် နေပါစေဦး''

ဘဘထောက်ခံလိုက်၍ ကျွန်တော်ပျော်သွားသည်။

''ကဲ– မေမေ၊ သားနေခဲ့မယ်နော်''

''ဒါဖြင့်... နင့်အဖေဆီ နင်ကိုယ်တိုင်ဖုန်းဆက်ပြောလိုက်ဦး၊ မေမေတော့ မနက်ဖန်ပြန်မှဖြစ်မယ်၊ မေမေ့ကို ရထားလက်မှတ်ဖြစ်ဖြစ်၊ ကားလက်မှတ်ဖြစ်ဖြစ် ကိုထွဋ်နဲ့သွားဝယ်ပေးဦး''

''ရထားလက်မှတ်က သုံးရက်ကြိုလုပ်မှသေချာတာ၊ ကားလက် မှတ်ပဲ နင်ရနိုင်တော့မယ်၊ ကားလက်မှတ်သာ သွားဖြတ်ပေးလိုက်ပါကွာ''

ဘဘက အားလုံးစီစဉ်ပေးပြီး သူ့ရုံးကိုထွက်သွားလေသည်။

''ကိုထွဋ်ရေ ကိုထွဋ် ကျွန်တော်တို့ မေမေပြန်ဖို့ ကားလက်မှတ် သွားဝယ်ရအောင်''

♛♛♛♛♛

www.burmeseclassic.com

( ၇ )

ကျွန်တော်နှင့်ကိုထွန်း မေမေရန်ကုန်ပြန်ဖို့ကားလက်မှတ်ဝယ်ရန် ဆိုင်ကယ်ဖြင့်ထွက်ခဲ့ကြသည်။ ဆိုင်ကယ်ကို ကိုထွန်းကမောင်း၍ ကျွန်တော်က နောက်မှထိုင်လိုက်ခဲ့ပါသည်။

ကျုံးနဘေး ၂၆ဘီလမ်းအတိုင်း အရှေ့မှအနောက်သို့မောင်းလာရာ... ၇၈လမ်းထိပ်တွင် မီးပွိုင့်မိပါသည်။ မီးနီနှင့်တိုးလိုက်၍ ကိုထွန်းက ဘရိတ်ကိုမေးကာ ဆိုင်ကယ်ကိုရပ်လိုက်သည်။

ကျွန်တော်တို့နှင့်မျက်နှာချင်းဆိုင် အနောက်မှအရှေ့သို့မောင်းလာသောယာဉ်ကြောမှ ပတ်ပလစ်ကာကားအဖြူလေးတစ်စီးသည် မီးနီမိသော်လည်း မရပ်ပဲ အမြန်ဆက်မောင်းလာသည်။ ယာဉ်ကြောဖွင့်ပေးလိုက်၍ တောင်ဖက်မှကွေ့ဝင်လာသောကားတစ်စီးနှင့် တိုက်မိမလို ဖြစ်သွားသည်။

ယာဉ်ထိန်းရဲက ပတ်ပလစ်ကာအဖြူလေးကို တစ်ဖက်လမ်း ထိပ်မှနေ၍ ဝီစီမှုတ်ပြီး တားလိုက်သည်။ ကားဖြူလေး လမ်းဘေးတွင် ရပ်ပေးလိုက်ရာ... မော်တော်ပီကယ်က လိုင်စင်တောင်းစစ်နေသည်ကိုတွေ့နေရ၏။ ကျွန်တော်က ပတ်ပလစ်ကာကားလေး အရေးယူခံရသည်ကို စိတ်ဝင်တစားငေးကြည့်နေမိသည်။ ကျွန်တော်ကြည့်နေစဉ်မှာပင် ထိုမြင်ကွင်းမှာ ဖြတ်ကနဲပျောက်သွားလေ၏။

ထိုနေရာတွင် ကားလည်းမရှိ။ ယာဉ်ထိန်းရဲလည်းမရှိ။ ဟာလာဟင်းလင်း။

ဖြစ်ပြန်ပြီ။ ကျွန်တော်သည် မကြာခင်ဖြစ်လာမည့်အဖြစ်တစ်ခုကို ကြို၍မြင်လိုက်ရပြန်ပါပကော။

အခုတော့... ရှေ့ဖြစ်ရမည့်ဖြစ်ရပ်ကို ကြိုကြိုမြင်နေရသော ကျွန်တော့်အဖြစ်ကို နားလည်သွားပါပြီ။ တကယ်တန်းကျတော့... မီးပွိုင့်တွင် မည်သည့်ကားမှ ဖြတ်မောင်းမလာပါ။ ပတ်ပလစ်ကာကားအဖြူလေးလည်း ရှိမနေပါ။ **ကားဖြူလေးမီးပွိုင့်ကိုကျော်တက်လာ၍ အရေးယူခံရမည့် အဖြစ်သည် ယခုဖြစ်ပျက်သည်မဟုတ်။ ရှေ့လာမည့် အနာဂတ်ကာလမှာဖြစ်လာမည့် အဖြစ်တစ်ခုဖြစ်ပေလိမ့်မည်။**

ကျွန်တော်တို့ယာဉ်ကြောအတွက် မီးစိမ်းသွားပေပြီ။

ကိုထွန်းက ဆိုင်ကယ်ကိုမောင်းထွက်လိုက်သည်။

ကျွန်တော့်ရဲ့ ရှေ့ဖြစ်မယ့်အဖြစ်ကို ကြိုကြိုမြင်နေရသည့် အတွေ့အကြုံကို တစ်ယောက်ယောက်ကို ပြောပြရမလားဟု စဉ်းစားနေမိလေသည်။

\+ + + + +

မေမေ့အတွက် ကားလက်မှတ်ကို ရွှေဂုံမန္တလာကားဂိတ်မှ ဝယ်ခဲ့ပါသည်။ မနက်ဖန်... မေလ ၂ရက်နေ့ သောကြာနေ့၊ ညနေ၅နာရီတွင် ရန်ကုန်သို့ထွက်မည့် အဝေးပြေးကားလက်မှတ်ဖြစ်ပါသည်။ ကားဂိတ်က ကားလက်မှတ်ပေါ်တွင် ကားဂိတ်သို့အရောက်လာရမည့်အချိန်၊ စီးရမည့်ကား၏ ကားနံပါတ်များကိုပါ စုံလင်အောင်ရေးပေးလိုက်သည်။ ကားနံပါတ်က ၈ခ/၂၃(-)(-) ဖြစ်ပါသည်။

၃၂လမ်းအဝေးပြေးလက်မှတ်ရောင်းဂိတ်မှအပြန်တွင် ကိုထွန်းကလက်ဖက်ရည်သောက်ရန် လမ်း၈၀ပေါ်မှ ကလပ်စစ်လက်ဖက်ရည်ဆိုင်သို့ဝင်လိုက်၏။

ကျွန်တော်က ရှေ့အဖြစ်ကို ကြို၍မြင်နေရသော ကျွန်တော့်အတွေ့အကြုံကို ကိုထွန်းအား ပြောပြလိုက်သည်။ အတွေ့အကြုံလေးခု။ ဆေးရုံမှ အတွေ့အကြုံ၊ ကိုရဲနိုင်ဖိတ်စာလာပေးစဉ်အတွေ့အကြုံ၊ မအေးလေ့ကားပေါ်ကလိမ့်ကျသည့်အတွေ့အကြုံနှင့် ယခုနောက်ဆုံးမြင်ခဲ့ရသော မီးပွိုင့်တွင် ပတ်ပလစ်ကာကားလေး မီးနီကျော်တက်၍ အရေးယူခံရသောအတွေ့အကြုံများဖြစ်ပါသည်။

ရှေ့အဖြစ်အပျက်သုံးခုမှာ... ကြိုမြင်ပြီးမကြာခင် တကယ်ဖြစ်လာခဲ့သည်။ ပတ်ပလစ်ကာကား အရေးယူခံရတဲ့အဖြစ်ကတော့ လမ်းမပေါ်မှာ တွေ့ခဲ့တာမို့ တကယ်ဖြစ်မဖြစ် ကျွန်တော်မသိနိုင်ပါ။

ကျွန်တော်ပြောပြသည့်အကြောင်းများကိုနားထောင်ရင်း ကိုထွန်း အံ့သြနေလေသည်။

အံ့သြသော်လည်း... ကိုထွန်းသည် ယုံပုံမရပါ။

ကိုထွန်းက ကျွန်တော့်စကားအဆုံးတွင် ခေါင်းကိုခါရမ်းလိုက် သည်။

"မင်းတော့ ကြောင်သွားပြီလင်းထည်ဝါ"

"အင်းလေ... ကျွန်တော့်အတွေ့အကြုံက သက်သေပြလို့မှမရ တာ၊ မယုံလည်း မတတ်နိုင်ဘူးပေါ့"

"အကြားအမြင်ရတယ်ဆိုတာ တော်ရုံတန်ရုံလူတော်စင်တွေ တောင်မရဘူးကွ၊ အများကြီးကျင့်ကြံမှရတဲ့ တရားထူးမျိုးကို မင်းက အလွယ်တကူရနေတယ်ဆိုတော့ ယုံနိုင်စရာမှမရှိပဲ"

www.burmeseclassic.com

www.burmeseclassic.com


''ကျွန်တော့်ကိုယ်ကျွန်တော် အကြားအမြင်ရတယ်လို့ မပြောပါဘူးကိုထွဋ်ရ၊ ကျွန်တော်ပြောခဲ့တဲ့အဖြစ်သုံးခုကို တကယ်မဖြစ်ခင် ကြိုပြီး သိနေမြင်နေရတဲ့အကြောင်းကိုသာပြောတာပါ၊ လမ်းမှာတွေ့ခဲ့တဲ့ကားကို မော်တော်ပီကယ်အရေးယူတဲ့အဖြစ်ကတော့ ကြည့်နေရင်းက ပျောက်သွားတယ်၊ တကယ်ဖြစ်မဖြစ် မသိနိုင်ဘူးပေါ့''

''ကဲ– ဒါဖြင့်... အိမ်ပြန်ရောက်ရင် ငါဘာလုပ်မယ်ဆိုတာ ကြိုပြီးကြည့်လိုက်စမ်းကွာ''

''ဟာ... ကိုထွဋ်ရာ၊ ကျွန်တော်အဲဒီလို အကြာအမြင်ပေါက်တာလည်း မဟုတ်သေးပါဘူး။ အာရုံယူပြီး ကြိုကြည့်လို့ရရင် ကျွန်တော် ဆရာတစ်ဆူဖြစ်သွားမှာပေါ့၊ ခုဟာက ကျွန်တော့်ဟာကျွန်တော် နေရင်းထိုင်ရင်းက သူ့အလိုလိုမြင်လာရတာ၊ ကိုယ်မြင်ချင်တိုင်း မြင်လို့ရတာ မဟုတ်ဘူး၊ ကိုထွဋ်နောက်ဘ၅မိနစ်ကြာရင် ဘာဖြစ်မယ်ဆိုတာ ကျွန်တော် ဘယ်သိနိုင်မလဲ''

''အလကားပါကွာ၊ မင်း မြင်ချင်ရာမြင်နေတာပါ၊ တိုက်ဆိုင်သွားလို့ပါ''

ကိုထွဋ်က ဂျာနယ်လာရောင်းသောကောင်လေးဆီက အားကစားဂျာနယ်တစ်စောင်ကို ဝယ်ရင်းပြောလိုက်သည်။

ကျွန်တော့်စကားကိုစိတ်မဝင်စားတော့ပဲ ဂျာနယ်ကိုဖြန့်ဖတ်လိုက်သည်။

ကျွန်တော်လည်း အပေါ့အပါးသွားချင်သောကြောင့် ဆိုင်နောက်ဖေးဖက်သို့ ထွက်လာခဲ့လေ၏။

အပေါ့သွားပြီး ကျွန်တော်ပြန်အလာတွင် ကိုထွဋ်ရှေ့၌ သူ့သူငယ်ချင်းကိုဘိုဖြူရောက်နေသည်ကိုတွေ့လိုက်ရသည်။

သူတို့ပြောနေသောစကား တစ်စွန်းတစ်စကို ကျွန်တော်ကြားလိုက်ရ၏။

''ရဲနိုင်ကြီး မင်းဆီဖိတ်စာလာပေးသေးလား။ သူ့အစ်မ မင်္ဂလာဆောင်ဖိတ်စာ၊ တကယ်ဟုတ်တဲ့ကောင်ကွာ၊ အစ်မမင်္ဂလာဆောင်ဖိတ်စာကို ကိုယ်တိုင်လိုက်ဝေနေတယ်၊ ငါသာဆို မဝေပါဘူး''

''ငါ့ကိုတော့ ဒီယောက်ဖက သူ့ကိုအကျိုးပြုတဲ့ယောက်ဖလို့ ပြောသွားတယ်ကွ''

''အဲဒါတော့ ဟုတ်တယ်ဟ၊ သူ့ယောက်ဖက သူ့ကိုစက်ဘီး ပို့ပေးမှာလေ''

''ဩော်... ဒါ့ကြောင့်ကိုး''

''ဟား... ဟား... ဟား...''

ကျွန်တော်ကုလားထိုင်မှာဝင်ထိုင်ရင်း ကိုဘိုဖြူကိုနှုတ်ဆက်လိုက်သည်။

''ကိုဘိုဖြူ ဒီနေ့ဆိုင်မထွက်ဘူးလားဗျ''

ကိုဘိုဖြူသည် အိမ်သုံးဆေးမျိုးစုံရောင်းသောဆိုင်ကို ရဝလမ်းပေါ်တွင် အခန်းငှား၍ဖွင့်ထားသူဖြစ်၏။

''ငါ့အခန်းရှေ့မှာ လမ်းပြင်နေလို့ကွာ၊ လမ်းတစ်ဖြတ်လုံးကို ဟိုဖက်ထိပ် ဒီဖက်ထိပ်အသေပိတ်ပြီး ပြင်နေတာ၊ အဲဒါနဲ့ ငါလည်း ဆိုင်ပိတ်ထားလိုက်တယ်၊ ကိုထွဋ်ဆိုင်ကယ်မြင်လိုက်လို့ ဝင်လာတာ''

''ဩော်...''

''ကိုထွဋ်၊ အားကစားသတင်းဘာထူးလဲကွ၊ ဒီညဘောလုံးပွဲ မင်းဘယ်ဖက်ကလောင်းမလဲ၊ ငါတော့ မန်ယူအသင်း .........''

ကိုဘိုဖြူ့စကားမဆုံးခင် ကိုဘိုဖြူရော ကိုထွဋ်ပါ ကျွန်တော့်မြင်ကွင်းက ပျောက်သွားသည်။

ကျွန်တော်သည် အပေါ့သွားပြီးပြန်လာရာ ကျွန်တော်ထိုင်လက်စစားပွဲကိုပြန်မရောက်သေးပါ။ အပြန်လမ်းတွင် ကိုထွဋ်နှင့်ကိုဘိုဖြူထိုင်စကားပြောနေသည့်မြင်ကွင်းကို မြင်ယောင်လာခြင်းသာဖြစ်ပါသည်။ မြင်ကွင်းဖြတ်ကနဲပျောက်သွားမှပင် တကယ်မဟုတ်မှန်းကျွန်တော်သတိပြုမိလိုက်သည်။

ကျွန်တော့်စားပွဲကိုပြန်ရောက်တော့ ကိုထွဋ်က အားကစားဂျာနယ်ကို စိတ်ဝင်တစားဖတ်နေဆဲဖြစ်သည်။ ရှေ့က လက်ဖက်ရည်ခွက်ပင် အရာမယွင်းသေး။

''ကိုထွဋ်''

ကျွန်တော်က ခုံတွင်ဝင်ထိုင်ရင်း ကိုထွဋ်ကိုခေါ်လိုက်၏။

ကိုထွဋ်က ဂျာနယ်မှမျက်နှာမခွာပဲ ကျွန်တော့်ကိုမေးဆတ်ပြသည်။

''ခဏနေရင် ကိုထွဋ်သူငယ်ချင်း ကိုဘိုဖြူ ဒီဆိုင်ကိုရောက်လာလိမ့်မယ်''

''ဘာ–''

''ကိုဘိုဖြူလေ၊ ကျွန်တော်တို့ဆိုင်ကယ်ကို ဆိုင်ရှေ့မှာမြင်လို့ ဝင်လာတာဆိုပြီး ဝင်လာလိမ့်မယ်ကိုထွဋ်''

''ဘာကွ၊ ဘိုဖြူက ဆေးဆိုင်ဖွင့်ထားတာပဲ၊ ဒီအချိန်ဆို သူ့ဆိုင်မှာ လက်တောင်လည်မှာမဟုတ်ဘူး''

www.burmeseclassic.com

www.burmeseclassic.com


''ဆိုင်ရှေ့မှာလမ်းပြင်နေလို့ ဆိုင်ပိတ်ထားရတဲ့အကြောင်းကိုလည်း ပြောလိမ့်မယ်''

ကိုထွန်းက ဂျာနယ်ကိုဖြတ်ကနဲပိတ်ကာ စားပွဲပေါ်တင်လိုက်သည်။ ကျွန်တော့်ကိုမျက်မှောင်ကုပ်ကြည့်သည်။

''ကိုဘိုဖြူက ဒီနေ့ သူကို ကိုရဲနိုင် သူ့အစ်မမင်္ဂလာဆောင် ဖိတ်စာလာပေးသွားတဲ့အကြောင်းပြောလိမ့်မယ်ကိုထွန်း၊ ကိုရဲနိုင်ယောက်ဖက ကိုရဲနိုင်ကို စက်ဘုပို့ပေးမယ့်အကြောင်းလည်း ပြောလိမ့်မယ်''

''လင်းထည်ဝါ၊ ဟော့ကောင်–''

''ပြီးတော့... ဒီညဘောလုံးပွဲအကြောင်း ကိုထွန်းတို့ဆက်ပြောကြလိမ့်မယ်၊ ကိုဘိုဖြူက သူ မန်ယူအသင်းဖက်ကလောင်းမယ့်အကြောင်းလည်း ပြောလိမ့်မယ်ကိုထွန်း''

''လင်းထည်ဝါ''

''ကိုထွန်းက ကျွန်တော်ရှေ့အဖြစ်တချို့ကို ကြိုမြင်ခဲ့ရတယ်ဆိုတာ မယုံဘူးမဟုတ်လား။ ခုလည်း အိမ်သာကပြန်အလာမှာ ကိုဘိုဖြူ ရောက်လာတဲ့မြင်ကွင်းကို မြင်လာခဲ့ရတာပဲကိုထွန်း၊ ကျွန်တော့်ကိုယ်ကျွန်တော်လည်း သိပ်အံ့ဩနေတယ်ဗျာ၊ ကိုဘိုဖြူရောက်လာမှာ တကယ် ဟုတ်မဟုတ်ကိုတော့ ကျွန်တော်တို့စောင့်ကြည့်ကြတာပေါ့''

ကျွန်တော့်စကားပင် မဆုံးသေး။ အသံနှင့်အတူ ကိုဘိုဖြူ ရောက်လာလေသည်။

''ဟော့ကောင်ထွန်းကြီး။ လင်းထည်ဝါလည်း ရှိနေတာပဲ၊ ငါ ဆိုင်ရှေ့မှာမင်းဆိုင်ကယ်မြင်လို့ဝင်လာတာကွ''

ကိုထွန်းမျက်ခုံးနှစ်ခုမှာ ပင့်တက်ရင်း အံ့ဩဟန်ပေါ်နေသည်။ ကျွန်တော့်ဖက်ကိုလှည့်ကြည့်သည်။

ကိုဘိုဖြူက ထိုင်ခုံတစ်လုံးကိုဆွဲယူရင်း ဝင်ထိုင်လိုက်၏။

''ရဲနိုင်ကြီး မင်းဆီဖိတ်စာလာပေးသေးလား။ သူ့အစ်မ မင်္ဂလာဆောင်ဖိတ်စာ၊ တကယ်ဟုတ်တဲ့ကောင်ကွာ၊ အစ်မမင်္ဂလာဆောင်ဖိတ်စာကို ကိုယ်တိုင်လိုက်ဝေနေတယ်၊ ငါသာဆို မဝေပါဘူး''

''ငါ့ကိုတော့ ဒီယောက်ဖက သူ့ကိုအကျိုးပြုတဲ့ယောက်ဖလို့ ပြောသွားတယ်ကွ''

''အဲဒါတော့ ဟုတ်တယ်ဟ၊ သူ့ယောက်ဖက သူ့ကိုစက်ဘုပို့ပေးမှာလေ''

ကိုထွန်းအကြည့်က ကျွန်တော့်ဆီရောက်လာပြန်သည်။

''ဩော်... ဒါကြောင့်ကိုး''

''ဟား... ဟား... ဟား...''

ကျွန်တော်ပါ ရောရှုရယ်လိုက်သည်။ ကျွန်တော်က သူတို့စကားကိုရယ်ခြင်းမဟုတ်ပါ။ ကျွန်တော့်အစ်ကိုကိုထွန်း အံ့ဩတကြီးဖြစ်နေသည့်အမူအရာကို ရယ်မိခြင်းသာဖြစ်ပါသည်။

''ဒါနဲ့... ဒီနေ့ မင်း... ဆိုင်မဖွင့်ဘူးလားဘိုဖြူ''

''ငါ့အခန်းရှေ့မှာ လမ်းပြင်နေလို့ကွာ၊ လမ်းတစ်ဖြတ်လုံးကို ဟိုဖက်ထိပ် ဒီဖက်ထိပ်အသေပိတ်ပြီး ပြင်နေတာ၊ အဲဒါနဲ့ ငါလည်း ဆိုင်ပိတ်ထားလိုက်တယ်''

ကိုထွန်းက ကျွန်တော့်ကိုလှည့်ကြည့်ပြန်၏။

ကျွန်တော်က အောင်နိုင်သူအပြုံးဖြင့် ပြုံးပြလိုက်သည်။

''ကိုထွန်း၊ အားကစားသတင်းဘာထူးလဲကွ၊ ဒီညဘောလုံးပွဲ မင်းဘယ်ဖက်ကလောင်းမလဲ၊ ငါတော့ မန်ယူအသင်း ........''

သူတို့နှစ်ယောက် ဘောလုံးပွဲအကြောင်း ဆက်ပြောနေကြပါသည်။ ကျွန်တော်စိတ်မဝင်စားတော့။ ကိုယ့်အဖြစ်ကိုယ်တွေးရင်းသာ အံ့ဩတကြီးဖြစ်နေရတော့၏။

ရှေ့အဖြစ်ကိုကြိုမြင်နေတဲ့ကျွန်တော့်အဖြစ်ဟာ... ဂုဏ်ယူစရာလား။ ဝမ်းသာစရာလား။ ကောင်းသောနိမိတ်လား။ ဆိုးသောနိမိတ်လား။

♛♛♛♛♛

www.burmeseclassic.com

( ၈ )

''လင်းထည်ဝါ... မင်းတယ်ဟုတ်ပါလားကွာ၊ ငါတော့ မင်း အကြားအမြင်ရနေတယ်ဆိုတာ ယုံသွားပြီ ဟော့ကောင်''

ကလပ်စစ်လက်ဖက်ရည်ဆိုင်မှထွက်လာပြီး ဆိုင်ကယ်ကိုစက်နှိုးနေရင်း ကိုထွဋ်က ပြောလိုက်သည်။

''အကြားအမြင်ရတယ်လို့ မပြောနိုင်သေးပါဘူးဗျာ၊ ကိုထွဋ်ကလည်း၊ ကျွန်တော်မြင်လာတာတွေက သူ့အလိုလိုမြင်လာတာတွေဗျ''

''ဘာပဲဖြစ်ဖြစ် သာမန်လူထက်တော့ မင်းက သာနေပြီလေ''

ကိုထွဋ်က ဆိုင်ကယ်ကိုမောင်းထွက်ခဲ့သည်။ ၂၆ဘီလမ်းအရောက်တွင် ကျုံးဖက်သို့ချိုးလိုက်သည်။

''ဘာလို့ အဲဒီလိုဖြစ်တယ်လို့ မင်းထင်သလဲ''

'''မသိဘူးကိုထွဋ်''

''ငါတော့ မင်း မိုးကြိုးစက်ကွင်းမိလိုက်လို့ အဲဒီလိုဖြစ်သွားတာ ထင်တယ်ကွ''

''အင်း... ဟုတ်ရင်လည်း ဟုတ်မှာပေါ့၊ ဒါပေမယ့်ကိုထွဋ်ရာ ကျွန်တော် ဒီလိုမျိုး ရှေ့အဖြစ်တွေကြိုကြိုမြင်နေရတာကြီးကို မကြိုက်ဘူး။ စိတ်ထဲမှာ တစ်မျိုးကြီးပဲ''

ကျွန်တော်တို့နှစ်ယောက်စကားပြောရင်း ဆိုင်ကယ်ကိုမောင်းလာကြရာ... ၃၈လမ်းမီးပွိုင့်အရောက်တွင် မီးဝါပြလိုက်၍ ကိုထွဋ်က ဆိုင်ကယ်ကို ရပ်လိုက်သည်။

ကျွန်တော်တို့ရှေ့မှကားအဖြူလေးသည် မီးဝါကိုလွတ်လိုလွတ်ငြား မောင်းထွက်သွားရာ လမ်းအလည်လောက်တွင်ပင် မီးနီသွားလေသည်။ တစ်ဖက်မှ ယာဉ်ကြောပွင့်၍ မောင်းဝင်လာသော ကားတစ်စီး နှင့်တိုက်မိမလိုဖြစ်သွားသည်။

မြင်ကွင်းကိုကြည့်ရင်း အလာတုံးက ကျွန်တော်မြင်ယောင်ခဲ့သောမြင်ကွင်းကို သတိရသွားလေသည်။ မီးပွိုင့်ကလည်း ဤမီးပွိုင့်ပင် ဖြစ်သည်။ ကားကလည်း ပတ်ပလစ်ကာကားအဖြူလေး။

''ကိုထွဋ်၊ အလာတုန်းက ကျွန်တော်မြင်ခဲ့တဲ့ ကားအဖြူလေး မီးပွိုင့်ဖြတ်လို့ အရေးယူခံရတယ်ဆိုတာလေ၊ အဲဒါပဲ... အဲဒါပဲ၊ ကျွန်တော်မြင်တာသာမှန်ခဲ့ရင် အဲဒီကားကို ယာဉ်ထိန်းကတားပြီး အရေးယူလိမ့်မယ်၊ ကြည့်နေ''

ကျွန်တော့်စကားမဆုံးမီမှာပင် တစ်ဖက်လမ်းထိပ်တွင်အသင့်ရှိနေသောယာဉ်ထိန်းရဲက ဝီစီမှုတ်ကာ ထိုကားလေးကို တားလိုက်လေသည်။

မီးစိမ်းသွားပြီ။ မီးပွိုင့်မှကျွန်တော်တို့ထွက်လာတော့ တစ်ဖက်လမ်းထိပ်တွင် ယာဉ်ထိန်းရဲက ပတ်ပလစ်ကာအဖြူလေး၏ဒရိုင်ဘာဆီမှ ယာဉ်မောင်းလိုင်စင်ကို တောင်းစစ်နေသည်ကိုမြင်လိုက်ရ၏။

ကျွန်တော်အလာတုံးက မြင်ခဲ့သည့်မြင်ကွင်းနှင့် တစ်ထပ်တည်း။

သည်တစ်ခါတော့ ကျွန်တော်ကြိုမြင်ထားသောဖြစ်ရပ်သည် တစ်နာရီကျော်နောက်ကျပြီးမှဖြစ်လာခြင်းဖြစ်ပါသည်။

\+ + + + +

အိမ်ရောက်သည်နှင့် ကိုထွဋ်က ကျွန်တော့်ကို နားပူတော့သည်။

''ဟော့ကောင်– လင်းထည်ဝါ၊ မင်းအကြားအမြင်ရတယ်ဆိုတာ ငါယုံပြီ၊ အဲဒါ ငါတို့အတွက် ချမ်းသာဖို့အကွက်ပဲကိုလင်း''

''ဟာ... ကိုထွဋ်ကလည်း ကျွန်တော့်ကို အကြားအမြင်ဟောစားခိုင်းမလို့လား၊ မလုပ်ပါနဲ့ဗျာ၊ ရှက်စရာကြီး''

''ဟကောင်ရ– အကြားအမြင်ဟောခိုင်းဖို့မဟုတ်ဘူး၊ အကြားအမြင်ဟောရင် လူတွေသိကုန်မှာပေါ့၊ ခုဟာက မင်းအကြားအမြင်ပေါက်တာကို လူသိမခံပဲ ငါတို့ဟာငါတို့ တိတ်တိတ်ကြိတ်ပြီး စားကွက်ထွင်ရမှာ''

''ဟင်– ဘာလဲ၊ ကျွန်တော့်ကို သူဌေးအိမ်တွေထဲကြိုကြည့်ခိုင်း ပြီး လူလစ်ရင်ဝင်ခိုးဖို့လား၊ ဟာ... မလုပ်နဲ့ဗျာ''

''ဟော့ကောင်... မင်းဘာတွေလျှောက်ပြောနေတာလဲ၊ ငါပြောတာက ဘောလုံးပွဲကွ၊ ဘောလုံးပွဲ''

''ဗျာ–''

''ဒီည ဘောလုံးပွဲ ဘယ်အသင်းနိုင်မလဲ၊ အဲဒါ မင်းကိုကြိုကြည့်ခိုင်းမလို့''

''ဟင်...''

''ဒီညတွင်မဟုတ်ဘူးကွာ၊ ညတိုင်း... ပွဲစဉ်တိုင်း... ဘယ်အသင်းနိုင်မယ်၊ ဘယ်နှဂိုးနဲ့ဖြတ်မယ်ဆိုတာ မင်းကြိုပြီးကြည့်ပေးပေတော့၊ ဒါဆို ငါတို့ သူဌေးဖြစ်ပြီပေါ့ကိုလင်းရ''

''ဟာဗျာ... အဲဒီလိုလုပ်လို့ ရမယ်မထင်ပါဘူး''

www.burmeseclassic.com

''ဘာလို့မရရမှာလဲကွ၊ စမ်းပဲလုပ်ကြည့်ပါဦး''

''ဟဲ့– ဒီညီအစ်ကိုနှစ်ယောက် ဘာတွေ ငြင်းခုန်နေကြတာလဲ၊ ကားလက်မှတ်ရော ဝယ်လို့ရခဲ့လား''

မေမေက ကျွန်တော်တို့နှစ်ယောက်စကားပြောနေသည့်နေရာကိုရောက်လာပြီး မေးလိုက်သည်။

''ဟုတ်ကဲ့၊ ဝယ်လို့ရခဲ့ပါတယ်မေမေ၊ ရွှေဂုံမန္တလာကားလက်မှတ်ဝယ်ခဲ့တယ်၊ ညနေငါးနာရီထွက်မယ့်ကား မေမေ''

ကျွန်တော်က အင်္ကျီအိတ်ကပ်ထဲမှ ကားလက်မှတ်ဖြတ်ပိုင်းကို ထုတ်ကာ မေမေ့ကိုပေးလိုက်၏။

မေမေက လှမ်းယူလိုက်သည်။

ကားလက်မှတ်လေး မေမေ့လက်ထဲမရောက်ခင်...

**မြင်ကွင်းတစ်ခုကို ကျွန်တော်ဖြတ်ကနဲမြင်လိုက်ရသည်။**

***အဝေးပြေးကားကြီးတစ်စီး တည့်တည့်လမ်းမပေါ်တွင် လဲကျနေသော သစ်ပင်ကြီး။ လမ်းမပေါ်မှာ သစ်ပင်ကြီး လဲကျနေသောကြောင့် ကားဆက်သွားလို့ မရပဲ ရပ်ထားရသည့်ပုံ။ ကားဘေးမှ ခရီးသည်များ။ ခရီးသည်များ၏ စိတ်ပျက်လက်ပျက် အမူအရာများ။ ထိုခရီးသည်များထဲ၌ မေမေလည်းပါနေသည်။ မေမေသည် စိတ်ပျက်ညှိုးငယ်စွာဖြင့် ကားအနီးတစ်နေရာ၌ ရပ်နေသည်။***

''ဟာ...''

မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော့်စိတ်မှာ ထင့်ကနဲဖြစ်သွားကာ မေမေ့ကိုလက်မှတ်လှမ်းပေးနေသောလက်ကို ရုပ်လိုက်မိသည်။ မေမေ ဒီကားနဲ့ခရီးသွားလျှင် လမ်းမှာ ဒီအတိုင်းကြုံရမယ့် နိမိတ်များလား။

''ဟဲ့– ဘာဖြစ်တာလဲ''

မေမေက အယောင်ယောင်အမှားမှားဖြစ်သွားသော ကျွန်တော့် လက်ထဲမှလက်မှတ်ကို ဆွဲယူလိုက်သည်။

လက်မှတ်ကလေးကို ဖြန့်ဖတ်သည်။

''ကျွဲဆည်ကန်ကားကြီးကွင်းကို လေးနာရီခွဲအရောက်လာရမယ်တဲ့၊ ကိုထွဋ်ရေ အန်တီ့ကိုလိုက်ပို့ဦးနော်''

''ဟုတ်ကဲ့အန်တီ၊ ဖေဖေ့ကားနဲ့ ကျွန်တော်လိုက်ပို့ပါမယ်''

\+ + + + +

မေမေ ကျွန်တော်တို့ရှေ့ကထွက်သွားတော့... ကိုထွဋ်က တစ်စခန်းထလာပြန်သည်။

''လုပ်ပါကွကိုလင်းရဲ့ ဒီည ဘယ်အသင်းနိုင်မလဲ၊ ငါ့ကိုကြည့် ပေးစမ်းပါ။ ရော့– ဒီဂျာနယ်ကိုဖတ်၊ အဲဒီထဲက ဘောလုံးသမားတွေပုံကိုကြည့်ပြီး အာရုံယူလိုက်''

''ဇွတ်ကြီးပါလားကိုထွဋ်ရာ၊ ကျွန်တော်တော့ ရမယ်မထင်ဘူး''

''လုပ်ကြည့်စမ်းပါကွ''

''အင်း... လုပ်ကြည့်မယ်ဗျာ၊ ကျွန်တော်မြင်ရတာက သူ့အလို လိုမြင်လာရတာ၊ အာရုံယူကြည့်လို့မြင်တာမဟုတ်ဘူး၊ ရတယ်လေ၊ ရလို ရငြားကြည့်ကြည့်တာပေါ့''

ကျွန်တော်က ညေ့ခန်းစားပွဲတွင်ထိုင်ကာ ကိုထွဋ်ပေးသောဂျာနယ်ကိုဖတ်၍ အာရုံခံကြည့်သည်။ ကျွန်တော်မျက်စိထဲမှာ ဘာမြင်ကွင်းမှ ပေါ်မလာပါ။ ဂျာနယ်ပေါ်က စာများကိုသာ အလိုလိုဖတ်နေမိသည်။ မန်ယူ၊ အာစင်နယ်၊ ချယ်ဆီး၊ ပရီးမီးယားလိဂ်၊ ရော်နယ်ဒို၊ ဘက်ခမ်း၊ ရှုနေး...

''ရလား... ကိုလင်း''

ခဏနေတော့... ကိုထွဋ်ရောက်လာကာ ကျွန်တော့်ကိုမေးသည်။

''မရဘူးဗျ''

''ဟာကွာ– ဘယ်လိုဖြစ်ရတာလဲ''

''ကျွန်တော်အရင်မြင်ခဲ့တာတွေက သူ့အလိုလိုမြင်လာတာလို့ ပြောသားပဲ၊ အာရုံယူကြည့်လေ ဝေးလေပဲကိုထွဋ်ရာ''

''ကြိုးစားကြည့်ပါဦးကွာ၊ မင်းက ညေ့ခန်းကြီးမှာ ထိုင်ကြည့်နေတာကိုး၊ ဘုရားခန်းသွားပြီး မျက်စိမှိတ်ပြီး အာရုံပြုကြည့်ပါလားကွ''

''ဗျာ–''

''လာ– လာ– ဘုရားခန်းသွားရအောင်''

www.burmeseclassic.com

ကိုထွန်းက ကျွန်တော့်ကိုလက်မောင်းမှဆွဲကာ အပေါ်ထပ်ကို ခေါ်သွားလေသည်။

''ဒုက္ခပါပဲကိုထွန်းရာ''

''မင်း ငါ့ကို ဘယ်နှဂိုး ဘယ်နှဂိုးနဲ့ အနိုင်အရှုံးကိုသာပြောပြ နိုင်ရင် မင်းကိုတစ်ဝက်ပေးမယ်''

ကိုထွန်းက ဘုရားစင်ရှေ့တွင် ကျွန်တော့်ကိုထိုင်ခိုင်းသည်။

''ရော့– စိတ်ပုတီး။ စိတ်ပုတီးလေးလက်ထဲကကိုင်ပြီး အာရုံနှစ်ကြည့်လိုက်ကွာ၊ မင်းမြင်လာရမှာပါ၊ မင်းကိုငါယုံတယ်ကွ၊ မင်းပြောတာတွေအမှန်ဖြစ်လာတာချည်းပဲ၊ ကဲ– ကဲ– စိတ်အေးအေးထားပြီး ငါးမိနစ်လောက်အာရုံခံကြည့်ပါညီလေးရာ၊ နိုင်ရင် မင်းကိုတစ်ဝက်လည်းပေးမယ်၊ ဘီယာလည်းတိုက်မယ်ကွာ''

ကိုထွန်းက ကျွန်တော့်ကိုချော့မော့ပြောကာ စိတ်ပုတီးကိုလက်ထဲထည့်ပြီး ဘုရားစင်ရှေ့မှာ အတင်းထိုင်ခိုင်းထားခဲ့သည်။

ကျွန်တော်ဘာလုပ်ရမလဲ။

ကျွန်တော်ပုတီးထိုင်စိတ်နေလိုက်သည်။ မျက်လွှာချရင်း ဂုဏ်တော်ကိုးပါးကိုရွတ်ဆိုကာ ပုတီးစိတ်နေလိုက်ပါသည်။ သူ့အလိုလိုမြင်ချင်လည်း မြင်လာပါစေတော့။ သို့သော်... ကျွန်တော့်အာရုံထဲမှာ ဘောလုံးပွဲနဲ့ပတ်သက်လို့ ဘာတစ်ခုမှထင်ဟပ်မလာပါ။

ကျွန်တော်က ပုတီးကိုဆက်စိတ်နေသည်။

ခဏနေတော့... ကျွန်တော်အိပ်ငိုက်သလိုဖြစ်သွားကာ ကျွန်တော့်ရှေ့တွင် မြင်ကွင်းတစ်ခုပေါ်လာလေသည်။

မြင်ကွင်းက မေမေ့ကို ကားလက်မှတ်လှမ်းပေးလိုက်စဉ်က ဖြတ်ကနဲမြင်လိုက်ရသောမြင်ကွင်းပင်ဖြစ်သည်။

*အဝေးပြေးကားကြီး၏ရှေ့တည့်တည့်လမ်းမပေါ်တွင် လဲကျနေသော သစ်ပင်ကြီး။ လမ်းမပေါ်မှာ သစ်ပင်ကြီး လဲကျနေသောကြောင့် ကားဆက်သွားလို့ မရပဲ ရပ်ထားရသည့်ပုံ။ ကားဘေးမှ ခရီးသည်များ။ ခရီးသည်များ၏ စိတ်ပျက်လက်ပျက် အမူအရာများ။ ထိုခရီးသည်များထဲ၌ မေမေလည်းပါနေသည်။ မေမေသည် စိတ်ပျက်ညှိုးငယ်စွာဖြင့် ကားအနီးတစ်နေရာ၌ ရပ်နေသည်။*

ယခုတစ်ခါမြင်လိုက်ရသည့်တွင် ရပ်ထားသောကားကြီး၏ နဖူးစည်းတွင်ရေးထားသော **''ရွှေဂုံမန္တလာ''**ဆိုသည့်ကားအမည်ကိုပါ ဖတ်လို့ရလိုက်သည်။ ကားကြီးတစ်စီးလုံး၏ရုပ်လုံးမှာ မြင်ကွင်းထဲတွင် ထင်းထင်းကြီးပေါ်နေ၏။ ကားနံပါတ်က ၈က/၂၃(–)(–)တဲ့၊ လက်မှတ်ဖြတ်ပိုင်းပေါ်မှာ ရေးပေးလိုက်သည့်ကားနံပါတ်နှင့်တိုက်ကြည့်ရဦးမည်။

ထို့အပြင်... မြင်ကွင်းကို တစ်ဆင့်ချဲ့ကာ ပတ်ဝန်းကျင်မှ အခြားအရာများကိုပါ ကျွန်တော် မြင်လာရပါပြီ။

*ကားဘေးတွင် မေမေအပါအဝင် ရပ်နေသော ခရီးသည်များ။ ထိုကားကြီး၏နောက်ဖက်တွင် အခြားသော အဝေးပြေးကားများ တန်းစီရပ်ထားပုံ၊ ခရီးသည်များ၊ ကားအောက်ဆင်းကာ စိတ်ပျက်လက် ပျက်ဖြစ်နေကြပုံ၊ လမ်းဘေးတွင်လည်း လဲကျနေသောသစ်ပင်အများအပြား။ မြင်ကွင်းက မှောင်ရီရီတဝါးဖြစ်နေသည်။ ကြည့်ရသည်မှာ... နေဝင်ရီတရော အချိန် (သို့မဟုတ်) နံနက်မိုးသောက်အချိန်လို... နေရောင်အားနည်းသောအချိန်မျိုးဖြစ်ပေသည်။*

*မြင်ကွင်းထဲမှာ မိုးရွာလာသည်။ မိုးကသည်းသည်းမည်းမည်း ရွာချလိုက်ရာ ခရီးသည်အားလုံး သက်ဆိုင်ရာကားများပေါ် ပြေးတက်သွားကြပုံကို မြင်နေရ၏။ မိုးမည်းမှုသည်းသနည်းဆိုသော် ကျွန်တော် မြင်နေရသောမြင်ကွင်းသည် မိုးရေထဲတွင် အမှောင်နှင့်ရောကာ ပျောက်ကွယ်သွားလေသည်။*

မြင်ကွင်းပျောက်ကွယ်အသွားတွင် ကျွန်တော်က သက်ပြင်းကိုချလိုက်သည်။ ဒါ...ဘာနိမိတ်ပါလိမ့်။ ရှေ့ဖြစ်မည့်နိမိတ်များလား။ ဒီပုံအတိုင်းဆို မေမေရန်ကုန်ပြန်လို့ဖြစ်ပါ့မလား။ ကျွန်တော်က မေမေ့အတွက် စိုးရိမ်သွားမိသည်။ မြင်ကွင်းက... လမ်းခရီးတွင် သေတာ၊ ကြေတာ၊ ဒဏ်ရာရတာ၊ ကားမှောက်တာမျိုးတွေ မဟုတ်သော်လည်း စိုးရိမ်ဖွယ် အခြေအနေမျိုးဖြစ်နေသည်။ ကားလမ်းဘေးမှာ သစ်ပင်တွေလဲနေတာ ဘာကြောင့်လဲ။ နွေအခါကြီးမှာ မိုးက ဘာလို့ဒါလောက်သည်းနေတာလဲ။ ကျွန်တော့်မြင်ကွင်းထဲမှာမြင်ရတဲ့နေရာဟာ ဘယ်နေရာလဲ။

ကျွန်တော်ပုတီးဆက်စိတ်လို့မရတော့။ ဂုဏ်တော်ကိုးပါးကို နောက်တစ်ကြိမ် အပြီးရွတ်ဆိုလိုက်ကာ ရောက်သည့်နေရာမှာပင် ပုတီးစိတ်ခြင်းကိုရပ်နားလိုက်သည်။

ဘုရားကို ဦးချလိုက်သည်။

''ဘုရားတပည့်တော်ရဲ့မိခင်ကြီး ရန်ကုန်မြို့သို့ပြန်တဲ့လမ်းခရီးမှာ အဆင်ပြေပြေနဲ့ လိုရာခရီးကိုရောက်အောင် ကူညီစောင့်ရှောက်တော်မူပါ အရှင်ဘုရား''

www.burmeseclassic.com

ဘုရားထဲမှာ ဆုတောင်းလိုက်မိလေသည်။

''ဘယ်လိုလဲကိုလင်း၊ ရလားကွ''

ကျွန်တော်ဘုရားကန်တော့ပြီး ထလိုက်တာကိုမြင်သည်နှင့် ကိုထွန်းရောက်လာကာ မေးလိုက်သည်။

''မရပါဘူးကိုထွန်းရယ်၊ ဘောလုံးနဲ့ပတ်သက်လို့ ခပ်လုံးလုံးအရာလေးတောင် အရိပ်အယောင်မမြင်ရဘူး''

''ဟာကွာ–''

''ကျွန်တော်အမြင်ပေါက်တာက အာရုံယူကြည့်လို့မြင်ရတဲ့အမြင်မျိုးမဟုတ်ဘူး၊ သူ့အလိုလိုပေါ်ချင်ရာပေါ်လာတာပါလို့ပြောသားပဲ ကိုထွန်းရ''

''ဒါဆို မင်းဟာ မမိုက်သေးပါဘူး''

''ကျွန်တော်က ကျင့်ကြံလို့ဖြစ်လာတာမှမဟုတ်ပဲ ကိုထွန်း ၊ ကျွန်တော်တော့ မိုးကြိုးစက်ကွင်းမိပြီးနောက်မှဖြစ်လာတာ စက်ကွင်းမိလို့ ထင်တာပဲကိုထွန်းရ၊ အခုလည်း ကိုထွန်းကြည့်ခိုင်းတဲ့ဘောလုံးပွဲအနိုင်အရှုံးတော့ ကျွန်တော်မမြင်ရဘူး၊ ဒါပေမယ့်... မေမေနဲ့ပတ်သက်တာ တစ်ခုကိုတော့ ထင်ထင်ရှားရှားမြင်နေရပြန်တယ်''

''ဟေ– ဘာလဲကွ''

ကျွန်တော်က ကျွန်တော်မြင်ရသောမြင်ကွင်းကို ပြောပြလိုက်သည်။

''ဟင်– ဒါဆိုအန်တီ့ကို ရန်ကုန်ပြန်လွှတ်လို့ဖြစ်ပါ့မလား၊ မင်းမြင်ရတာက လမ်းမှာ လျှောင်လျှပ်လို့ဖြစ်တာလိုလို၊ မုန်တိုင်းတိုက်လို့ဖြစ်တာလိုလိုနဲ့''

''မုန်တိုင်း၊ မုန်တိုင်းဖြစ်နိုင်တာပေါ့ကိုထွန်း ၊ မန္တလေးမှာတောင် အချိန်အခါမဟုတ်ပဲ မိုးတွေရွာနေတာ ကြည့်ပါလား''

ကျွန်တော်က အိမ်အပြင်ဖက်ကို လှမ်းကြည့်ရင်းပြောလိုက်သည်။ အပြင်မှာ မိုးမသည်းသော်လည်း ခပ်ဖွဲဖွဲရွာနေပါသည်။ မိုးနည်းသော မန္တလေးတွင် ဧပြီလကုန် မေလအဆန်း နွေခေါင်ခေါင်ကြီးမှာ... မိုးရွာနေခြင်းဖြစ်ပါသည်။ အစကတော့...သင်္ကြန်ကာလတုံးက မရွာရသေးတဲ့ သင်္ကြန်မိုး အခုမှရွာလာသည်ဟု ထင်ခဲ့ကြသေးသည်။

သို့သော်... လွန်ခဲ့သောတစ်ရက်က ရွာခဲ့သောမိုးကမူ အလွန်ပင် သည်းခဲ့သည်။ မိုးကြိုးပင်ပစ်ခဲ့သေးလို့ ကျွန်တော်တောင်စက်ကွင်းမိခဲ့သေးတယ်မဟုတ်လား။

''ဒါဆို... အန်တီလင်းကိုသတိပေးရမှာပေါ့ကွ''

''မေမေက ကျွန်တော်ပြောတာ ယုံပါ့မလားကိုထွန်းရ''

''ဒါတော့... မင်းအတွေ့အကြုံတွေပြောပြရမှာပေါ့''

''အင်း... မေမေ့ကိုရန်ကုန်မပြန်သေးဖို့ တားတော့တားရမှာပဲ၊ ဒါပေမယ့်... မနက်ဖန်ညနေမှ ပြန်မှာပဲကိုထွန်း ၊ ကျွန်တော်တို့ ခဏစောင့်ကြည့်ရအောင်ပါ''

''ဘာလို့စောင့်ကြည့်ချင်တာလဲ''

''ဒီလိုလေ... မေမေကျွန်တော့်စကားယုံလောက်တဲ့အဖြစ်တစ်ခုခုများ ဖြစ်လာမလားလို့ပေါ့၊ အဲဒါမှ...မေမေက ကျွန်တော့်ရှေ့အဖြစ်တွေကြိုမြင်နေရတယ်ဆိုတာ ယုံမှာမဟုတ်လား''

\+ + + + +

ညနေပိုင်းတွင် မေမေက ကျွန်တော့်ကို ဖေဖေ့ဆီဖုန်းဆက်ခိုင်းပါသည်။

''မင်းပြန်လိုက်မလာဘူးဆိုတာကို မင်းအဖေကို မင်းကိုယ်တိုင် ခွင့်တောင်းလိုက်သား၊ ပြန်ခေါ်မလာလို့ မေမေ့ကို အပြစ်ပြောနေဦးမယ်''

ကျွန်တော်က ရန်ကုန်မှ ဖေဖေ့ရုံးဖုံးကိုခေါ်ပြီး ဖေဖေ့ကို အကျိုးအကြောင်းပြောပြလိုက်သည်။

''သား ကားမောင်းလည်း သင်ဦးမယ်၊ အမောင်းလိုင်စင်ရအောင် တစ်ခါတည်းလုပ်ခဲ့မယ်ဖေဖေ၊ ရန်ကုန်မှာဆိုမလွယ်ဘူး၊ ဒီမှာက ဆိုင်ကယ်ရော၊ကားရောရှိတော့ လွယ်တယ်လေ၊ သား နောက်လကုန်လောက်မှပြန်ခဲ့မယ်နော်ဖေဖေ၊ အောင်စာရင်းမထွက်ခင် အမီပြန်ခဲ့ပါမယ် ဖေဖေရာ''

ကျွန်တော်အကျိုးသင့်အကြောင်းသင့်ပြောပြလိုက်၍ ဖေဖေက ခွင့်ပြုလိုက်ပါသည်။

♛♛♛♛♛

www.burmeseclassic.com

( ၉ )

ထိုညက ကျွန်တော် စောစောအိပ်ရာဝင်ခဲ့သည်။ ကိုထွန်းအပြင်ထွက်လည်သည်ကိုပင် လိုက်မသွားတော့ပါ။

ကျွန်တော့်စိတ်ထဲမှာ မတင်မကျဖြစ်နေသည်။ နေ့လည်က မေမေ့ကို ကားလမ်းမပေါ်မှာ အခက်အခဲကြုံလျှက်တွေ့လိုက်ရသော မြင်ကွင်းကြောင့် စိတ်မှာ စနိုးစနောင့်ဖြစ်နေရခြင်းဖြစ်ပါသည်။

ကျွန်တော့်ရဲ့ရှေ့ပိုင်းအတွေ့အကြုံများအရဆိုလျှင် သည်တစ်ခါမြင်ရသည့်မြင်ကွင်းသည်လည်း တကယ်ဖြစ်လာမည့်အဖြစ်တစ်ခုဆိုတာ သိသာ ထင်ရှားနေပါသည်။

အန္တရာယ်ကြုံမည်ဆိုတာ ကြိုသိပါလျှက် မေမေ့ကို တစ်ယောက်တည်းရန်ကုန်ပြန်လွှတ်လိုက်လို့သင့်ပါ့မလား။ ကျွန်တော်လိုက်ပါသွားရင်ကော ထိုအန္တရာယ်ကို တားဆီးနိုင်ပါ့မလား။ မည်သို့မှတားဆီးနိုင်မည် မဟုတ်ပါ။ မြင်ကွင်းအရဆိုလျှင် ဖြစ်လာမည့်အဖြစ်မှာ ရာသီဥတုဖောက်ပြန်မှုတစ်ခုခုကြောင့်ကြုံရမည့်အဖြစ်မျိုးဖြစ်နေသည်။

မေမေ့ကို ရန်ကုန်မပြန်ပဲ သုံးလေးရက်ဆိုင်းနေဖို့ပြောလျှင်ကော မေမေက လက်ခံပါ့မလား။ ကျွန်တော်ပြောသည့်စကားများကို မေမေယုံမည်မဟုတ်ပေ။ ဒီတစ်ခါတော့ ကျွန်တော်မြင်ခဲ့ရတဲ့မြင်ကွင်းဟာ ရှေးပြေးနိမိတ်မဟုတ်ပါစေနဲ့။

ကျွန်တော်က အိပ်ရာပေါ်မှလူးလိမ့်ရင်း အမျိုးမျိုးတွေးနေစဉ် ခြင်ထောင်အမိုးထက်၌ နေ့လည်ကမြင်ကွင်းက ထပ်ပေါ်လာပြန်သည်။

*အဝေးပြေးကားကြီး၏ရှေ့တည့်တည့်လမ်းမပေါ်တွင် လဲကျနေသော သစ်ပင်ကြီး။ မေမေသည် စိတ်ပျက် ညှိုးငယ်စွာဖြင့် ကားအနီး တစ်နေရာ၌ ရပ်နေသည်။*

*ထိုကားကြီး၏နောက်ဖက်တွင် အခြားသော အဝေးပြေးကားများ တန်းစီရပ်ထားပုံ၊ ခရီးသည်များ ကားအောက်ဆင်းကာ စိတ်ပျက်လက်ပျက်ဖြစ်နေကြ ပုံ၊ လမ်းဘေးတွင်လဲကျနေသောသစ်ပင်များ။*

*မြင်ကွင်းက မှောင်ရိုပ်ိုးတဝါးဖြစ်နေသည်။ ကြည့် ရသည်မှာ... နေဝင်ရီတရောအချိန်(သို့မဟုတ်) နံနက် မိုးသောက်အချိန်လို... နေရောင်အားနည်းသော အချိန်မျိုးဖြစ်ပေသည်။*

*မြင်ကွင်းထဲမှာ မိုးရွာလာသည်။ ကျွန်တော် မြင် နေရသောမြင်ကွင်းသည် မိုးရေထဲတွင် အမှောင်နှင့် ရောကာ ပျောက်ကွယ်သွားလေသည်။*

ကျွန်တော် ကြောက်လန့်တကြားထထိုင်လိုက်မိ၏။

မြင်ကွင်းက... နေ့လည်ကမြင်ထားသည်နှင့် တစ်ထပ်တည်း။ ဘေးနားမှာပါနေသောလူတွေပင် အတူတူဖြစ်နေသည်။ မြင်ကွင်းထဲတွင်ပါသည့် ကျွန်တော်တစ်ခါမှမမြင်ဖူးသောသူစိမ်းများကိုပင် ကျွန်တော် မှတ်မိနေပါပြီ။

သည်ပုံအတိုင်းဆိုလျှင်တော့... မေမေ့ကို တားကိုတားရပေတော့မည်။ မေမေအပါအဝင် ဘဘနှင့်ကြီးကြီးပါယုံကြည်အောင် ရှေ့ပိုင်းအတွေ့အကြုံတွေကိုပါပြောပြပြီး တားမှဖြစ်ပါတော့မည်။

\+ + + + +

ကျွန်တော်အိပ်ပျော်သွားသည်။

ထို့နောက်... အိပ်မက်မက်ပါသည်။ အိပ်မက်က စိတ်လှုပ်ရှား စရာ ကောင်းလွန်းလှပေသည်။

ကြောက်စရာကောင်းသောအိပ်မက်တစ်ခုလည်း ဖြစ်ပါ၏။

*အိပ်မက်ထဲတွင် လေများပြင်းထန်စွာတိုက်နေသည်။*

*လေတိုက်သံများက... တဝေါဝေါဖြင့် နားအူ အောင်မြည်ဟိန်းနေသည်။ မိုးစက်မိုးပေါက်များက မြေပေါ်သို့ အလုံးအရင်းဖြင့် ကျဆင်းနေ၏။*

*ကျွန်တော်ရှေ့မှမြင်ကွင်းထဲတွင်... သစ်ပင်ကြီးများ ယိမ်းနွဲ့လှုပ်ရှားနေသည်။ မိုးကောင်းကင်တစ်ခုလုံး မည်းနက်မှောင်မိုက်နေသည်။*

*ကျွန်တော့်ရှေ့မှသစ်ပင်များ တဝုန်းဝုန်း လဲပြိုသွားကြသည်။ သစ်ရွက်သစ်ကိုင်းများ လေထဲတွင် မျောပါသွားကြသည်။*

*ကျွန်တော်သည်... ရန်ကုန်မြို့မှ ကျွန်တော်တို့ တိုက်ခန်းရှိရာ လမ်းမပေါ်သို့ ရောက်နေခြင်းဖြစ်သည်။*

*အိမ်အမိုးသွပ်ပြားများသည် လေထဲတွင်ဝဲကာ ပါလာသည်။*

*လမ်းဘေးမှ ကြော်ငြာဆိုင်းဘုတ်ကြီးများ မြေ ပေါ်သို့ဗုန်းဗုန်းလဲကျသွားသည်။*

www.burmeseclassic.com

*လူအများ၏ အော်သံဟစ်သံ ငိုယိုသံများက လေတိုက်ခတ်သံကြားမှပျံ့လွင့်လာသည်။*

*ရေထုကြီးတစ်ခုသည် ကျွန်တော့်ခြေထောက် အောက်မှ တက်လာခဲ့ရာ... ဒူးဆစ်ကျော်သည်ထိ နစ်မြုပ်သွားလေသည်။*

*လေပြင်းကြောင့် ကျွန်တော်သည် ရပ်လို့မရပဲ ယိမ်းယိုင်လှုပ်ရှားနေသည်။*

*လေပြင်းတစ်ချက်ရိုက်ခတ်လိုက်ရာ ကျွန်တော် ကိုယ်တိုင် လမ်းပေါ်သို့လဲကျသွားလေတော့သည်။*

*ကျွန်တော်က ကြောက်လန့်တကြားဖြင့် လဲရာမှ ကျိုး၍ထလိုက်သည်။*

ကျွန်တော်သည် အိပ်မက်မှလန့်နိုးသွားကာ အိပ်ရာပေါ်တွင် ထထိုင်မိရက်သားဖြစ်နေတော့သည်။

တကယ်တော့... ကျွန်တော်အိပ်မက်မက်နေခြင်းမဟုတ်ပါ။

ကျွန်တော် အိပ်လို့လည်း မပျော်သေးပါ။

အိပ်ပျော်တော့မလို မှေးကနဲဖြစ်သွားရာမှ ထိုမြင်ကွင်းများကို ခြင်ထောင်အမိုးပေါ်တွင် မြင်နေရခြင်းသာဖြစ်ပါသည်။

ခြင်ထောင်အမိုးက ရုပ်ရှင်ပိတ်ကားသဖွယ်ဖြစ်ကာ မြင်ကွင်းများကို ထင်ထင်ရှားရှားမြင်လိုက်ရခြင်းပင်ဖြစ်ပါသည်။

မြင်ကွင်းက မုန်တိုင်းတစ်ခုတိုက်ခတ်သောမြင်ကွင်းဖြစ်ကြောင်း ယုံမှားစရာမရှိပါ။

မုန်တိုင်း။ မြင်ကွင်းထဲကအတိုင်းဆိုလျှင် ရန်ကုန်မြို့မှ ကျွန်တော်တို့နေအိမ်ပတ်ဝန်းကျင်မှာ တိုက်ခတ်သည့်မုန်တိုင်း။

ဒါဟာလည်း... မကြာခင်ဖြစ်လာမည့်ဖြစ်ရပ်ရဲ့ ရှေ့ပြေးနိမိတ်ပဲလား။

ကျွန်တော်မြင်ယောင်မိသမျှမြင်ကွင်းများထဲတွင် ကြောက်စရာ အကောင်းဆုံးမြင်ကွင်းတစ်ခုဖြစ်ပါတော့သည်။

ဘုရားသိကြားမလို့ ဒါတွေ တကယ်ဖြစ်မလာပါစေနဲ့။

♛♛♛♛♛

( ၁၀ )

မနက်မိုးလင်းတော့... ကျွန်တော်မြင်ရသည့်နိမိတ်ဆိုးများကို ပြောပြရန် ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော်အိပ်ရာကနိုးတော့ အတော်နေမြင့်နေပြီ။

အခန်းထဲကထွက်ခဲ့တော့... ဘဘပင် အလုပ်သွားရန် အောက်ထပ်သို့ဆင်းလာနေပြီ။

"ဘဘ၊ ခဏနေလို့ရရင် နေပါဦး။ သားပြောစရာရှိလို့"

ကျွန်တော်က မီးဖိုခန်းထဲတွင် ချက်ပြုတ်နေသော မေမေနှင့်ကြီးကြီးကိုပါခေါ်လိုက်သည်။

"အခု သားပြောမယ့်စကားတွေဟာ ထူးဆန်းလွန်းလို့ ဘဘတို့ ယုံကြမှာမဟုတ်ဘူး"

ကျွန်တော်က စကားပလ္လင်ခံလိုက်သည်။

"ဒါပေမယ့်... တချို့အဖြစ်တွေအတွက် ကိုထွဋ်က သက်သေခံပါလိမ့်မယ်"

"ကြီးကြီးကျယ်ကျယ် လင်းထည်ဝါရယ်၊ နင်က ငါတို့ကို ဘာများပြောမလို့ ဒါလောက် ကွေ့ဝိုက်နေရတာလဲ"

မေမေက ကျွန်တော်စကားရှည်နေသည်ကိုသည်းမခံနိုင်ပဲ ပြောလိုက်သည်။

"မေမေတို့မယုံမှာစိုးလို့ သားက နိဒါန်းပျိုးနေတာပါ၊ ဒီလို ပါမေမေ၊ သား... သား... အကြားအမြင်ရနေတယ်"

"ဘာ–"

"ဟေ–"

"ကဲ– မေမေတို့ ဘဘတို့ လက်မခံနိုင်ကြဘူးမဟုတ်လား၊ သားပြောပြမယ်နော်၊ သား စက်ကွင်းမိလို့ဆေးရုံရောက်ပြီးနောက်ပိုင်း... သတိပြန်ရလာတော့..."

ကျွန်တော်က ရှေ့အဖြစ်များကို ကြိုကြိုမြင်နေရသည့် ကျွန်တော့်အကြောင်းကို အစဉ်အတိုင်း ပြောပြလိုက်သည်။

ဆေးရုံမှာ တကယ်သတိမရခင် ကြိုမြင်ရပုံ...

ကိုရဲနိုင်ဖိတ်စာလာမပေးခင် ကြိုသိနေပုံ...

မအေးလိမ့်ကျမှာကို ကြိုမြင်ရပုံ...

www.burmeseclassic.com

''အဲဒါတွေက သားတစ်ယောက်တည်း ကြုံရတာတွေမို့လို့ သက်သေပြလို့မရသေးပါဘူး။ မနေ့က... မေမေ့အတွက် လက်မှတ်သွားဝယ်တော့...'

လက်ဖက်ရည်ဆိုင်မှာ ကိုဘိုဖြူလာမှာကို ကြိုသိနေပုံ...

အသွားလမ်းတွင်တွေ့ခဲ့သည့် မီးပွိုင့်ဖြတ်မောင်းသောကားလေး အရေးယူခံရပုံအား အပြန်လမ်းမှာ တကယ်မြင်ရပုံ...

''အဲဒါတွေကတော့ ဘေးမှာ ကိုထွန်းတစ်ယောက်လုံးပါတယ်၊ မယုံရင် ကိုထွန်းကို ခေါ်မေးကြည့်ပါမေမေ''

''နင့်ဟာက အဆန်းပါလား လင်းထည်ဝါ၊ ငါ နင့်ကို ထားခဲ့ရမှာတောင် စိတ်မချတော့ဘူး။ နင့်ဟာ ဟုတ်ရောဟုတ်ရဲ့လားဟယ်၊ ငါ့ကိုတော့ စိတ်မဖြောင့်အောင် လုပ်မနေနဲ့နော်''

''မေမေကလည်းဗျာ၊ အကြောင်းမဟုတ်ပဲနဲ့ သားက ဒါတွေ ဘာလို့ပြောနေမှာလဲ၊ မေမေက သားကိုထားခဲ့ရမှာစိတ်မချသလို၊ သားကလည်း မေမေတစ်ယောက်တည်းရန်ကုန်ပြန်သွားရင် လမ်းမှာကြုံရမယ့်ဒုက္ခတွေကြိုမြင်ထားလို့ တားမလို့မေမေ''

''ဘာ–''

''ဟုတ်တယ်မေမေ၊ မေမေရန်ကုန်ပြန်ရင် လမ်းမှာဒုက္ခဖြစ်လိမ့်မယ်၊ စိတ်ညစ်ရလိမ့်မယ်၊ ပြီးတော့... ရန်ကုန်မှာလည်း''

''ရန်ကုန်မှာ ဘာဖြစ်လဲ''

''ရန်ကုန်မှာလည်း မုန်တိုင်းတစ်ခုတိုက်လိမ့်မယ်မေမေ''

''လင်းထည်ဝါ''

''သားပြောတာယုံပါမေမေ၊ သားမနေ့ကတစ်နေ့တည်းမှာ မြင်ကွင်းနှစ်ခုမြင်ရတယ်၊ အဲဒါတွေက...''

ကားလမ်းမပေါ်မှာ မေမေဒုက္ခရောက်နေသည့်မြင်ကွင်း...

''––––––––––––––––––––––––––––––––––––––––––––––––''

...နှင့် မုန်တိုင်းကျသောမြင်ကွင်း...

''––––––––––––––––––––––––––––––––––––––––––––––––––––––––––''

...များကို ကျွန်တော်ပြောပြလိုက်သည်။

''အဲဒီတော့ မေမေမပြန်ပါနဲ့ဦးမေမေ''

''ဟင်– နင့်ဟာက ယုံရအခက် မယုံရအခက်ပဲ၊ ကိုကို၊ လုပ်ပါဦး။ လင်းထည်ဝါပြောတာတွေ တကယ်ဖြစ်နိုင်သလားဟင်''

မေမေက ဘဘကို စစ်ကူတောင်းလိုက်သည်။

ဘဘက မျက်မှောင်ကြီးကြုတ်ကာ စဉ်းစားနေ၏။

''လင်းထည်ဝါက အကိုးအကားနဲ့ပြောတော့လည်း ခက်သားလား။ မယုံလို့ ညီမလေးပြန်သွားရင်လည်း သူပြောသလို လမ်းမှာ ဒုက္ခရောက်နေရင် မခက်ပါလားအေ''

ကြီးကြီးက ဝင်ပြောလိုက်ခြင်းဖြစ်ပါသည်။

ထိုစဉ်... အိမ်ရှေ့တံခါးပေါက်မှ ဝင်လာသောလူရိပ်တစ်ခုကြောင့် ကျွန်တော်က လှည့်ကြည့်လိုက်သည်။

မေမေ၊ ဘဘနှင့်ကြီးကြီးကလည်း ကျွန်တော်ကြည့်သည့်ဖက်ကို လှည့်ကြည့်လိုက်ကြသည်။

အိမ်အဝတွင် ရပ်နေသော အိန္ဒိယအမျိုးသားတစ်ယောက်။ သူသည် အပေါ်အောက်အဖြူရောင်ဝတ်စုံဝတ်ထားသော ပုဏ္ဏားတစ်ယောက်ဖြစ်ပါသည်။ ချည်လွယ်အိတ်ကြီးကြီးတစ်ခုကို လွယ်ထားသည်။ ဖော့လုံးတစ်ခုကို ခေါင်း၌စွပ်ထားသည်။ နဖူးမှာ ဆေးနီတို့ထား၏။

ပုဏ္ဏားက ကိုယ်ကိုကိုင်းညွတ်ရင်းပြောလိုက်သည်။

''ဗေဒင်မေးမလားခင်ဗျာ၊ အတပ်ဟော ပုဏ္ဏားဗေဒင် သိပ်မှန်တယ်ခင်ဗျ၊ တစ်ယောက်အတွက် သုံးရာပဲကျပါတယ်၊ အတပ်ဟော ပုဏ္ဏားဗေဒင်ပါ''

''မကြည့်သေးပါဘူးဗျာ''

ကျွန်တော်က လှမ်းပြောလိုက်ရာ ပုဏ္ဏားက ဆလံပေးရင်း ပြန်ထွက်သွားလေသည်။

''မအေးကလည်း အိမ်ရှေ့တံခါးကို ပိတ်မထားပဲကိုး''

''ဟဲ့– လင်းထည်ဝါ၊ နင်ဘာတွေပြောနေတာလဲ၊ ခုနက ဘယ်သူ့ကို ဘာပြောလိုက်တာလဲ''

www.burmeseclassic.com

''ဗျာ–''

မေမေမေးလိုက်၍ ကျွန်တော်ကြောင်သွားသည်။

''ပုဏ္ဏားက ဗေဒင်မေးမလားလို့လာမေးလို့ မမေးသေးဘူးလို့ သားပြောလိုက်တာလေ၊ ဘာဖြစ်လို့လဲ၊ မေမေမေးချင်လို့လား။ ပြန်ခေါ်လိုက်ရမလား''

''လင်းထည်ဝါ၊ ဘယ်ပုဏ္ဏားမှ အိမ်ကိုမလာဘူးကွ၊ ငါတို့လည်း မင်း တံခါးဝကိုလှည့်ကြည့်လို့ ကြည့်လိုက်တာ၊ ပုဏ္ဏားမပြောနဲ့ ခွေးတစ်ကောင် ကြောင်တစ်ပြီးတောင် အပေါက်ဝမှာမရှိဘူး။ မင်းဟာမင်း တစ်ယောက်တည်း စကားပြောနေတာပဲ ငါတို့မြင်တယ်''

''ဗျာ– ဗျာ– ဒါဆိုရင်… ဒါဆိုရင်… ကျွန်တော် ကြိုမြင်ရပြန်ပြီပေါ့၊ ဘဘတို့ ပုဏ္ဏားကို မမြင်ရတာ သေချာတယ်နော်''

''ခြော်ကွာ… မင်းကလည်း''

''ဒါဖြင့်… မကြာခင် ပုဏ္ဏားတစ်ယောက်ရောက်လာလိမ့်မယ်၊ ဗေဒင်မေးမလားလို့မေးလိမ့်မယ်၊ ပုဏ္ဏားအတပ်ဟောဗေဒင်၊ လူတစ်ယောက်ကို သုံးရာကျမယ်လို့ ပြောလိမ့်မယ် ဘဘ၊ စောင့်ကြည့်နေပါ''

ကျွန်တော်တို့ ပြောဆိုနေကြစဉ် ကိုထွန်း၏ အခန်းထဲမှထွက်လာသည်။

''ဘာတွေဖြစ်နေကြတာလဲ''

''ကိုထွန်း၊ ကျွန်တော် မဖြစ်သေးတာတွေ ကြိုမြင်နေရပြန်ပြီဗျာ၊ ပုဏ္ဏားတစ်ယောက်ရောက်လာပြီး ဗေဒင်မေးမလားလို့ မေးတယ်၊ အဲဒါကို ဘဘတို့ ကြီးကြီးတို့ မမြင်ရဘူး။ ကျွန်တော်တစ်ယောက်ပဲ မြင်ရတာဗျ''

''ဟုတ်တယ်ဖေဖေ၊ ကိုလင်း အကြားအမြင်ပေါက်နေတာတော့ တကယ်ပဲ၊ ကျွန်တော်လည်း သူပြောတုံးက မယုံဘူး၊ မနေ့က လက်ဖက်ရည်ဆိုင်မှာ…''

ကိုထွန်းက သူ့အတွေ့အကြုံကို ပြောပြဖို့ ပြင်နေစဉ်မှာပင်…

အိမ်ရှေ့တံခါးဝတွင် လူရိပ်တစ်ခု ထိုးကျလာသည်။

အားလုံးပင်လှည့်ကြည့်လိုက်ကြ၏။

အိမ်အဝတွင် ရပ်နေသော အိန္ဒိယအမျိုးသားတစ်ယောက်။ သူသည် အပေါ်အောက်အဖြူရောင်ဝတ်စုံဝတ်ထားသော ပုဏ္ဏားတစ်ယောက်ဖြစ်ပါသည်။ ချည်လွယ်အိတ်ကြီးကြီးတစ်ခုကို လွယ်ထားသည်။ ဖောလုံးတစ်ခုကို ခေါင်း၌ရွပ်ထားသည်။ နဖူးမှာ ဆေးနီတို့ထား၏။

ကျွန်တော် မကြာခင်အချိန်လေးကမြင်ထားရသော ပုဏ္ဏားပင် ဖြစ်ပါသည်။

ပုဏ္ဏားက ကိုယ်ကိုကိုင်းညွတ်ရင်းပြောလိုက်သည်။

''ဗေဒင်မေးမလားခင်ဗျာ၊ အတပ်ဟော ပုဏ္ဏားဗေဒင် သိပ်မှန်တယ်ခင်ဗျ၊ တစ်ယောက်အတွက် သုံးရာပဲကျပါတယ်၊ အတပ်ဟော ပုဏ္ဏားဗေဒင်ပါ''

ဧည့်ခန်းတွင်ရှိနေသောလူလေးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် တစ်လှည့်စီကြည့်လိုက်ကြ၏။

ဘယ်သူကမှပြန်မဖြေသောကြောင့် ပုဏ္ဏားက နောက်တစ်ခေါက် ထပ်ပြောလိုက်ပြန်သည်။

''ဗေဒင်မေးမလားခင်ဗျာ၊ အတပ်ဟော ပုဏ္ဏားဗေဒင် သိပ်မှန်တယ်ခင်ဗျ၊ တစ်ယောက်အတွက် သုံးရာပဲကျပါတယ်၊ အတပ်ဟော ပုဏ္ဏားဗေဒင်ပါ''

''မမေးသေးပါဘူးရှင်၊ သွားပါဦးတော့''

ကြီးကြီးက ပြောလိုက်ခြင်းဖြစ်ပါသည်။

ပုဏ္ဏားက ဆလံပေးပြီး အိမ်အဝမှ လှည့်ထွက်သွားလေသည်။

''ကဲ– ပုဏ္ဏားနဲ့ကျွန်တော် ညှိပြီးဇာတ်တိုက်ထားတာမဟုတ်ဘူးဆိုတာတော့… ဘဘတို့ မေမေတို့ ယုံပါတယ်နော်''

♛♛♛♛♛

www.burmeseclassic.com

( ၁၁ )

မေမေက ရန်ကုန်ပြန်မည့် အစီအစဉ်ကို ဖျက်လိုက်ပါသည်။

ကြိုတင်စီစဉ်ထားပြီးမှ မပြန်ဖြစ်သည့်အတွက် ဖေဖေ့ကို ဖုန်း ဆက်အကြောင်းကြားရပြန်ပါသည်။

''နင့်အဖေကို နင်အကျိုးအကြောင်းပြောပြဦးလေ''

''မပြောတော့ဘူးမေမေ၊ သားပြောရင် ဖေဖေယုံမှာမဟုတ်သေးဘူး။ မေမေ့ဟာမေမေ ပြောလိုက်ပါ''

မေမေက ဖေဖေ့ကို ကျွန်တော့်အကြောင်းများအား ဖုန်းထဲမှ ပြောပြနေသည်။

''အဲဒါပဲကိုရေ… ကိုယ့်သားကြောင့်… လင်း လက်မှတ်ဝယ်ပြီးမှ မပြန်ဖြစ်တော့တာ၊ သူပြောသလို တကယ်ဖြစ်လာ,မလာတော့ စောင့်နားထောင်ကြည့်ရမှာပဲ''

''သားပြောသလို တကယ်ဖြစ်မလာဘူးဆိုရင် မေမေရန်ကုန်အပြန်မှာ သားပြန်လိုက်ခဲ့ပါမယ်မေမေ၊ သားမန္တလေးမှာ မနေခဲ့တော့ပါဘူး''

ကျွန်တော်က ရဲရဲဝံ့ဝံ့ပင် စိန်ခေါ်လိုက်လေသည်။

♛♛♛♛♛

( ၁၂ )

ထိုနေ့က တစ်နေ့လုံး ကျွန်တော့်စိတ်တွေ ဂနာမငြိမ်ဖြစ်နေသည်။ ကျွန်တော်တစ်ယောက်တည်းတောင် မဟုတ်ပါ။ မေမေရော၊ ကြီးကြီးရော စိတ်လှုပ်ရှားနေကြတာသိသာသည်။

သူတို့သည် ကျွန်တော်ပြောသည့်စကားများကို ယုံရခက်၊ မယုံရခက်ဖြစ်နေကြပုံပေါ်သည်။ ပုဏ္ဏားရောက်လာသည့်အဖြစ်ကြောင့်သာ ယုံလိုက်ကြခြင်းဖြစ်သည်။

မုန်တိုင်းကျမယ်၊ ကားလမ်းမှာ အနှောက်အယှက်တွေ့မယ်ဆိုတာတွေကတော့ အများပြည်သူနှင့်ပါသက်ဆိုင်နေသည့်ကိစ္စမို့ မယုံမရဲဖြစ်နေကြပုံပေါ်သည်။

ထိုအတွက် ကျွန်တော်ကိုယ်တိုင်လည်း စိတ်မှာမတင်မကျ ဖြစ်နေရပါသည်။ တကယ်သာ ကျွန်တော်မြင်ခဲ့တဲ့မြင်ကွင်းများအတိုင်း ဖြစ်မလာခဲ့ရင် ဘဲ့နဲ့လုပ်မလဲ။ ရှေ့မှာကြုံခဲ့သည့် တကယ့်အဖြစ်ဆန်းများကိုပင် ယုံကြတော့မည်မဟုတ်ပေ။

ကျွန်တော့်ပြောစကားမှန်စေချင်၍ မုန်တိုင်းကြီးတကယ်တိုက်ပါစေလို့လည်း ဆုတောင်းကောင်းသောအရာမဟုတ်ပါ။ ကျွန်တော့်မှာ နိမိတ်ထင်လာသောမုန်တိုင်းကြီး အမှန်တကယ်ဖြစ်မလာစေနဲ့လို့သာ ဆုတောင်းသင့်တယ်မဟုတ်ပါလား။

မည်သို့ပင်ဆိုစေ… သဘာဝတရားအတိုင်း ရာသီဥတုဖောက်ပြန်လို့ မုန်တိုင်းကျလာမည်ဆိုလျှင်တော့ မည်သူကမှ တားဆီးနိုင်မည် မဟုတ်ပါ။

မေလ၂-ရက်နေ့ဖြစ်သောထိုနေ့သည် ကုန်ခဲလှလေစွ။

မေမေက ရန်ကုန်ပြန်ရန်ထုတ်ပိုးထားသောပစ္စည်းများကို အထုတ်ထဲမှပြန်ထုတ်နေသည်။ လက်ဆောင်မုန့်များကို ရေခဲသေတ္တာထဲ ထည့်နေသည်။ နှုတ်မှလည်း တတွတ်တွတ်ဖြင့် ဘုရားစာများရွတ်ဆိုနေလေ၏။

\+ + + + +

သည်လိုနှင့်… ညပိုင်းကိုရောက်လာခဲ့သည်။

မေမေလိုက်ပါရန်စီစဉ်ထားသော အဝေးပြေးကားကြီးလည်း သူ့ပုံမှန်အချိန်အတိုင်း မန္တလေးမြို့မှထွက်ခွာသွားလောက်ပါပြီ။ မေမေကတော့ ဝယ်ထားသောလက်မှတ်အဆုံးခံ၍ မန္တလေးမှာကျန်နေရစ်ခဲ့သည်။ မေမေနေရစ်ခဲ့ခြင်းသည် အဓိပ္ပါယ်ရှိသောလုပ်ရပ်မှဖြစ်လာပါ့မည်လား။

ညပိုင်းတွင်… မေမေက ရန်ကုန်အိမ်ကိုဖုန်းခေါ်ကြည့်၏။

တယ်လီဖုန်းလိုင်းမဝင်ပါ။

သေချာအောင် ရန်ကုန်မှ အခြားအသိမိတ်ဆွေများ၏ဖုန်းများကို တစ်လုံးပြီးတစ်လုံးခေါ်ကြည့်သည်။ ဘယ်ကိုမှခေါ်လို့မရပါ။

ရန်ကုန်မှာ ဘာတွေဖြစ်နေပြီလဲ။ ကျွန်တော်မြင်ခဲ့ရသလိုများ မုန်တိုင်းတိုက်နေပြီလား။ ဖွ-လွဲပါစေ၊ ဖယ်ပါစေ။

ဖုန်းခေါ်မရ၍ မေမေသည် ဘုရားစင်ရှေ့ရောက်သွားကာ ဘုရားရှိခိုးနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


ညကိုးနာရီလောက်တွင် တီဗီလိုင်းများပြတ်တောက်သွားသည်။

ရာသီဥတုကတော့ မန္တလေးတွင် ထိုညက သာသာယာယာရှိ နေခဲ့ပါသည်။ လွန်ခဲ့သောနှစ်ရက်သုံးရက်က ရွာခဲ့သောမိုးသည် ပြန်၍ပါးသွားပြန်သည်။

တကယ်တော့ ကျွန်တော်တို့အိမ်က မိသားစုလေးယောက်သာလျှင်... ကျွန်တော်မြင်ထားသည့်မြင်ကွင်းကြောင့် စိုးရိမ်သောကရောက်ကာ စိတ်လှုပ်ရှားနေမိကြခြင်းဖြစ်ပါသည်။ မန္တလေးတစ်မြို့လုံးကတော့ ရာသီဥတုသာမန်အတိုင်းရှိနေသည့်အတွက် မုန်တိုင်းဆိုသည့်စကားလုံးကို ထိုအချိန်တုံးက ယောင်လို့ပင် မတွေးမိခဲ့ကြပါချေ။

♛♛♛♛♛

( ၁၃ )

နောက်တစ်နေ့မနက်ကို ရောက်ခဲ့ပါပြီ။

၂၀၀၈ခုနှစ်၊ မေလ(၃)ရက်။ စနေနေ့။

ရန်ကုန်အပါအဝင် မြန်မာပြည်အောက်ပိုင်းတစ်ခုလုံးတွင် ကြီးမားသောမုန်တိုင်းကြီးတစ်ခုရိုက်ခတ်သွားသည့်သတင်းက တစ်နိုင်ငံလုံးတွင်မက... တစ်ကမ္ဘာလုံးဆီသို့ ပျံ့နှံ့သွားလေသည်။

ထိုနေ့တစ်နေ့လုံး... ရန်ကုန်နှင့်အဆက်အသွယ်မရခဲ့ပါ။

ရေဒီယိုမှထုတ်လွှင့်သောသတင်းများအရ ပြင်းထန်သောမုန်တိုင်းသတင်းကို အသေးစိတ်သိလိုက်ရသည်။ လေပြင်းကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျသည်၊ လဲကျသည်။ တယ်လီဖုန်းလိုင်းကြိုးများ ပြတ်တောက်သွားသည်ဟုဆိုပါသည်။

မြန်မာပြည်အောက်ပိုင်းတစ်ခုလုံး အပျက်အစီးများဖြင့် တင်းကြမ်းပြည့်သွားခဲ့ပြီတဲ့။ အိမ်များပြိုသည်၊ ရေများကြီးသည်၊ ရေထဲက သင်္ဘောများ မှောက်သည်၊ ဓာတ်တိုင်များကျိုးပျက်သွားသည်၊ လူတွေလည်း အသေအပျောက်ရှိသည်။ ပျောက်ဆုံးနေသောလူများလည်းရှိသည်ဟုဆိုသည်။

ကျွန်တော်ကြိုမြင်ခဲ့သောမြင်ကွင်းသည် အမှန်တကယ်ဖြစ်ပျက်ခဲ့ပါပကော။

နောက်ပိုင်းတွင် လက်တွေ့ကြုံခဲ့ရသူများပြန်ပြောသည့်စကားများအရ ရန်ကုန်–မန္တလေးလမ်းမကြီးတွင် ထိုညက ခရီးသွားခဲ့သော ယာဉ်ရထားများ ဒုက္ခရောက်ရပုံမှာ ကျွန်တော်ကြိုမြင်ထားသည်နှင့် တစ်ထပ်တည်း ဖြစ်နေခဲ့ပါသည်။

အဝေးပြေးကားများ သွားမရတော့၍ လမ်းခရီးမှာပင် ရပ်ထားရသည်။ ညောင်လေးပင်၊ ကျောက်တံခါး၊ ပဲခူးယ်ကုန်းတဝိုက်တွင် မန္တလေးမှ မေလ(၂)ရက်နေ့ကထွက်ခွာသွားသောကားများ သောင်တင်နေခဲ့သည်။ မုန်တိုင်းကြောင့် ရှေ့ဆက်မသွားနိုင်ခြင်းဖြစ်သလို၊ လမ်းပေါ်တွင် လဲကျနေသော သစ်ပင်ကြီးများကြောင့် ခရီးစဉ်ကို ရပ်နားလိုက်ရခြင်းဖြစ်သည်တဲ့။ ခရီးသည်များမှာ လမ်းခုလတ်မှာပင် ကျွန်တော့်မြင်ကွင်းထဲကအတိုင်း ဒုက္ခကြုံခဲ့ရပါသည်။ မေလ(၂)ရက်နေ့ညကိုးနာရီလေးဆယ့်ငါးတွင် မန္တလေးဘူတာကြီးမှထွက်ခွာသွားသော အထူးအမြန်ရထားသည် ကျောက်တံခါးဘူတာတွင် နောက်တစ်နေ့ညနေအထိ ရပ်နားထားခဲ့ရ၏။

မုန်တိုင်းဗဟိုချက်မဟုတ်သော အဖျားအနားဒေသများတွင်ပင် ထိုမျှ ဒုက္ခကြုံခဲ့ရလျှင် မုန်တိုင်းဒဏ်ခံလိုက်ရသောဒေသများ၌ မည်သို့ရှိလိမ့်မည်နည်း။ ခန့်မှန်းဖို့ပင် မရဲတင်းတော့ပါ။

မေမေသည် ရန်ကုန်နှင့်အဆက်အသွယ်ပြတ်နေ၍ ဖေဖေ့အတွက်စိုးရိမ်ကာ ဘုရားစင်ရှေ့မှ မထတမ်း ပုတီးထိုင်စိတ်နေတော့သည်။

\+ + + + +

www.burmeseclassic.com

ကြီးမားစွာတိုက်ခတ်ခဲ့ပြီး… လူပေါင်းများစွာကိုဒုက္ခပေးခဲ့သည့် မုန်တိုင်းကြီး၏အမည်ကို **"နာဂစ်မုန်တိုင်း"**ဟု ကျွန်တော်တို့ သိမှတ်ခဲ့ရပါသည်။

နာဂစ်မုန်တိုင်းတိုက်ပြီး သုံးရက်မြောက်နေ့ကျမှပင်**…** ရုပ်မြင်သံကြားစက်များကို ပြန်ဖမ်းလို့ရတော့သည်။ ထိုအခါ**…** ကျွန်တော်တို့သည် မြန်မာပြည်အောက်ပိုင်းမှ အပျက်အစီးသတင်းများကို တီဗီမြင်ကွင်း၌ မျက်မြင်ကိုယ်တွေ့ မြင်တွေ့ခွင့်ရလိုက်လေတော့သည်။

ထိုရက်ပိုင်းတွင်ထွက်လာသောဂျာနယ်များ၌လည်း**…** မုန်တိုင်းသတင်းဆောင်းပါးများ၊ မုန်တိုင်းဒဏ်ခံ အပျက်အစီးဓာတ်ပုံများဖြင့် ဝေဆာနေတော့သည်။

တယ်လီဖုန်းလိုင်းတစ်ချို့လည်း ပြန်ပွင့်သွားပါပြီ။

ဖေဖေနှင့်ဖုန်းအဆက်အသွယ်ရသည်။

"ငါ့သားမြင်ခဲ့တာတွေအကုန်လုံး မှန်နေပြီပေါ့"

**…**ဟု ဖေဖေကဆိုသည်။

"လင်း ပြန်မလာနဲ့ဦး၊ ကိုယ်တို့အိမ်ကတော့ တိုက်ခန်းမို့လို့ အပျက်အစီးရယ်လို့ မရှိပါဘူး၊ အပေါ်ဆုံးထပ်တစ်ထပ်ပဲ အမိုးတွေလန်သွားတယ်၊ ဒါပေမယ့်… မီးမရဘူး၊ လျှပ်စစ်လိုင်းတွေ အကုန်ပြတ်တောက်သွားတယ်၊ ရေလည်း မရဘူး၊ သက်ဆိုင်ရာတွေကတော့ အမြန်ဆုံး ပြန်ပြီးပြုပြင်နေပါပြီ၊ အိမ်ရှေ့လမ်းမပေါ်မှာလည်း ရေလျှံလို့ ဒူးဆစ်မြုပ်တဲ့အထိရောက်နေပြီ**…** သောက်ရေမရှိလို့ ရေသန့်တစ်ဗူးကို တစ်ထောင်နဲ့ဝယ်သောက်နေရတယ်၊ သောက်စရာရေကို ပိုက်ဆံအကုန်ခံလို့ ရနိုင်ပေမယ့် ရေမလာတော့ အိမ်သာသုံးစရာ၊ အိုးခွက်ပန်းကန်ဆေးစရာတောင် မရှိကြတော့ဘူးပေါ့၊ ပစ္စည်းတွေလည်း အကုန်လုံး ဈေးကြီးဈေးတက်ကုန်ကြတယ်**…**

"ဒီတော့**…** မင်း မန္တလေးမှာပဲ တစ်ပတ်ဆယ်ရက်တန်သည် ဆက်နေလိုက်ဦးကွာ၊ ကိုယ့်အတွက်တော့ စိတ်မပူပါနဲ့၊ တစ်ယောက်တည်းဆိုတော့ဖြစ်သလိုနေနိုင်ပါတယ်၊ မုန်တိုင်းဘေးကနေ မင်းလွတ်သွားတာ မင့်သားကိုကျေးဇူးတင်ရမှာပေါ့"

♛♛♛♛♛

www.burmeseclassic.com

( ၁၄ )

''လင်းထည်ဝါမြင်သမျှတွေက အမှန်တွေဖြစ်နေပါလား''

ဘဘက တအံ့တသြပြောသည်။

''သူပြောတုံးက ငါမယုံဘူး။ သူကြုံခဲ့ရတာတွေကိုလည်း တိုက်ဆိုင်လို့ပဲထင်ခဲ့တယ်၊ အခုရော... အဲဒီလို ရှေ့အဖြစ်ကိုမြင်ယောင်တာတွေ ရှိသေးသလား လင်းထည်ဝါ''

''လောလောဆယ်တော့ မရှိသေးပါဘူးဘဘ''

''မင်း ဘာဖြစ်လို့ အဲဒီလိုဖြစ်တယ်လို့ထင်သလဲ''

''သား မိုးကြိုးစက်ကွင်းမိပြီး သတိရလာတဲ့အချိန်ကစပြီး ဖြစ်တာဆိုတော့ စက်ကွင်းကြောင့်ပဲလို့ သားထင်တယ်ဘဘ''

''ဟုတ်မှာပေါ့လေ... ဒါပေမယ့် ဒါဟာ ဂုဏ်ယူစရာတစ်ခုတော့ မဟုတ်ဘူး လင်းထည်ဝါ''

''ဗျာ– ဘဘ''

''ဒါဟာ နော်မယ်လ်မဟုတ်ဘူးလေ၊ သူတကာထက်ထူးခြားပြီး ဖြစ်နေတာဟာ ရောဂါတစ်ခုပဲ''

''သားလည်း ဒီအဖြစ်မျိုး မဖြစ်ချင်ပါဘူးဘဘ၊ ဂုဏ်လည်းမယူပါဘူး''

''အေး... ဒါဖြင့် ဆရာဝန်ပြကြည့်တာကောင်းမယ်၊ ရောဂါမရင့်ခင် လုပ်သင့်တာလုပ်ထားမှဖြစ်မယ်''

''သားအဖြစ်က ကုဖို့သဖို့လိုတဲ့ ရောဂါမျိုးမို့လို့လား ကိုကိုရယ်''

မေမေက ဝင်ပြောလိုက်သည်။

''သာမန်ကြည့်ရင်တော့ပြဿနာမဟုတ်ဘူးပေါ့၊ ဒါပေမယ့် နင့်သားကို တစ်သက်လုံးလူထူးလူဆန်းကြီးဖြစ်သွားမှာမြင်ချင်သလားလင်းလင်း''

''လောလောဆယ်တော့... သားကြောင့် ညီမလေး အန္တရာယ်တစ်ခုက လွတ်မြောက်သွားတယ်လေ''

''နင်တစ်ယောက်ကြုံရမယ့် အခက်အခဲက ရှောင်လွှဲနိုင်တာပါ လင်းလင်းရ၊ မုန်တိုင်းကြီးကိုတော့ သူ မတားဆီးနိုင်ပါဘူး။ ပြီးတော့... သူ ကြိုမြင်တဲ့အဖြစ်တွေအကုန်လုံးဟာ ဖြစ်လာတာပဲလေ၊ အန္တရာယ်တစ်ခုကြုံရမယ်ဆိုတာ ကြိုသိရုံနဲ့ ဘာအကျိုးထူးသလဲ၊ ကြာရင်... စိတ်ဆင်းရဲစရာတွေဖြစ်လာလိမ့်မယ်''

''ဘဘပြောတာ မှန်တယ်မေမေ၊ သားကြိုသိရတဲ့အဖြစ်တွေအတွက် တစ်ခုမှစိတ်ချမ်းသာစရာမကောင်းဘူး၊ ကြိုသိနေရတာကိုက စိတ်ဆင်းရဲခြင်းတစ်မျိုးပဲ''

''အဲဒါကြောင့်.... နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့ပြကြည့်ဖို့ လိုတယ်လို့ပြောတာပေါ့''

''ဘယ်လိုဆရာဝန်မျိုးကိုပြမလဲကိုကို၊ သူ့ဟာက စိတ်ရောဂါလား ဘာရောဂါလဲ''

''ဦးနှောက်နဲ့အာရုံကြောပါရဂူကိုပြရမှာပေါ့၊ အဖြေရှာကြည့်ဖို့ကတော့ ပညာရှင်ရဲ့အပိုင်းပဲလေ''

''ဒါဆိုလည်း ကိုကို့သဘောပဲလေ''

''မနက်ဖန် ညပိုင်း ဒေါက်တာအောင်ခန့်နဲ့သွားတွေ့ကြတာပေါ့၊ ဒေါက်တာအောင်ခန့်ကတော့ ဦးနှောက်နဲ့အာရုံကြောပါရဂူတစ်ယောက်ပဲ၊ ဒေါက်တာအောင်ခန့် ဘယ်ဆေးခန်းမှာထိုင်သလဲဆိုတာ စုံစမ်းပြီး သွားကြတာပေါ့''

\+ + + + +

သည်လိုနှင့် ကျွန်တော်တို့ ဦးနှောက်နဲ့အာရုံကြောပါရဂူ ဆရာဝန်ကြီးဒေါက်တာအောင်ခန့်နှင့်တွေ့ဆုံရန် နောက်တစ်နေ့... မေလ(၇)ရက်နေ့ ညနေတွင် သွားခဲ့ကြပါသည်။

ဘဘက ဒေါက်တာအောင်ခန့်ထိုင်သောဆေးခန်းကို စုံစမ်းလာခဲ့သည်။

ဗုဒ္ဓဟူးနေ့ညနေတိုင်း ဒေါက်တာအောင်ခန့်ထိုင်လေ့ရှိသည့် လမ်းဒုဝမှဆေးတိုက်ကြီးတစ်ခုသို့ ဘဘရယ်၊ မေမေရယ်၊ ကျွန်တော်ရယ် လာခဲ့ကြသည်။

ဒေါက်တာအောင်ခန့်အခန်းထဲသို့ ကျွန်တော်နှင့်ဘဘတို့ ဝင်တွေ့ခွင့်ရပါသည်။

ဒေါက်တာအောင်ခန့်မှာ... နဖူးပြောင်ပြောင်၊ ဆံပင်ပါးပါး၊ မျက်နှာပြည့်ပြည့်နှင့် အမြဲပြုံးနေသောနှုတ်ခမ်းပိုင်ရှင်... အသက်ငါးဆယ်ကျော်အရွယ် ခန့်ခန့်ညားညားဆရာဝန်ကြီးတစ်ယောက်ဖြစ်ပါသည်။

ဒေါက်တာအောင်ခန့်က ကျွန်တော်ပြောပြသော အနာဂတ်အဖြစ်ကိုကြိုမြင်သည့်ဖြစ်ရပ်များကို စိတ်ဝင်စားစွာ နားထောင်နေခဲ့သည်။

www.burmeseclassic.com

“တော်တော်တော့ ထူးဆန်းတာပဲဟေ့၊ ဆရာကြီးတော့ ဒါမျိုး တစ်ခါမှ မကြုံဖူးဘူးကွယ်”

ကျွန်တော့်စကားဆုံးသည့်အခါ ဆရာဝန်ကြီးက မှတ်ချက်ချသည်။

“အနာဂတ်အဖြစ်ကို ကြိုမြင်ရတဲ့အချိန်မှာ ဒါဟာ ရှေ့မှာဖြစ်လာမယ့်အဖြစ်တစ်ခုဆိုတာကို မောင်လင်းထည်ဝါ ဘယ်လိုခန့်မှန်းမိလဲ”

“အစပိုင်း နှစ်ကြိမ်သုံးကြိမ်မှာတော့ သတိမထားမိပါဘူးဆရာကြီး။ နောက်ပိုင်းတော့ ကျွန်တော် သတိပြုမိလာပါတယ်၊ အနာဂတ်အဖြစ်ကို ကြိုမြင်တော့မယ်ကြရင် ကျွန်တော် အိပ်ငိုက်သလို သတိလစ်ကနဲ ဖြစ်သွားတတ်တယ်၊ အဲဒါလည်း ခဏပါပဲ”

“နာဂစ်မုန်တိုင်းကျမှာကို ကြိုမြင်ရတယ်ဆိုတာကတော့ အံ့ဖွယ်သရဲပါပဲ၊ တခြားအဖြစ်တွေကတော့ ကိုယ့်ပတ်ဝန်းကျင်က အဖြစ်တွေပဲ ပေါ့နော်၊ ဒီလိုဆို နေရာဒေသတစ်ခုခု၊ လူတစ်ယောက်ယောက်ကို အာရုံယူပြီး ရှေ့ဘာဖြစ်မယ်ဆိုတာကို ကြိုမြင်ယောင်ကြည့်လို့ရော ဖြစ်နိုင်မလား မောင်လင်းထည်ဝါ”

“မဖြစ်နိုင်ပါဘူးဆရာကြီး။ ကျွန်တော်စမ်းသပ်ကြည့်ပြီးပါပြီ”

ကျွန်တော်က ကိုထွဋ်ကြည်နိုင်း၍ ဘောလုံးပွဲအနိုင်အရှုံးကိုအာရုံယူကြည့်ရာ...ဘယ်လိုမှမအောင်မြင်သည့်အကြောင်းကို ပြောပြလိုက်သည်။

“မောင်လင်းထည်ဝါကြိုမြင်ခဲ့တဲ့ အနာဂတ်အဖြစ်တွေဟာ မြင်ယောင်ပြီး ဘယ်လောက်ကြာကြာမှာ အမှန်တကယ်ဖြစ်လာတတ်သလဲ”

ကျွန်တော်က ပြန်စဉ်းစားပြီး ပြောပြလိုက်သည်။

“သတိလစ်သွားပြီး ပြန်သတိရသလို မြင်ယောင်မိတဲ့ဖြစ်ရပ်နဲ့ တကယ်သတိရလာတာ ဘယ်လောက်အချိန်ကွာသလဲဆိုတော့ ပြောဖို့ခက်ပါတယ် ဆရာကြီး၊ အိမ်ဖော်မလေး လေကားပေါ်က ချော်ကျတာတို့၊ အိမ်ကိုဖိတ်စာလာပေးတဲ့လူကို ကြိုမြင်ရတာတို့ကတော့ မိနစ်ပိုင်းအတွင်းမှာ ဖြစ်လာတာပါ၊ ချက်ချင်းကိုဖြစ်လာတယ်ပြောရမှာပေါ့၊ အဲ... မီးပွိုင့်ဖြတ်လို့ အရေးယူခံရတဲ့ ကားကိစ္စကျတော့ ကြိုမြင်တာနဲ့ လက်တွေ့မြင်တာ တစ်နာရီကျော်ခြားနေပါတယ်”

“ဟုတ်ပြီ”

“နာဂစ်မုန်တိုင်းကျမှာကိုတော့ ၂၄နာရီကြိုမြင်တယ်လို့ ပြောလို့ရပါတယ်”

“အဖြစ်အပျက်တိုင်းကို တစ်ကြိမ်ပဲမြင်တာလား။ အကြိမ်ကြိမ် အခါခါမြင်တာလား”

“မုန်တိုင်းကြောင့် ကားတွေ လမ်းမပေါ်မှာရပ်ထားရတဲ့အဖြစ်တစ်ခုကိုပဲ နှစ်ကြိမ်သုံးကြိမ်မြင်ရပါတယ်၊ ကျန်တာတွေကတော့ တစ်ကြိမ်မြင် တစ်ကြိမ်ဖြစ်တွေချည်းပါပဲဆရာကြီး”

“အစပိုင်းမှာကြိုမြင်ရတဲ့အဖြစ်တွေအားလုံးဟာ မောင်လင်းထည်ဝါရှေ့မှာပဲ အမှတ်တကယ်ဖြစ်လာကြတယ်၊ မုန်တိုင်းတိုက်တဲ့ဖြစ်ရပ်နဲ့ ကားလမ်းပေါ်ကအဖြစ်တွေကတော့ မောင်လင်းထည်ဝါရဲ့မျက်ကွယ်မှာဖြစ်သွားတယ်၊ ဟုတ်တယ်နော်”

“ဟုတ်ပါတယ်ဆရာကြီး”

ဆရာကြီးက ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားနေသည်။

“မောင်လင်းထည်ဝါကို ဆရာကြီး စမ်းသပ်ကြည့်မယ်နော်”

ဆရာကြီးက ကျွန်တော့်ကို ကုတင်ပေါ်တွင်လှဲခိုင်းသည်။ ကျွန်တော့်ကိုစမ်းသပ်စစ်ဆေးမှုပြုလုပ်သည်။

ဆရာကြီးစမ်းသပ်နေစဉ်တွင် ကျွန်တော်အိပ်ငိုက်သလိုဖြစ်သွားကာ ရှေ့မှမြင်ကွင်းများကွယ်ပျောက်၍ မြင်ကွင်းတစ်ခုကိုထင်ထင်ရှားရှား မြင်တွေ့လိုက်ရလေသည်။

“ထိုင်နိုင်ပါပြီကွယ်”

စမ်းသပ်စစ်ဆေးမှုပြီးသွားပြီ။ ဆရာကြီးက စားပွဲတွင်ပြန်ထိုင်လိုက်သည်။

“သောက်ရမယ့်ဆေးတချို့ရေးပေးလိုက်မယ်၊ ဖြစ်ပုံက ခန္ဓာကိုယ်ကိုရော ဦးခေါင်းကိုရော ထိခိုက်မိတာမရှိပဲ... အမြင်ဓာတ်နဲ့သာ မဖြစ်သေးတဲ့အဖြစ်တွေမြင်နေရတာဆိုတော့... ဆရာကြီးလည်း ဒါမျိုး မကြုံဖူးဘူး၊ မိုးကြိုးစက်ကွင်းကြောင့်ပဲ အမြင်သွေလွဲမှုတွေ၊ ကြိုတင်မြင် ကြားတာတွေ ဖြစ်ကုန်သလား မဆိုနိုင်ဘူး။ လောလောဆယ် ဆရာကြီး ရေးပေးလိုက်တဲ့ဆေးလေးတွေ ရှာသောက်ပါ၊ နောက်တစ်ပတ်နေရင် တစ်ခေါက်ပြန်လာပြပါဦး”

ဆရာကြီးဒေါက်တာအောင်ခန့်က ဆေးစာကို ကျွန်တော်လက်ထဲလှမ်းပေးရင်း ပြောလိုက်၏။

“ဆရာကြီး”

“ဆို– မောင်လင်းထည်ဝါ”

www.burmeseclassic.com

www.burmeseclassic.com


''ကျွန်တော်... ကျွန်တော်... ဆရာကြီး ကျွန်တော့်ကို စမ်းသပ်နေတုံးမှာပဲ အနာဂတ်မြင်ကွင်းတစ်ခုကိုမြင်လိုက်ရပြန်ပြီဆရာကြီး''

''ဟင်...''

''ဒီတစ်ခါမြင်ရတဲ့မြင်ကွင်းက ဆရာကြီးနဲ့ပတ်သက်နေပါတယ်၊ ဆရာကြီးကြုံရမယ့်အဖြစ်ပါဆရာကြီး။ ကျွန်တော် ပြောပြခွင့်ရှိမလားခင်ဗျာ''

''အို... ပြောရမှာပေါ့၊ ဆရာကြီးနဲ့ ပတ်သက်သက် မပတ်သက်သက် ဆရာကြီးက မောင်လင်းထည်ဝါကို ကုသပေးနေပြီပဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာကြီး အကုန်သိထားဖို့လိုတယ်လေ၊ ပြီးတော့... မောင်လင်းထည်ဝါရဲ့ အနာဂတ်အမြင်ဟာ ဘယ်လောက်ထိ မှန်ကန်တယ်ဆိုတာ ဆရာကြီး လက်တွေ့ရှုစမ်းနိုင်တာပေါ့၊ ပြောပါ၊ ပြောပါ''

ကျွန်တော်က ချက်ချင်းပြောမထွက်ပဲ ရွံ့နေမိလေသည်။

''ပြောပါကွယ်၊ ဘာဖြစ်လို့လဲ၊ အနိဋ္ဌာရုံမို့လို့လား''

''သိပ်တော့စိုးရိမ်စရာမဟုတ်ပါဘူးဆရာကြီး၊ ကျွန်တော်မြင်လိုက်တာ ဒီလိုပါ...၊ အချိန်က ညအချိန်ပါပဲ၊ ဆရာကြီးက ကားမောင်းသွားနေပါတယ်၊ ကျွန်တော့်အထင်တော့ ဆေးခန်းကနေ ဆရာကြီး အိမ်ပြန်တာပဲထင်ပါတယ်''

''ညအချိန် ကားမောင်းသွားတာဆိုတော့ အိမ်အပြန်လမ်းပဲ ဖြစ်မှာပေါ့ကွယ်''

''ကျွန်တော်က မန္တလေးသားမဟုတ်လို့ ကျွန်တော်မြင်လိုက်တာ ဘယ်နေရာမှန်းတော့ မသိပါဘူးဆရာကြီး။ ကျွန်တော်မရောက်ဖူးသေးတဲ့ နေရာဆိုတာတော့ သေချာတယ်၊ မြင်ကွင်းထဲမှာ ဆရာကြီးက ကားမောင်းလာတယ်၊ လမ်းချိုးတစ်ခုနားရောက်သွားတယ်ဆရာကြီး။ ပတ်ဝန်းကျင် တစ်ခုလုံးကလည်း မှောင်မည်းနေတာပဲဗျာ၊ ဆရာကြီးကားက ရှေ့မီးအလင်းရောင်ပဲရှိတယ်၊ အဲဒီတုန်းမှာ ကန့်လန့်ဖြတ်လမ်းရဲ့ညာဖက်က စက်ဘီး တစ်စီးဟာ အမြန်မောင်းထွက်လာတယ်၊ ဆရာကြီးကလည်း မရှောင်လိုက်နိုင်ဘူး။ သူကလည်း စက်ဘီးကိုအရှိန်မသတ်နိုင်ဘူး၊ ဆရာကြီးကားနဲ့ အဲဒီစက်ဘီးနဲ့ ဝင်တိုက်မိလိုက်တယ်ဆရာကြီး''

''ဟင်...''

''စက်ဘီးစီးလာတာက မိန်းကလေးတစ်ယောက်ပါ၊ ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက်ပါပဲ၊ စက်ဘီးနောက်ခုံမှာ ကလေးလေးတစ် ယောက် ပါလာတာလည်း တွေ့ရတယ်ဆရာကြီး၊ ကားနဲ့စက်ဘီးတိုက်မိတော့... စက်ဘီးလဲသွားတယ်၊ မိန်းကလေးကိုလည်း ကားနဲ့ကြိတ်မိတယ်၊ နောက်ခုံမှာပါလာတဲ့ကလေးကလည်း လွင့်ထွက်သွားပြီး မြောင်းထဲကျသွားတယ်ဆရာကြီး''

''ဒါပဲလား''

''ဟုတ်ကဲ့၊ ကျွန်တော်မြင်ရတဲ့မြင်ကွင်းကတော့... အဲဒါပါပဲ ဆရာကြီး''

ဒေါက်တာအောင်ခန့်မျက်နှာပျက်သွားသည်။ သို့သော်... ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။

''အေးကွယ် မောင်လင်းထည်ဝါကြိုပြောထားတော့ ဆရာကြီး သတိထားနိုင်တာပေါ့၊ ကျေးဇူးတင်ပါတယ် မောင်လင်းထည်ဝါ''

''ကျွန်တော့်ကို ဘယ်လိုမှမထင်ပါနဲ့ ဆရာကြီး''

''ဩော်ကွယ်... ဘာလို့ထင်ရမှာတုန်း။ မောင်လင်းထည်ဝါရဲ့ အနာဂတ်ပုံရိပ် ကြိုမြင်ရမှုကို ဆရာကြီးကိုယ်တိုင် လက်တွေ့စမ်းသပ်ခွင့် ကြုံတာပေါ့၊ ဂွတ်နိုက် မောင်လင်းထည်ဝါ၊ ဦးဝင်းမောင်လည်း ဂွတ်နိုက်ပါဗျာ''

''ဟုတ်ကဲ့... ကျွန်တော်တို့ကို ခွင့်ပြုပါဦး''

ဆရာကြီးကိုနှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။

အခန်းဝအရောက်တွင်–

''ခဏလေး... မောင်လင်းထည်ဝါ''

ကျွန်တော်က နောက်ကိုလှည့်ကြည့်လိုက်သည်။

''မောင်လင်းထည်ဝါတို့အိမ်မှာ ဖုန်းရှိသလား''

''ဟုတ်ကဲ့... ရှိပါတယ်ဆရာကြီး''

''တဆိတ်– ဖုန်းနံပါတ်လေးပြောခဲ့ပါကွယ်''

ကျွန်တော်က အိမ်ဖုန်းနံပါတ်ကိုပြောလိုက်သည်။

''မောင်လင်းထည်ဝါမြင်ရတဲ့ အနာဂတ်မြင်ကွင်း တကယ်ဖြစ်လာခဲ့ရင် မင်းကိုဖုန်းဆက်အကြောင်းကြားချင်လို့ပါကွယ်''

♛♛♛♛♛

www.burmeseclassic.com

( ၁၅ )

ကျွန်တော်တို့အိမ်ပြန်ရောက်ပြီး တစ်နာရီလောက်ကြာချိန်တွင် ဖုန်းခေါ်သံတစ်ခုမြည်လာသည်။

ဖုန်းနှင့်အနီးဆုံးကျွန်တော်က ကောက်ကိုင်လိုက်၏။

''ဟယ်လို...''

''ဖုန်းနံပါတ် ၃၅(–)(–)(–)ကပါလားရှင်''

သာယာချိုအေးသောမိန်းကလေးအသံတစ်ခုကို ကြားလိုက်ရလေသည်။

''ဟုတ်ပါတယ်ခင်ဗျာ''

''အဲဒီက... ကိုလင်းထည်ဝါနဲ့ စကားပြောချင်လို့ပါရှင်''

''ကျွန်တော် လင်းထည်ဝါပါ''

''သြော်... ဒါဆို ခဏကိုင်ပေးထားပါရှင်၊ ဒေါက်တာအောင်ခန့် စကားပြောပါလိမ့်မယ်''

တစ်ဖက်မှ အသံခေတ္တတိတ်သွားသည်။

''ဒက်ဒီ... ဖုန်းရပြီ''...ဆိုသည့် ဖုန်းခေါ်ပေးသောမိန်းကလေး၏ အသံခပ်တိုးတိုးကို ကြားလိုက်ရသည်။

ဖုန်းထဲမှ ဒေါက်တာအောင်ခန့်အသံ ထွက်ပေါ်လာ၏။

''မောင်လင်းထည်ဝါလားကွဲ့၊ ဆရာကြီးဒေါက်တာအောင်ခန့်ပါ''

''ဟုတ်ကဲ့ပါဆရာကြီး၊ ကျွန်တော်လင်းထည်ဝါပြောနေပါတယ်''

''အေးကွယ်... မောင်ရင်ကြိုမြင်ထားတဲ့ အနာဂတ်မြင်ကွင်းဟာ အမှန်တကယ်ဖြစ်လာတယ်ဆိုတာ ပြောပြချင်လို့ပါ''

''ဗျာ–''

''ဆရာကြီးအိမ်အပြန်လမ်းမှာကြုံလိုက်ရတာပဲ၊ ခုပဲအိမ်ပြန်ရောက်တယ်၊ မကြာသေးခင် ငါးမိနစ်လောက်ကပေါ့''

''ဟုတ်ကဲ့ခင်ဗျာ''

''ဆရာကြီးနေတာက ဗိုလ်ချုပ်ရွာမှာကွဲ့၊ မီးပျက်နေလို့ **အပြန်လမ်းမှာ မင်းပြော**တဲ့အတိုင်း တစ်လမ်းလုံးမှောင်နေတယ်၊ ဆရာကြီး အိမ်ရောက်ဖို့ လမ်းဖြတ်တစ်ခုအလိုမှာပဲ လမ်းညာဖက်က စက်**ဘီးတစ်စီးအရှိန်နဲ့နင်းလာတာ** ကြုံလိုက်ရတာပါပဲကွယ်၊ မင်းပြောတဲ့အတိုင်း စက်ဘီးနင်းလာတာက မိန်းကလေးခပ်ငယ်ငယ်၊ နောက်ကယ်ရီယာပေါ်မှာလည်း ကလေးလေးတစ်ယောက်ပါနေတယ်''

''ဟာ... ဆရာကြီး... ဒါဖြင့်...''

''ကားနဲ့တော့ မတိုက်မိလိုက်ပါဘူး၊ ဆရာကြီး အချိန်မီ ဘရိတ်အုပ်လိုက်နိုင်တယ်၊ ကောင်မလေးကတော့ ကြောက်လန့်**တကြား**နဲ့ စက်ဘီးလဲသွားခဲ့တယ်''

''သြော်...''

''ကားနဲ့မတိုက်လိုက်မိတဲ့အတွက် မောင်လင်းထည်ဝါအမြင်မှားတယ်လို့ မဆိုနိုင်ပါဘူးကွယ်၊ ဆရာကြီးက မင်းပြောလိုက်တဲ့စကားကို သတိရပြီး သတိထားနေလို့ မတိုက်လိုက်မိတာပါ၊ အဲဒီအတွက်... မင်းကို ကျေးဇူးတင်ပါတယ်မောင်လင်းထည်ဝါ၊ ဆရာကြီးချိန်းထားတဲ့အတိုင်း နောက်တစ်ပတ်ဗုဒ္ဓဟူးနေ့မှာ ဆရာကြီးနဲ့လာတွေ့ပါဦး၊ ဂွတ်နိုက်''

\+ + + + +

ဆရာကြီးဖုန်းချသွားသော်လည်း ကျွန်တော်က ဆရာကြီးပြောခဲ့သောစကားများကြောင့် ငိုင်၍ကျန်ခဲ့သည်။ ကျွန်တော်၏အနာဂတ် မြင်ကွင်းများသည် တစ်မိုးလူများအတွက်ပင် မှန်ကန်နေပါကော။

ကျွန်တော်ငိုင်တွေနေစဉ်... နောက်ဖက်မှအသံတစ်သံကြောင့် အံ့သြသွားရလေသည်။ အသံက မိန်းကလေးတစ်ယောက်အသံ။

''ဟင်– ဒီအကျီက လေဘယ်လ်ကတ်လည်း တပ်မထားပါလား၊ ပြုတ်ကျသွားတာလားမသိဘူး''

မိန်းကလေးအသံကြောင့် ကျွန်တော်က နောက်ကိုရုတ်တရက် လှည့်ကြည့်လိုက်သည်။

ထိုအခါ... မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော်ထပ်ပြီး အံ့အားသင့်သွားရပြန်ပါသည်။

ကျွန်တော့်မျက်စိရှေ့မှာပေါ်နေသောမြင်ကွင်းက ကျွန်တော်တို့ အိမ်ထဲမှမြင်ကွင်းမဟုတ်ပါ။

www.burmeseclassic.com

*မိန်းကလေးတစ်ယောက်သည် အင်္ကျီအများအပြား ချိတ်ဆွဲထားသော သံတန်းတစ်ခုဘေး၌ ရပ်နေသည်။ အလျှူမီနီယံ သံကွင်းအဝိုင်းပတ်ပတ်လည်တွင် အင်္ကျီများချိတ်၍ပြထားသည့် ကောင်တာဘေး၌ ရပ်နေခြင်းဖြစ်ပါသည်။ သူမက သံကွင်းပတ်ပတ်လည်တွင်ချိတ်ဆွဲထားသောမိန်းမဝတ်အင်္ကျီများထဲမှ တစ်ထည်ကိုကိုင်ရင်း ပြောလိုက်ခြင်းဖြစ်ပါသည်။*

*သူမ ကိုင်ထားသော အင်္ကျီပေါ်တွင် ဈေးနှုန်းကတ်ပြား ကပ်မထား၍ ပြောလိုက်ခြင်းဖြစ်ပုံရသည်။ သူမက ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်ကာ တစ်စုံတစ်ယောက်ကိုမြင်လိုက်ပုံဖြင့် ''ရှတ်-ရှတ်''-ဟု နှုတ်မှ အသံထွက် ခေါ်လိုက်သည်။*

*မြင်ကွင်းသည် စတိုးဆိုင် (သို့မဟုတ်) ရှုပ် မတ်ကက်တစ်ခုအတွင်းမှ မြင်ကွင်းဖြစ်ပါသည်။ အင်္ကျီဝယ်ရန်ပြင်ဆင်နေသော သူမပုံကို ကျွန်တော်မြင်တွေ့ နေရခြင်းဖြစ်ပါသည်။*

*သူမက အင်္ကျီများကိုရွေးနေရင်းမှ စိတ်ကြိုက်အင်္ကျီအတွေ့တွင် အင်္ကျီပေါ်၌ ဈေးနှုန်းကတ်ပြားမတွေ့၍ ငြီးငြူလိုက်ခြင်း ပင်ဖြစ်ပါမည်။*

*''ရှတ်-ရှတ်''ဟုအသံပြုရင်းခေါ်လိုက်ခြင်းမှာ ဆိုင်မှဝန်ထမ်းတစ်ယောက်ယောက်ကို လှမ်းခေါ်လိုက်ခြင်းဖြစ်ပုံရသည်။*

*သူမ လှမ်းခေါ်လိုက်သောသူနှင့် ဘေးပတ်ဝန်း ကျင်မြင်ကွင်းများကိုမူ ကျွန်တော်မမြင်ရပါ။ ကျွန်တော်မြင်နေရသည်မှာ... သူမ ရပ်နေသော အင်္ကျီကောင်တာတိုက် နေရာကွက်ကွက်ကလေးကိုသာ မြင်နေရခြင်းဖြစ်ပါသည်။*

*ကျွန်တော်သည် လှပလွန်းသော သူမကိုသာ ငေးကြည့်နေမိသည်။*

*ကျွန်တော် ကြည့်နေစဉ်မှာပင်... အလွန်တရာ ထိတ်လန့်ခြောက်ခြားစရာကောင်းသော အဖြစ်အပျက်ကြီးက ဖြစ်ပျက် ခဲ့လေသည်။*

*သူမ၏ဦးခေါင်းတည့်တည့်ပေါ်မှ ဖန်မီးဆိုင်းကြီး ပြုတ်ကျလာခြင်းပင်ဖြစ်ပါသည်။*

*ဖန်မီးဆိုင်းကြီးက သူမခေါင်းပေါ်တည့်တည့်သို့ ကျရောက်သွားသည်။ သူမသည် နေရာမှာပင်... ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားသည်။ ဖန်ကွဲစများက ကြမ်းပြင်အနှံ့ပြန့်ကျဲသွားလေသည်။*

*သူမကိုယ်ပေါ်တွင်လည်း သွေးစက်များ မြင်မကောင်းအောင် ဖုံးလွှမ်းသွားလေသည်။ သူမသည် ကြမ်းပြင်ပေါ်၌ မလှုပ်မယှက်ငြိမ်သက်နေပေပြီ။*

''ဟာ...''

ကျွန်တော်က နှုတ်မှ ယောင်၍အော်လိုက်မိလေသည်။

ကျွန်တော့်အော်သံနှင့်အတူ ကျွန်တော်မြင်နေရသောမြင်ကွင်းမှာ ဖြတ်ကနဲပျောက်သွားလေ၏။

အနာဂတ်တွင်ဖြစ်လာမည့်မြင်ကွင်းတစ်ခုကို ကျွန်တော်မြင်လိုက်ရပြန်ပါပကော။

ယောင်၍အော်လိုက်မိပြီးမှ ထိုမြင်ကွင်းမှာ အနာဂတ်မြင်ကွင်းသာဖြစ်ကြောင်းသတိထားလိုက်မိသည်။

''ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ''

ကိုထွဋ်က အခန်းထဲမှပြေးထွက်လာကာမေးလိုက်သည်။

စိတ်လှုပ်ရှားနေသောကျွန်တော့်ပုံကိုကြည့်ကာ ကိုထွဋ်သဘော ပေါက်သွားလေသည်။

''ဘာလဲကိုလင်း။ ရှေ့ဖြစ်မယ့်အဖြစ်တစ်ခုကို မင်းမြင်ရပြန် ပြီလား''

''ဟုတ်တယ်ကိုထွဋ် ၊ ဟုတ်တယ်ဗျာ၊ ဒီတစ်ခါတော့... သူ... သူ... သိပ်သနားဖို့ကောင်းတယ်၊ ကျွန်တော်မြင်လိုက်ရတဲ့ကောင်မလေး သနားစရာကောင်းလိုက်တာဗျာ''

♛♛♛♛♛

www.burmeseclassic.com

# အချစ်စက်ကွင်း

မိုးကြိုးစက်ကွင်းကြောင့်...

ကျွန်တော်သည်

ထူးခြားသော အမြင်နှင့် အကြားကို ရခဲ့သည်။

အနာဂတ်တွင်ဖြစ်မည့် အဖြစ်များကို...

ကျွန်တော် သိခွင့်ရခဲ့သည်၊

အနာဂတ်မြင်ကွင်းဓါတ်အကူအညီကြောင့်...

သူမကို ကျွန်တော်တွေ့ရှိခဲ့ရပါသည်၊

မိုးကြိုးစက်ကွင်းမိခဲ့သောကျွန်တော်...

ထပ်မံ၍... "စက်ကွင်းမိ"ခဲ့ရပြန်ပါပြီ၊

သူမဓါတ်ဆွဲဆောင်မှုစက်ကွင်းတွင်

ကျွန်တော် မိခဲ့ရပြီ...

သည်တစ်ခါမိတဲ့စက်ကွင်းက...

"အချစ်စက်ကွင်း"

www.burmeseclassic.com

www.burmeseclassic.com


( ၁ )

''ဘာကိုမြင်လိုက်ရတာလဲ၊ ဘယ်လိုမြင်လိုက်ရလို့လဲ''

ကိုထွဋ်က ကျွန်တော့်လက်မောင်းကိုကိုင်လှုပ်ရင်း မေးလိုက်ပြန်သည်။

''သူ... သူ... သိပ်သနားဖို့ကောင်းတာပဲကိုထွဋ်''

''အေးလေ... ငါ့ကိုပြောစမ်းပါ၊ ဘယ်သူလဲ၊ ဘယ်နေရာမှာလဲ၊ ဘာဖြစ်တာလဲ''

ကျွန်တော်က ချက်ချင်းပြန်မဖြေမိပဲ ကိုထွဋ်ကိုငေးကြည့်နေမိသည်။

ကျွန်တော့်စိတ်ထဲတွင် သူမပုံရိပ်ကိုမြင်ယောင်ကာ သနားနေမိသည်။ ကြေကွဲနေမိသည်။

''ကိုလင်း... ငါမေးနေတယ်လေ၊ ဘယ်သူလဲလို့''

''သူဘယ်သူလဲဆိုတာ... ကျွန်တော်မသိဘူးကိုလင်း''

''ဟင်... ဒါဖြင့်... ဘယ်နေရာမှာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ''

''နေရာ၊ နေရာကတော့... စတိုးဆိုင်တစ်ဆိုင်မှာပဲကိုထွဋ် ၊ စတိုးဆိုင်ဖြစ်ရင်လည်းဖြစ်မယ်၊ စူပါမက်ကက်၊ ရှော့ပင်းမော်လ် တစ်ခုခုပဲ''

''ဘာဖြစ်တာလဲ၊ ဘာမြင်ရလို့ မင်းဒါလောက်တုန်လှုပ်နေရတာလဲကိုလင်း''

''ကိုထွဋ်ရာ...''

ကိုထွဋ်အား ကျွန်တော်မြင်လိုက်ရသည့်အဖြစ်အပျက်အစုံကို ပြောပြလိုက်သည်။

'' ... ... ... ... ... ... ... ... ... ... ... ''

''ဒါများကွာ... ဘာခက်လို့လဲ၊ ဆိုင်တွေအကုန်လိုက်ကြည့်ပြီး ဒါမျိုးမဖြစ်အောင် ကြိုပြီးတားရုံပေါ့ကွ''

''ပြောတော့လွယ်လိုက်တာ ကိုထွဋ်ရာ၊ မန္တလေးမှာ မိန်းကလေး အဝတ်အစားရောင်းတဲ့ စတိုးဆိုင်လိုဆိုင်တွေမှအများကြီး၊ ကျွန်တော် ဘယ်လိုလိုက်ရှာရမှာလဲ''

''တစ်ဆိုင်ချင်းရှာပေါ့ကွ၊ မင်း... အဲဒီကောင်မလေးအတွက် တကယ်ပဲစိုးရိမ်တာမဟုတ်လား။ စိုးရိမ်လို့ မင်းမြင်ကွင်းထဲကလို ဖြစ်မှာ စိုးရင်... မင်းရှာပေါ့''

''ဟုတ်တယ်၊ ဟုတ်တယ်ကိုထွဋ် ၊ သူဒုက္ခရောက်သွားမှာတော့ ကျွန်တော်စိုးတယ်၊ ကျွန်တော်မြင်ကွင်းထဲကအတိုင်းဆိုရင်... သူ... သေတောင်သေသွားနိုင်တယ်ဗျာ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ကျွန်တော် အခုပဲ လိုက်ရှာပြီး သတိပေးချင်ပြီ ကိုထွဋ်''

''ဟကောင်ရ– အခု ညကိုးနာရီထိုးနေပြီကွ၊ မန္တလေးမှာ ဘယ်စတိုးဆိုင်မှ ကိုးနာရီကျော်တဲ့အထိ မဖွင့်ဘူး၊ နက်ဖြန်မှရှာ၊ အချိန်မီ လောက်ပါသေးတယ်''

အချိန်မီလောက်ပါသေးတယ်၊ အချိန်မီလောက်ပါသေးတယ်...

ဟုတ်ပါ့မလား။ အချိန်မီပါ့မလား။ ကျွန်တော်မြင်ခဲ့သမျှ အနာဂတ်မြင်ကွင်းများသည် အမှန်တကယ်ဖြစ်လာရန် အလွန်ဆုံး ၂၄နာရီသာ စောင့်ဆိုင်းပါသည်။ နာဂစ်မုန်တိုင်းကျမည်ကို ကြိုမြင်ရခြင်းသည် အကြာမြင့်ဆုံးအချိန်ဖြစ်သည်။

သည်လိုဆိုလျှင်... သူမအတွက် အချိန်က အလွန်ဆုံး ၂၄နာရီပဲရှိတော့သည်။ အချိန်မီပါ့မလား။

''တစ်ခုစဉ်းစားဖို့လိုသေးတယ် ကိုလင်း။ အဲဒီကောင်မလေး ဖြစ်မယ့်အဖြစ်အပျက်ဟာ ဘယ်မှာဖြစ်တာလဲ၊ မန္တလေးမှာဖြစ်တာရော ဟုတ်ရဲ့လား။ မင်းက ရန်ကုန်မှာဖြစ်မယ့်အဖြစ်တွေ၊ တခြားနေရာမှာ ဖြစ်မယ့်အဖြစ်တွေကိုပါ ကြိုမြင်နေတာမဟုတ်လား၊ ဒီကောင်မလေး အဖြစ်ဟာ တကယ်ဖြစ်လာမယ်ပဲ ထား။ မန္တလေးမှာဖြစ်မှာမဟုတ်ပဲ မင်းနဲ့အလှမ်းဝေးတဲ့တစ်မြို့မြို့မှာဖြစ်မှာဆိုရင်ကောကွာ...''

ကိုထွဋ်အပြောကြောင့် ကျွန်တော် ထပ်ပြီးစိုးရိမ်သွားရပြန်ပါသည်။

''ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျွန်တော်ကတော့ သူ့ကိုတွေ့အောင်ရှာရမှာပဲ၊ သတိပေးရမှာပဲ''

''အဲဒီကောင်မလေးကို မင်းမှတ်မိလား''

''အပြင်မှာ တစ်ခါမှမမြင်ဖူးပေမယ့် သူ့ရုပ်ကို ကျွန်တော် မှန်မိလိုက်ပြီကိုထွဋ်၊ မှတ်မိရုံတောင်မဟုတ်ဘူး၊ ကျွန်တော့်ရင်ထဲမှာကို စွဲနေပြီ ဗျာ''

ကိုထွဋ်က ပြုံးရင်း လေတစ်ချက်ချွန်လိုက်သည်။

''အဲဒါကြောင့်လည်း... စိုးရိမ်တာပေါ့ဗျ''

www.burmeseclassic.com

ကျွန်တော်က မလုံမလဲဖြင့် ဆင်ခြေပေးလိုက်သည်။

"သူ့ကို ဘယ်နေရာမှာတွေ့တွေ့... ကျွန်တော်မှတ်မိတယ် ကိုထွန်း ၊ ရှာရမယ်... တွေ့အောင်ရှာရမယ်ဗျာ"

♛♛♛♛♛

( ၂ )

နောက်တစ်နေ့မနက်... ကျွန်တော်အိပ်ရာမှထပြီး မျက်နှာသစ်ရန် ရေချိုးခန်းထဲအဝင်တွင်...

**"ဟင်– ဒီအကျီက လေဘယ်လ်ကတ်လည်း တပ်မထားပါ လား။ ပြုတ်ကျသွားတာလားမသိဘူး"**

မိန်းကလေးအသံကြောင့် ကျွန်တော်က နောက်ကိုရုတ်တရက် လှည့်ကြည့်လိုက်သည်။

ထိုအခါ... မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော် အံ့အားသင့်သွားရပြန်ပါသည်။

မြင်ကွင်းက မနေ့ကညက မြင်ခဲ့ရသောမြင်ကွင်းပင်။

***ကောင်မလေးက အင်္ကျီများချိတ်ဆွဲထားသော သံတန်းတစ်ခုဘေး၌ ရပ်နေသည်။ မိန်းမဝတ်အင်္ကျီ များထဲမှတစ်ထည်ကိုကိုင်ရင်း သူမ ကိုင်ထားသော အင်္ကျီပေါ်တွင် ဈေးနှုန်းကတ်ပြား ကပ်မထား၍ ပြောလိုက်သည်။***

***သူမက ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်ကာ "ရှတ်–ရှတ်"–ဟု နှုတ်မှ အသံထွက်ခေါ်လိုက်သည်။***

***ကျွန်တော် ကြည့်နေစဉ်မှာပင်...***

***သူမခေါင်းပေါ်တည့်တည့်ပေါ်မှ ဖန်မီးဆိုင်းကြီး ပြုတ်ကျလာတော့သည်။***

***ဖန်မီးဆိုင်းကြီးက သူမခေါင်းပေါ်တည့်တည့်သို့ ကျရောက်သွားသည်။***

***သူမသည် နေရာမှာပင်... ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားသည်။ ဖန်ကွဲစများက... ကြမ်းပြင်အနှံ့ ပြန့်ကျဲသွားလေသည်။***

***သူမကိုယ်ပေါ်တွင်လည်း သွေးစက်များ မြင်မကောင်းအောင် ဖုံးလွှမ်းသွားလေသည်။ သူမသည် ကြမ်းပြင်ပေါ်၌ မလှုပ်မယှက်ငြိမ်သက်နေပေပြီ။***

"ဟာ..."

ကျွန်တော်က နှုတ်မှ ယောင်၍အော်လိုက်မိလေသည်။

ညကမြင်ခဲ့ရသောမြင်ကွင်းကို နောက်တစ်ခါထပ်၍ မြင်ရပြန် ပါကော။

သည်လိုဆိုလျှင်ဖြင့် ကျွန်တော့်မြင်ကွင်းထဲမှကောင်မလေးသည် မကြာလှသောအချိန်တွင် ကျွန်တော့်အနာဂတ်မြင်ကွင်းထဲကအတိုင်း ဒုက္ခကြုံရပေတော့မည်။

ကျွန်တော် သတိပေးမှဖြစ်တော့မည်။

သူမ ဘယ်သူလဲ။

ကျွန်တော်မသိပါ။

သူမကို ရအောင်ရှာမည်။

အန္တရာယ်မကြုံရအောင် သတိပေးမည်။

ဘုရားသိကြားမလို့ ဒီကောင်မလေး အန္တရာယ်က လွတ်ကင်းပါစေဗျာ။

\+ + + + +

ကျွန်တော်က ညကမြင်ခဲ့ရသည့်မြင်ကွင်းကို ယနေ့မနက် တစ်ခါထပ်မြင်ရတဲ့အကြောင်း... ကိုထွန်းကို ပြောပြလိုက်သည်။

"ဒါဖြင့်... မင်းဘယ်လိုလုပ်မလဲ"

"ရှာရမှာပေါ့ ကျွန်တော် သူ့ကိုရှာရမှာပေါ့ကိုထွန်း၊ ကျွန်တော့်ကို ကူညီဦးဗျာ"

"အေးလေ... ငါ မင်းကို ကားမောင်းသင်ပေးနေတာပဲ၊ ဒီနေ့လည်း ကားလျှောက်မောင်းရင်း စတိုးဆိုင်တွေ မီနီမတ်ကက်တွေ လိုက်ကြည့်ကြတာပေါ့ကွာ"

"ကျွန်တော်တို့ကားမောင်းတဲ့နေရာတွေက လူရှင်းတဲ့နေရာတွေလေ၊ စတိုးဆိုင်ဆိုတာက မြို့ထဲက လူရှုပ်တဲ့နေရာမှာ ရှိမှာဗျ"

"အေးပါကွာ၊ ဒီတော့လည်း မင်းမမောင်းနဲ့၊ ငါ့ဟာငါမောင်းပြီး ဈေးတွေလိုက်ပို့ပေးမှာပေါ့"

"ကျွန်တော်လည်း ကောင်းကောင်းမောင်းတတ်နေပါပြီ"

www.burmeseclassic.com

"နောက်တစ်ပတ် တနင်္လာနေ့ မင်း ကညနမှာ လိုင်စင်ဝင်ရမှာနော်၊ လက်တွေ့မောင်းပြရမှာ"

"ရပါတယ်ကိုထွန်း"

ကိုထွန်း ကျွန်တော့်ကို ကားမောင်းသင်ပေးနေတာ တစ်ပတ်လောက်ရှိပြီ။ နေ့လည်ပိုင်းတွင် ဘဘရုံးကို ဆိုင်ကယ်ဖြင့် လိုက်သွားကာ ကားကိုယူသည်။ ဆိုင်ကယ်ကို ဘဘရုံးမှာထားခဲ့ပြီး ကိုထွန်းက ကျွန်တော့်ကိုကားမောင်းသင်ပေးပါသည်။

ကျွန်တော်တို့မောင်းနေကျလမ်းများမှာ ကျုံးတောင်ဖက်၁၂လမ်း၊ ဂျီတီစီကျောင်းရှိသည့် အောင်ချမ်းသာရွာသို့ အဝင်လမ်း၊ ရေတံခွန်တောင်ဂေါက်ကွင်းလမ်းနှင့် ကမ်းနားလမ်းများဖြစ်ပါသည်။ ယာဉ်အသွားအလာရှင်း၍ အမောင်းသင်သူများအတွက် အဆင်ပြေသောနေရာများဖြစ်ပါသည်။

ဒီနေ့တော့... ကျွန်တော်ကားမောင်းမသင်တော့။

ဘဘရုံးကို ကားလိုက်ယူပြီး ကိုထွန်းကမောင်းကာ စတိုးဆိုင် နှင့်မီနီမတ်ကက်များကို ကျွန်တော်တို့ လိုက်ကြည့်ကြသည်။

ပထမဆုံး... ဈေးချိုကိုလာခဲ့ကြ၏။ ဈေးချိုမှာ အဝတ်အထည်ရောင်းသောဆိုင်ပေါင်းများစွာရှိပါသည်။ တစ်ထပ်ပြီးတစ်ထပ်လိုက်ကြည့်ရာ... ကျွန်တော့်အနာဂတ်မြင်ကွင်းထဲမှာမြင်ရသော မြင်ကွင်းလိုမျိုး ပြင်ဆင်ထားသည့်ဆိုင်အတော်များများကို တွေ့ရ၏။

"ဘယ်လိုလဲ ကိုလင်း"

"ဆိုင်ပုံစံတွေကတော့ ခပ်ဆင်ဆင်တွေချည်းပဲ၊ ဟိုလိုမျိုး သံကွင်းအဝိုင်းကြီးမှာ အင်္ကျီတွေချိတ်ထားတဲ့ဘေးမှာ သူက မတ်တပ်ရပ်နေတာဗျ"

"အေး– ဟုတ်ပြီ၊ မင်းကောင်မလေးအပေါ်ကိုပြုတ်ကျတာ ဖန်မီးဆိုင်းကြီး... ဟုတ်လား"

"ဟုတ်တယ်ကိုထွန်း"

"သေချာကြည့်ဦးကိုယ့်လူ၊ ဈေးချိုတစ်ခုလုံး မျက်နှာကျက်မှာ ဘာဖန်မီးဆိုင်းမှမရှိဘူးကွ၊ ငါတို့ ဈေးချိုထဲလိုက်ကြည့်နေလို့ မောရုံရှိမှာပဲ"

"ဟာ– ဟုတ်သားပဲ"

ဈေးချိုဆိုင်ခန်းများမှာ အတန်းလိုက်ရှိနေပြီး အပေါ်၌ မီးချောင်းများသာ ထွန်းထားပါသည်။

"အင်း... ဒါဖြင့် ဈေးချိုထဲမှာဖြစ်မှာမဟုတ်တော့ဘူး ပြန်ကြရအောင်ကိုထွန်း"

ကျွန်တော်တို့ အခြားမီနီမတ်ကက်များကို သွားကြည့်ကြပြန်သည်။

၂၆ဘီလမ်းပေါ်မှ မီနီစတိုး၊ လမ်း၈၀ပေါ်မှ BLAZON၊ လမ်း၈၀နှင့် ၃၁လမ်းဒေါင့်ရှိ မီနီမတ်ကက်၊ ၇၈လမ်းနှင့်၃၈လမ်းဒေါင့်ရှိ စီးတီးမတ်များသို့ရောက်ခဲ့သည်။

အဝတ်အစားရောင်းသည့်အခန်းများတွင် အပေါ်၌ ဖန်မီးဆိုင်းကို မတွေ့ခဲ့ရပါ။

သည်လိုနှင့် အချိန်ကုန်သွားပြီး ညနေငါးနာရီ ဘဘရုံးဆင်းအမီ ပြန်လာခဲ့ရလေသည်။

ကောင်မလေးရယ်... ကျွန်တော့်ကွယ်ရာမှာ ကျွန်တော့်အနာဂတ်မြင်ကွင်းထဲကအတိုင်း ဖြစ်မသွားပါနဲ့ဗျာ။

ကောင်မလေးကို ကျွန်တော် ကယ်တင်ခွင့်... ဒါမှမဟုတ် သတိပေးခွင့် ကြုံရပါစေ။

♛♛♛♛♛

( ၃ )

နောက်တစ်နေ့... သောကြာနေ့တွင်လည်း ကျွန်တော်အိပ်ရာမှ ထလိုက်သည်နှင့်...

**"ဟင်– ဒီအင်္ကျီက လေဘယ်လ်ကတ်လည်း တပ်မထားပါ လား။ ပြုတ်ကျသွားတာလားမသိဘူး"**

...ဆိုသည့်အသံကို ကြားလိုက်ရပါသည်။

ကျွန်တော့်နောက်ဖက်တွင် နံရံသာရှိပါသည်။

လှည့်ကြည့်စရာမလိုပဲ ထိုအသံမှာ ကျွန်တော်၏ အနာဂတ်မြင်ကွင်းထဲမှ သူမ၏အသံဖြစ်မှန်းသိလိုက်ပါသည်။

သို့သော်... ကျွန်တော် လှည့်မကြည့်ပဲ မနေနိုင်ပါ။

ကျွန်တော်လှည့်ကြည့်လိုက်သည့်အခါ အင်္ကျီများရွေးနေသော သူမအပေါ်သို့ မီးစလောင်းကြီးပြုတ်ကျသည့်မြင်ကွင်းကို ယခင်နှစ်ကြိမ်ကနှင့် ထပ်တူထပ်မျှ မြင်လိုက်ရပြန်ပါသည်။

ကျွန်တော်သက်ပြင်းချလိုက်သည်။

ဒီမြင်ကွင်းဟာ... ဘယ်တော့ဖြစ်လာမှာလဲ။ ယခုဆိုလျှင် ကျွန်တော်မြင်ရတာ... သုံးကြိမ်ရှိပါပြီ။

www.burmeseclassic.com

ထိုမြင်ကွင်းကို မပျောက်ပျက်ပဲ မြင်နေရသေးပုံကိုထောက်လျှင် မြင်ကွင်းထဲမှအဖြစ်အပျက်သည် အပြင်တွင် တကယ်မဖြစ်သေးကြောင်း ထင်ရှားပါသည်။

ကျွန်တော်သည် မဖြစ်သေးသည့်အဖြစ်အပျက်များကိုသာ ကြိုမြင်ရိုးထုံးစံရှိပြီး ဖြစ်ပြီးသည့်အကြောင်းအရာများကို မမြင်ရတတ်ပါ။ တစ်ခု စိတ်သက်သာစရာရှိတာက သူမသည် အန္တရာယ်ကို တကယ်မကြုံရသေး။ ထို့ကြောင့် သူမကို ကျွန်တော် ကယ်တင်နိုင်သေးသည်။ သို့မဟုတ် သတိပေးနိုင်သေးသည်။

သူမအဖြစ်ဟာ ကျွန်တော့်အနီးပတ်ဝန်းကျင်မှာဖြစ်ခဲ့ရင်ပေါ့။

သည်တော့ သူမအတွက်စိုးရိမ်နေသောကျွန်တော်ကလည်း သူမကို တွေ့အောင်ရှာရပေဦးမည်။

သုံးကြိမ်တိတိမြင်တွေ့ပြီးဖြစ်၍ သူမကိုမြင်လျှင် ဘယ်နေရာမှာပဲမြင်မြင် ကျွန်တော်မှတ်မိပါသည်။

+ + + + +

သည်လိုနှင့်... ယနေ့သည်လည်း သူမကို ရှာပုံတော်ဖွင့်သည့်နေ့ပင် ဖြစ်နေပြန်သည်။

မန္တလေးမြို့ထဲ၌ အမျိုးသမီးအဝတ်အစားများရောင်းသော ဆိုင်ပေါင်းများစွာရှိပါသည်။ ဆိုင်ကြီးကြီးရော ဆိုင်သေးသေးရောဆိုပါတော့။

ဒီနေ့လည်း... ကျွန်တော်သည် ကိုထွဋ်နှင့်အတူ အမျိုးသမီးအသုံးအဆောင်ရောင်းသည့်ဆိုင် တော်တော်များများသို့ လျှောက်သွားဖြစ်ပြန်သည်။

သူမကိုတော့ မတွေ့ရပါ။

ဘယ်ဆိုင်မှာမှ မတွေ့။

မန္တလေးမြို့ထဲမှာရှိတဲ့ဆိုင်တွေလည်း နှံ့ပြီလို့ထင်ပါသည်။

♛♛♛♛♛

( ၄ )

ယနေ့သည်... သူမကိုရှာပုံတော်ဖွင့်သည့် တတိယရက်... မေလ(၁၀)ရက်၊ စနေနေ့ဖြစ်ပါသည်။

ထုံးစံအတိုင်း... ကျွန်တော်သည် မနက်အိပ်ရာထချိန်မှာပင် သူမဒုက္ခကြုံရသည့်မြင်ကွင်းကို မြင်လိုက်ရပြန်ပါသည်။

စနေနေ့ဖြစ်နေ၍ ဘဘာရုံးမသွားရပါ။

ကားကိုယူကာ ကျွန်တော်နှင့်ကိုထွဋ် ခပ်စောစောထွက်ခဲ့ကြ လေသည်။

ဒီနေ့တော့... မြို့ထဲကဆိုင်တွေမှာ မရှာတော့ပဲ မြို့ပြင်ဖက် ဆင်ခြေဖုံးအရပ်ကဆိုင်တွေမှာ လှည့်ရှာဖို့ဆုံးဖြတ်လိုက်ကြသည်။

ကိုထွဋ်က မြို့သစ်ပိုင်းဖြစ်ပြီး စည်ကားသော မနော်ဟရီလမ်း သို့ ကားကိုမောင်းခဲ့သည်။

မနော်ဟရီလမ်းပတ်ဝန်းကျင်တွင် စတိုးဆိုင်တော်တော်များများ ရှိပါသည်။ သို့သော်... ရိုးရိုးလူနေတိုက်အိမ်များတွင်ဖွင့်ရောင်းသော စတိုးဆိုင်များသာဖြစ်သည်။ ဖန်မီးဆိုင်းရှိသောဆိုင် တစ်ဆိုင်မှ မတွေ့ရပါ။

ပြီးတော့ ဘုရားကြီးပတ်ဝန်းကျင်ရှိ ၈၄လမ်းနှင့် လမ်း၄၀ပေါ် မှဆိုင်များ...

ဆိုင်တွေအတော်စုံလင်သွားသော်လည်း ကျွန်တော့်ရဲ့အနာဂတ် မြင်ကွင်းထဲကအနေအထားမျိုးရှိသောဆိုင်ကိုတော့မတွေ့ခဲ့ရပါ။

ကျွန်တော်သည် မြင်ကွင်းထဲတွင် သူမ ရပ်နေသည့် ပတ်ဝန်းကျင်ကွက်ကွက်ကလေးကိုသာ မြင်ရသော်လည်း... မီးဆိုင်းကြီး သူမအပေါ် ပြုတ်ကျလာပုံကိုထောက်၍ ထိုဆိုင်သည်... မျက်နှာကျက်၌ ကြီးမားသောဖန်မီးဆိုင်းကြီး တပ်ဆင်ထားသည့်ဆိုင်ဖြစ်ရပေမည်။ မန္တလေးတစ်မြို့လုံး တွင် ဖန်မီးဆိုင်းတပ်ထားသောဆိုင် တစ်ဆိုင်မှ မတွေ့ရသေးပါ။

ညနေစောင်းတော့... ကိုထွဋ်က မြို့ထဲကိုပြန်မောင်းလာပြီး ၃၄လမ်းနှင့်၈၂လမ်းထောင့်က ပါဝါဖိုက်ဘီယာဆိုင်ကို ဝင်လိုက်သည်။

"ငါတော့ စိတ်ကုန်ပြီကိုလင်း၊ ဘီယာသောက်ရင်း ဆွေးနွေးရအောင်ကွာ"

ကျွန်တော်တို့ဘီယာဆိုင်ထဲဝင်ခဲ့ကြသည်။

"ကိုထွဋ်စိတ်ကုန်ပေမယ့် ကျွန်တော်စိတ်မကုန်နိုင်သေးဘူးဗျာ"

ကျွန်တော်က ဘီယာကိုတစ်ကျိုက်ကျိုက်ချလိုက်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


''အေးလေ... မင်းကတော့ ကာယကံရှင်ကိုး၊ ငါတို့ တစ်ခုစဉ်းစားကြည့်ရအောင်ကွာ၊ မင်းဟာ... အနာဂတ်မှာဖြစ်မယ့်အဖြစ်တွေ ကြိုမြင်ရတယ်၊ မှန်လည်းမှန်ခဲ့တယ်၊ ဟုတ်ပြီ၊ ဒါပေမယ့်... အဲဒီအဖြစ်တွေအားလုံးဟာ မင်းရှေ့မှာဖြစ်တာမဟုတ်ဘူးကွ၊ နာဂစ်မုန်တိုင်းဆိုရင် မိုင်ပေါင်းများစွာအကွာမှာဖြစ်သွားတာ၊ မင်းမျက်ကွယ်မှာဖြစ်သွားတာ''

''ဟုတ်တယ်လေ''

''အဲဒီလိုပဲ... အခု မင်းမြင်ရတဲ့ ကောင်မလေးရဲ့အဖြစ်ဟာလည်း တစ်နေရာရာမှာ ဖြစ်ပြီးသွားပြီလို့ မယူဆနိုင်ဘူးလား''

''မဖြစ်သေးပါဘူးကိုထွန်း၊ အဆုံးစွန်ဆုံး... ဒီနေ့မနက်အထိတော့ မဖြစ်သေးဘူးဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့မနက်အိပ်ရာထတဲ့အချိန်အထိ အဲဒီအဖြစ်ကို ကျွန်တော်မြင်နေရသေးလို့ပဲ၊ ကျွန်တော်ကြိုမြင်ရတဲ့အဖြစ်အပျက်တစ်ခုဟာ... တကယ်ဖြစ်ပြီးသွားရင် နောက်တစ်ခါထပ်မြင်စရာ အကြောင်းမရှိတော့ဘူးလေ၊ ဒီနေ့မနက်အထိမြင်နေရသေးတာဆိုတော့... မဖြစ်သေးလို့ပဲပေါ့ ကိုထွန်း''

ကိုထွန်းက ကျွန်တော့်စကားကို ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားနေသည်။

''အင်း... ဒါပေမယ့် ဒီအဖြစ်ဟာ မင်းနဲ့ဝေးတဲ့တစ်နေရာရာမှာ ဖြစ်ချင်ဖြစ်သွားနိုင်တာပဲလေ၊ ရန်ကုန်မှာဖြစ်ဖြစ်၊ မြန်မာပြည်ရဲ့ မြို့တစ်မြို့မြို့မှာဖြစ်ဖြစ်ပေါ့၊ အဲဒါဆိုရင်... မင်းဘာတတ်နိုင်မလဲ''

''ကျွန်တော့်အာရုံထဲကို အဲဒီအဖြစ်အပျက်ထင်ဟပ်မလာတော့ဘူးဆိုရင်တော့ ဖြစ်ပြီးပြီလို့ သတ်မှတ်ရုံပေါ့ကိုထွန်းရာ... ဒါပေမယ့်... ကျွန်တော့်စိတ်ထဲမှာ ဒီအဖြစ်ဟာ မန္တလေးမှာပဲဖြစ်လိမ့်မယ်လို့ ထင်နေတယ်၊ ဒီကောင်မလေးကိုလည်း မန္တလေးကကောင်မလေးတစ်ယောက်လို့ ထင်နေတယ်၊ ထင်နေတာကိုမဟုတ်ဘူးဗျာ၊ သိကိုသိနေတာ''

''ရောဂါပဲ... အေးလေ... ရောဂါကြောင့်ပဲ မင်း... မဖြစ်သေးတာတွေ ကြိုမြင်လာတာပေါ့၊ ဒါနဲ့... နေပါဦးကွ...''

ကိုထွန်းက တစ်စုံတစ်ခုကိုစဉ်းစားမိဟန်ဖြင့် ဖန်ခွက်ကို စားပွဲပေါ်ချရင်း ပြောလိုက်သည်။

''မင်းမြင်သမျှအမြင်တွေဟာ ကိုယ့်ပတ်ဝန်းကျင်က သိကျွမ်းတဲ့လူတွေ၊ မြင်ဖူးတွေ့ဖူးပြီးသားလူတွေနဲ့ပတ်သက်တာချည်းပဲဆို၊ ဘောလုံးပွဲကို ငါကြည့်နိုင်းတုန်းက မင်းပြောခဲ့တာလေ''

''ဟုတ်တယ်လေကိုထွန်း၊ နာဂစ်မုန်တိုင်းကျမှာကို ကျွန်တော် ကြိုမြင်ရတာက ရန်ကုန်က ကျွန်တော်နေတဲ့ပတ်ဝန်းကျင်မှာဖြစ်တဲ့ အဖြစ်တွေကိုမြင်ရတာ၊ တခြားနေရာကဟာတွေကို မြင်ရတာမဟုတ်ဘူး။ ပြီးတော့ မေမေလမ်းမှာဒုက္ခရောက်မှာကိုလည်း မေမေနဲ့ပတ်သက်နေလို့မြင်ရတာ၊ ကျွန်တော့်အနေနဲ့ ကိုယ်မြင်ချင်သိချင်တိုင်း အကြားအမြင်ပေါက်တဲ့လူတွေလို အာရုံယူကြည့်လို့ ရနိုင်တာမဟုတ်ဘူး''

''ဒါဖြင့်... အဲဒီကောင်မလေးကိုတော့ မင်းဘာလို့ကြိုမြင်သလဲ၊ မင်း အဲဒီကောင်မလေးကို တစ်ခါမှမမြင်ဖူးဘူးဆို''

ကိုထွန်းအမေးကြောင့် ကျွန်တော်ငိုင်သွားရသည်။

ဟုတ်ပါရဲ့။ ကျွန်တော်သည် သူမကို တစ်ခါမှအပြင်လောကတွင် မမြင်ဖူးသေးပါ။ ကျွန်တော်နှင့် ဘာတစ်ခုမှပတ်သက်မှုမရှိပါပဲ သူမကို ကျွန်တော်ဘာလို့မြင်ရပါလိမ့်။ ကောင်မလေးနဲ့ကျွန်တော်ကြားမှာ ဘယ်လိုဆက်စပ်မှုများရှိနေပါသလဲ။

''ပြီးတော့... တကယ်လို့ တွေ့ပါပြီတဲ့၊ မင်း အဲဒီကောင်မလေးကို ကယ်တင်ခွင့် ကြုံပါ့မလား။ မင်းမြင်ရသမျှတွေဟာ မလွဲသာပဲ ဖြစ်ကိုဖြစ်လာတွေချည်းပဲမဟုတ်လား ကိုလင်း''

''ကယ်တင်လို့ ရပါတယ်၊ ရှောင်လွှဲလို့ရပါတယ်ကိုထွန်း၊ ကျွန်တော်မြင်ရတဲ့မြင်ကွင်းတွေဟာ တကယ်ဖြစ်လာတာ မှန်တယ်လေ၊ ဖြစ်လာမယ့်အဖြစ်အပျက်ကြီးကိုတော့ ကျွန်တော်တားဆီးလို့မရဘူးပေါ့၊ နာဂစ်မုန်တိုင်းဖြစ်မှာကို ကျွန်တော်တားလို့မရဘူး။ ဒါပေမယ့် မုန်တိုင်းကြောင့် မေမေလမ်းမှာဒုက္ခရောက်မှာကိုကြိုသိလို့ ရန်ကုန်မပြန်ဖို့ တားခဲ့တယ်လေ၊ မေမေ အခက်အခဲနဲ့မကြုံပဲ လွတ်မြောက်ခဲ့တယ်''

''အင်း... ထားပါတော့''

''ပြီးတော့... မအေး လေယာဉ်ပေါ်က လိမ့်ကျတဲ့အဖြစ်ကိုကြည့်၊ ကျွန်တော်ကြိုမြင်တဲ့အထဲမှာ လေယာဉ်အောက်ဆုံးထစ်အထိလိမ့်ကျပြီး လေယာဉ်လက်ရမ်းနဲ့ဆောင့်မိလို့ နဖူးက သွေးထွက်လာတယ်၊ ဒါကို ကျွန်တော်က ကြိုသိတော့ မအေးကို ဖမ်းဆွဲထားလိုက်နိုင်တယ်လေ၊ မအေး သွေးထွက်အထိရာရတဲ့အထိ မဖြစ်ခဲ့ဘူး။ အဲဒီတော့... ဖြစ်တော့မယ်ဆိုတာကြိုသိရင် အန္တရာယ်နဲ့လွဲအောင်တော့ လုပ်လို့ရတာပေါ့၊ ဒီအဖြစ်အပျက်ကြီးတစ်ခုလုံးကိုသာ ဖြစ်မလာအောင် မတားဆီးနိုင်တာလေ''

ကိုထွန်းက ကျွန်တော်ပြောပြသည်များကို ဘီယာသောက်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

''အေးကွာ... ဒါဖြင့်လည်း ရှာပုံတော်ဆက်ဖွင့်ပေဦးပေါ့ ငါ့ညီရယ်''

+ + + + +

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့အိမ်ပြန်ရောက်တော့ မေမေက သူရန်ကုန်ပြန်တော့မယ့်အကြောင်းပြောသည်။

''မေမေ တနင်္လာနေ့ ပြန်မယ်သား။ ရန်ကုန်မှာ အခြေအနေ အားလုံးပြန်ကောင်းသွားပြီတဲ့ မင်းအဖေက ဖုန်းဆက်တယ်''

ရန်ကုန်တွင် အခြေအနေအားလုံးပြန်ကောင်းသွားပြီဆိုကာ မေမေ့ကို ပြန်လာဖို့ ဖေဖေက ဖုန်းဆက်ခေါ်ခြင်းဖြစ်ပါသည်။

''မေမေ့ကို ကားလက်မှတ်သွားဖြတ်ပေးဦး။ မင်းလည်း ဗုဒ္ဓဟူးနေ့ ဆရာဝန်နဲ့နောက်တစ်ခေါက်ထပ်ပြဖို့ကို မမေ့နဲ့နော်''

''ဟုတ်ကဲ့ပါမေမေ''

''အမောင်းလိုင်စင်ရပြီးတာနဲ့ ပြန်ခဲ့တော့နော်... သား''

''ဟုတ်ကဲ့ပါမေမေ၊ သားလည်း တနင်္လာနေ့ ကညနမှာ လိုင်စင်သွားဝင်ရမှာပါ''

''ဒါနဲ့... မင်း ရှေ့အဖြစ်တွေကြိုမြင်တာမျိုးရှိသေးလား''

ဟိုကောင်မလေး စတိုးဆိုင်လိုနေရာမျိုးမှာ ဒုက္ခကြုံတဲ့အကြောင်း ကြိုမြင်ထားတာကို ကျွန်တော်ပြောပြထားလို့... မေမေတို့ သိပြီးပါပြီ။ သူမကို ကျွန်တော်ရှာနေတာကိုတော့ မေမေတို့ မရိပ်မိကြပါ။

''အသေးအဖွဲလေးတွေ မြင်ရတာမျိုးပဲ ရှိပါတော့တယ်မေမေ၊ မနက်တိုင်း အိမ်ရှေ့ကဖြတ်သွားတဲ့ ကောက်ညှင်းပေါင်းသယ်ကို မလာခင် ကြိုမြင်နေတာမျိုးပေါ့၊ ဒါပေမယ့်... တကယ့်အမြင်နဲ့ အနာဂတ်အမြင်ဆိုတာကို သား ခွဲခြားတတ်နေပြီမေမေ၊ အနာဂတ်အမြင်မျိုး မြင်ရခါနီးရင် အိပ်ငိုက်သလိုဖြစ်ဖြစ်သွားတတ်တယ်''

''မေမေစိုးရိမ်တာက ဆိုင်ကယ်တွေ ကားတွေမောင်းနေတုံး မဖြစ်သေးတာတွေမြင်လာတာမျိုးဖြစ်မှာကိုပဲ စိုးရိမ်တယ်သား။ တိုက်မိ ခိုက်မိမှာ စိုးလို့ပါ''

''သား သတိထားပါ့မယ်မေမေ''

♛♛♛♛♛

( ၅ )

နောက်တစ်နေ့မနက် အိပ်ရာအထမှာ...

**''ဟင်– ဒီအင်္ကျီက လေဘယ်လ်ကတ်လည်း တပ်မထားပါလား၊ ပြုတ်ကျသွားတာလား မသိဘူး''** ...ဆိုတဲ့ သူမအသံကိုကြားလိုက်ရပြီး...

ကျွန်တော်နောက်သို့လှည့်ကြည့်လိုက်သည်တွင်...

သူမ၏မြင်ကွင်းကိုအမြင်၌...

ယခင်အခါများကလို... ထိတ်လန့်ခြောက်ခြားမှုကို မခံစားရတော့ပါ။

သူမမြင်ကွင်းကို ကျွန်တော်မြင်နေရခြင်းသည်... ထိုအဖြစ်အပျက် တကယ်မဖြစ်သေးလို့သာဖြစ်သည်၊ တကယ်သာဖြစ်ပြီးလျှင်... အနာဂတ်မြင်ကွင်းထဲ၌ သူမကို ကျွန်တော် မြင်ရတော့မည်မဟုတ်ပါ။ ယခုလိုမြင်နေရခြင်းကပင် သူမအတွက် ထိုဒုက္ခဆိုးကြီးနှင့် မကြုံဆုံရသေးကြောင်း အသိပေးသလိုဖြစ်နေသည်မဟုတ်ပါလား။

သူမအတွက် ကျွန်တော် စိတ်သက်သာရာ ရနေပါသေးသည်။

ထိုအန္တရာယ်နှင့် တကယ်မကြုံဆုံရခင်မှာ သူမကို တွေ့အောင်ရှာရမည်။

သူမဟာ ဘယ်သူလဲ။ သူမကို ယခင်က တစ်ကြိမ်တစ်ခါမှ မတွေ့ဆုံဖူးပါပဲနှင့် သူမဟာ ကျွန်တော့်အနာဂတ်မြင်ကွင်းထဲမှာ ဘာလို့ ပေါ်လာရတာလဲ။ သူမနှင့်ကျွန်တော်သည် ဆက်စပ်မှုတစ်ခု ရှိကိုရှိရပေမည်။ ဘယ်လိုဆက်စပ်မှုလဲဆိုတာတော့ အဖြေရှာလို့မရသေးပါ။ သူမဟာ ယခင်ဘဝက ကျွန်တော့်ချစ်သူများဖြစ်နေမလား။ ကျွန်တော်က ဂမ္ဘီရဆန်ဆန်တွေးလိုက်မိလေသည်။

ဘာပဲဖြစ်ဖြစ်... သူမနှင့်တွေ့လိုက်ရင်တော့ ဒါတွေအားလုံး ရှင်းသွားလိမ့်မည်ထင်ပါသည်။

ကျွန်တော်နဲ့သူမ တွေ့ကိုတွေ့ရမယ်လို့ ယုံကြည်ပါသည်။

သူမကို တွေ့အောင်ရှာရပါဦးမည်။

ရှာပုံတော်ဖွင့်ရပါဦးမည်။

+ + + + +

www.burmeseclassic.com

ယနေ့မှာ တနင်္ဂနွေနေ့ဖြစ်ပါသည်။ မေလ(၁၁)ရက်ဖြစ်ပါသည်။

ကိုထွန်းက ကိုရဲနိုင်အစ်မမင်္ဂလာဆောင်ကိုသွားသည်။ ဆိုင်ကယ်ယူသွားသည်။ မေမေမနက်ဖန် ရန်ကုန်ပြန်ဖို့ ကားလက်မှတ်ကို ကိုထွန်း ဝယ်လာပါလိမ့်မည်။

ကျွန်တော်သည် အိမ်မှ တစ်ယောက်တည်းပင် ခြေလျင်ထွက်လာခဲ့၏။

ဘဘတို့အိမ်မှာ ကျုံးနှင့်မဝေးသော ၂၈လမ်းတွင်ရှိသောကြောင့် ကျွန်တော်က ကျုံးဘေး၂၆လမ်းအထိ လမ်းလျှောက်လာလိုက်လေသည်။

ကျွန်တော်သည် ကျွန်တော့်အနာဂတ်မြင်ကွင်းထဲမှကောင်မလေးကို ကောင်းကောင်းမှတ်မိနေပါပြီ။ သူမကို ဘယ်နေရာတွင် ဘယ်အချိန် တွေ့တွေ့ ကျွန်တော်မှတ်မိပါသည်။

သူမကို အနာဂတ်မြင်ကွင်းထဲကအတိုင်း အဝတ်အထည်ရောင်းသောဆိုင်မှာမတွေ့ရလျှင်လည်း... အပြင်တစ်နေရာရာတွင်တွေ့နိုင်သည် မဟုတ်ပါလား။ သူမကိုတွေ့လျှင် အကျိုးအကြောင်းရှင်းပြ၍... ကျွန်တော်သတိပေးနိုင်လိမ့်မည်။

ထိုစိတ်ကူးဖြင့် ကျုံးနဘေးတွင်ထိုင်ရင်း သူမကိုရှာကြည့်ရန် ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ရဝလမ်းတည့်တည့်မှ ကျုံးတောင်ဖက်အပေါက်တွင်ထိုင်ရင်း လမ်းသွားလမ်းလာများကို ငေးကြည့်နေမိသည်။ ကျုံးပလက် ဖောင်းပေါ်မှလမ်းလျှောက်သွားသူများရှိသည်။ ၂၆လမ်းပေါ်တွင် ဆိုင်ကယ်၊ စက်ဘီး၊ ကားများဖြင့် သွားလာနေသူများရှိသည်။

ကျုံးတောင်ဖက်ပေါက် မီးပွိုင့်အနီးရှိ တစ်ဖက်ပလက်ဖောင်းပေါ်တွင် စည်ပင်သာယာအဖွဲ့မှ လုပ်ပေးထားသော အားကစားလေ့ကျင့်ရန် မြေစိုက်ကိရိယာများရှိပါသည်။ ကိုယ်လက်လှုပ်ရှားကစားရန် ပြုလုပ်ပေးထားသောအားကစားပစ္စည်းများဖြစ်ပါသည်။

ကျွန်တော်က ထိုနေရာတွင်ထိုင်ကာ လမ်းသွားလမ်းလာများကို ငေးကြည့်နေခဲ့သည်။ ဆိုင်ကယ်နှင့်ဖြတ်သွားသူများ၊ ကားပေါ်ပါသွားသူ များ၊ ပလက်ဖောင်းပေါ်မှဖြတ်လျှောက်သွားသူများ။

ထိုအချိန်၌ ယာဉ်ထိန်းရဲအဖွဲ့သည် လမ်းထိပ်မှပိတ်ကာ လိုင်စင်များစစ်ဆေးလျှက်ရှိပါသည်။ ဆိုင်ကယ်နှင့်ကားများကိုရပ်တန့်စေလျှက် လိုင်စင်များစစ်နေခြင်းဖြစ်သည်။

ကားများထက် ဆိုင်ကယ်များကို အဓိကထားကာ စစ်ဆေးနေခြင်းဖြစ်၏။ မန္တလေးတွင် ဆိုင်ကယ်များအလွန်ပေါများရာ အချို့ ဆိုင်ကယ် များမှာ တရုပ်ပြည်နယ်စပ်မှ တရားမဝင်ရောက်ရှိလာသော ဆိုင်ကယ်များဖြစ်သည်။ ဝစ်သောက်ဆိုင်ကယ်များဟုခေါ်သည်။ တချို့က မှတ်ပုံမတင်ရ သေးသောတရုပ်ဆိုင်ကယ်များကို နံပါတ်အတုတပ်၍ စီးကြသည်။ တချို့ကတော့ နံပါတ်အတုပင်မတပ်ပဲ သည်အတိုင်းစီးကြ၏။ ဆိုင်ကယ်မောင်းသူ များကလည်း ယာဉ်မောင်းလိုင်စင်ရှိချင်မှရှိသည်။ အလွယ်တကူမောင်းနိုင်သည့်ယာဉ်ဖြစ်၍ လိုင်စင်မရှိပဲလည်း မောင်းနေကြခြင်းဖြစ်၏။ ပြီးတော့... ဆိုင်ကယ်စီးရာတွင် မောင်းသူရော နောက်မှလိုက်ပါသူပါ ဆိုင်ကယ်ဦးထုပ်ဆောင်းရန် ညွှန်ကြားထားသော်လည်း မလိုက်နာသူများရှိသည်။ တချို့ က ဆိုင်ကယ်ဦးထုပ်ပါလာသော်လည်း... ရှေ့ခြင်းထဲတွင်ထည့်ထားသည်၊ သို့မဟုတ် ဆိုင်ကယ်တွင်ချိတ်ထားသည်။ မဆောင်းကြပါ။ ပြီးတော့... ဆိုင်ကယ်တစ်စီးကို မောင်းသူတစ်ဦးနှင့် နောက်မှလိုက်ပါသူတစ်ဦး၊ နှစ်ဦးထက်ပိုမစီးရန် သတ်မှတ်ထားသော်လည်း... သုံးယောက်၊ လေး ယောက်အထိ စီးသူများ ရှိသေးသည်။

ဆိုင်ကယ်နှင့်ပတ်သက်၍ စည်းကမ်းချိုးဖောက်မှုများသောကြောင့်... ဆိုင်ကယ်များကို ဦးစားပေးစစ်ဆေးနေခြင်းဖြစ်သည်။

ကျွန်တော့်ရှေ့မှာပင်... အတော်များများ အဖမ်းခံထိကြ၏။ လိုင်စင်မရှိပဲမောင်းသူများ၊ နံပါမပါသောဆိုင်ကယ်ကိုစီးသူများ၊ သုံးယောက် စီးသူများ၊ ဦးထုပ်မပါသူများ။ ပြစ်ချက်စုံလှပေသည်။

တချို့က လမ်းထိပ်တွင် အုပ်စုလိုက်ရပ်နေသောယာဉ်ထိန်းရဲများကိုအမြင်တွင် သဘောပေါက်ကာ ဆိုင်ကယ်ကိုနောက်ပြန်လှည့်၍ တစ်လမ်း မောင်းလမ်းကို ပြောင်းပြန်မောင်းပြေးကြလေသည်။ တစ်ဖက်လမ်းချိုးထဲကို အမြန်ချိုးဝင်ကွယ်ပျောက်သွားကြ၏။ မန္တလေးသားများမှာ မိန်းကလေး ရော ယောကျ်ားလေးရော ဆိုင်ကယ်အစီးကျွမ်းကျင်ကြပေသည်။

လမ်းထိပ်မရောက်မီ လှည့်လှည့်ပြေးသည့်ဆိုင်ကယ်များများ လာသည့်အခါ ယာဉ်ထိန်းနှစ်ယောက်က လမ်းအလည်မှာရပ်ကာ စောင့်ကြ သည်။ လက်ထဲမှာလည်း သစ်သားတုတ်များကိုင်ထားကြ၏။

ပြန်လှည့်ပြေးသည့်ဆိုင်ကယ်ရှေ့တွင် ပိတ်ရပ်ထားကြသည်။ ဆိုင်ကယ်က ဖွတ်ကွေ့မောင်းသည့်အခါ လက်ထဲက တုတ်ဖြင့်လှမ်းရိုက်သည်။ တော်တော်ပင် တင်းတင်းကျပ်ကျပ်စစ်ဆေးနေခြင်းဖြစ်၏။

ကျွန်တော်လည်း ကြည့်ကောင်းကောင်းနှင့် ထွက်ပြေးသည့် ဆိုင်ကယ်ကိုဖမ်းသည့်မြင်ကွင်းကို ထိုင်ကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုစဉ်... ကျွန်တော် အိပ်ငိုက်သလိုဖြစ်သွားကာ... အရှေ့ဖက်မှ အနောက်ဖက်သို့မောင်းလာသောဆိုင်ကယ်တစ်စီးကို မြင်လိုက်ရပါသည်။ ဆိုင်ကယ်မောင်းသူက ဦးထုပ်မပါ။ "ပုဂံရောက်အမှတ်တရ"ဟု စာတမ်းထိုးထားသောတီရှပ်အဖြူကိုဝတ်ထားသည်။ သရီးကွာတားခေါ် ဒူးဆစ်ဖုံးရုံ ဘောင်းဘီနက်ပြာရောင်ကိုဝတ်ထားသည်။

သူသည် ရှေ့တွင် ယာဉ်ထိန်းများစစ်ဆေးနေသည်ကိုသိပုံမရ။ ဟဲန်းဖုန်းလေးကို ဘယ်လက်မှကိုင်ကာ ဖုန်းပြောရင်းမှ ဆိုင်ကယ်ကို မောင်းလာလေ၏။

ယာဉ်ထိန်းရဲက ဝီစီမှုတ်၍တားလိုက်သည့်အခါမှ... သူက ဟဲန်းဖုန်းကို ခါးတွင်ချိတ်လိုက်သည်။ သူ့တွင် အမောင်းလိုင်စင်ရှိပုံမရချေ။ သို့မဟုတ်...သူစီးလာသောဆိုင်ကယ်သည် မှတ်ပုံမတင်ရသေးသော ဆိုင်ကယ်ဖြစ်ချင်ဖြစ်မည်။

သူသည် ဝီစီမှုတ်၍တားလိုက်သောယာဉ်ထိန်းအုပ်စုကိုအမြင်တွင် မျက်လုံးပြူးသွားသည်။ ဆိုင်ကယ်ကို ရုတ်တရက်အရှိန်သတ်လိုက်သည်။ နောက်ပြန်လှည့်ကွေ့လိုက်သည်။

လမ်းအလည်တွင်ရှိနေသော ယာဉ်ထိန်းနှစ်ယောက်က လှည့်ပြေးတော့မည့်သူ့အပြုအမူကို သတိထားမိကာ သူ့ဆီပြေးသွားသည်။ သူက ရှေ့တွင်ပိတ်ရပ်လိုက်သော ယာဉ်ထိန်းကို ကွေ့၍ရှောင်လိုက်သည်။ သူ့ဆိုင်ကယ်က လမ်းအလည်မှ သစ်ပင်များစိုက်ထားသည့် အလည်ကျွန်းဖက်သို့ ဦးတည်သွားလေသည်။

ယာဉ်ထိန်းက ဆိုင်ကယ်ကိုရပ်ရန် နှုတ်မှအော်လိုက်သည်။

နောက်ယာဉ်ထိန်းတစ်ယောက်ကလည်း သူ့ဆိုင်ကယ်ဘေးသို့ ပြေးလာသည်။

သူသည် ဆိုင်ကယ်ကို အရှိန်မြှင့်ကာ မောင်းပစ်လိုက်လေသည်။ ဆိုင်ကယ်က အုတ်ပေါင်ကိုကျော်လွှန်ကာ အလည်ကျွန်းမြက်ခင်းပြင်ပေါ် သို့ရောက်သွားသည်။ ဆိုင်ကယ်ဦးက အလည်ကျွန်းမှသစ်ပင် တစ်ပင်ဆီ ဦးတည်ပြေးသွားသည်။ သူသည် ဆိုင်ကယ်ကို အရှိန်မထိန်းနိုင်တော့။ သစ်ပင်နှင့်သူ့ဆိုင်ကယ် ပြင်းထန်စွာဝင်တိုက်မိသည်။

သူသည် ဆိုင်ကယ်ပေါ်မှလွတ်ထွက်ကာ ကတ္တရာလမ်းပေါ်အထိပြုတ်ကျလာသည်။ အလည်ကျွန်းအုတ်ဘောင်နှင့် သူ့ဦးခေါင်း ဆောင့်မိသွားလေသည်။

ခေါင်းမှသွေးများဖြာကျလာလေသည်။

"ဟာ–"

ကျွန်တော်အလန့်တကြားအော်လိုက်မိကာ ထိုင်ရာမှ ထလိုက်မိသည်။

ထိုအချိန်မှာပင်... သစ်ပင်နှင့်တိုက်မိ၍ မှောက်သွားသောဆိုင်ကယ်နှင့် လမ်းပေါ်လဲကျသွားသော ဆိုင်ကယ်သမားတို့သည်... မြင်ကွင်းထဲမှ ဖြတ်ကနဲပျောက်သွားလေတော့၏။

ထိုမြင်ကွင်းသည် ကျွန်တော်၏အနာဂတ်မြင်ကွင်းသာဖြစ်ပါသည်။ အိပ်ငိုက်သလိုဖြစ်သွားရာမှ ကျွန်တော်တစ်ဦးတည်း မြင်လိုက်ရသော မြင်ကွင်းဖြစ်ပါသည်။

သည်အတိုင်းဆိုလျှင်ဖြင့်... မကြာလှသောအချိန်တွင် ကျွန်တော်မြင်ခဲ့ရသောလူငယ်သည် ဆိုင်ကယ်နှင့်သစ်ပင်တိုက်မိကာ သွေးထွက်သံယိုဖြစ်ပေတော့မည်။ ထိုအဖြစ်မျိုးအထိမရောက်ရန် ကျွန်တော် တတ်နိုင်ပါသည်။ သူ့ကိုကြိုတင်သတိပေးနိုင်လျှင် သွေးထွက်သံယိုအဖြစ်မျိုးအထိ မရောက်နိုင်။

ကျွန်တော်က လမ်းထိပ်မှထွက်ခဲ့ကာ ရှေ့တစ်ပြလောက်အထိ ကြိုပြီးသွားနေလိုက်သည်။

ယာဉ်ထိန်းရဲများစစ်ဆေးနေသည့်နေရာနှင့် ခပ်လှမ်းလှမ်းမှ သူ့ကိုကြိုစောင့်နေခြင်းဖြစ်ပါသည်။

မကြာပါ။

ဟဲဖုန်းလေးကို ဘယ်လက်တွင်ကိုင်ကာ ဖုန်းပြောရင်းမှ ဆိုင်ကယ်မောင်းလာသော သူ့ကို တွေ့လိုက်ရပါပြီ။ ချစ်သူရည်းစားနှင့် စကားပြောနေသည်လားမသိ။ ပတ်ဝန်းကျင်ကိုမေ့ကာ မျက်နှာက ပြုံးနေပေသည်။

သူသည် ကျွန်တော်မကြာခင်က အနာဂတ်မြင်ကွင်းထဲတွင် မြင်ခဲ့သောလူငယ်ဖြစ်မှန်းသေချာပါသည်။ ဆိုင်ကယ်ဦးထုပ်ကိုလည်း ဆောင်းမထား။ ဝတ်ထားသည့်တီရှပ်ပေါ်တွင်လည်း "ပုဂံရောက်အမှတ်တရ"ဆိုသည့်စာတမ်းပါသည်။ သရီးကွာတားဘောင်းဘီနက်ပြာရောင်နှင့်။

"ဟေ့– ဟေ့–"

ကျွန်တော်က သူ့ကိုလှမ်းခေါ်လိုက်သည်။ သူမကြားသေး။

www.burmeseclassic.com

''ဟော့- ဟော့လူ၊ ရှေ့မှာ... ရှေ့မှာ...''

ကျွန်တော်က သူကြားအောင် လက်ခုပ်ပါတီး၍ခေါ်လိုက်သည်။

သူလှည့်ကြည့်သည်။

ဆိုင်ကယ်ကို ပလက်ဖောင်းဘေးကပ်၍ရပ်လိုက်၏။

ကျွန်တော်က သူ့ဆိုင်ကယ်ဆီ ပြေးသွားလိုက်သည်။

''ကျွန်တော့်ကို ခေါ်တာလား''

''ဟုတ်တယ်၊ ရှေ့မှာ လိုင်စင်စစ်နေတယ်၊ ဦးထုပ်လည်း စစ်နေတယ်၊ ခင်ဗျားမှာ ဦးထုပ်မပါဘူးမဟုတ်လား''

''ဟင်-''

သူက လမ်းထိပ်ကိုမျှော်ကြည့်လိုက်သည်။

''တော်သေးတာပေါ့ဗျာ၊ ကျွန်တော့်မှာဦးထုပ်လည်း မပါဘူး၊ လိုင်စင်တော့ပါတယ်၊ ဒါပေမယ့်... ဆိုင်ကယ်က ဝစ်သောက်ကြီးဗျ အဖမ်းခံထိမှာပဲ၊ သတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ''

''ဒီနေရာက လှည့်ပြန်မှပဲ''-ဟု သူကပြောကာ ဆိုင်ကယ်ကို ဂငယ်ကွေ့ချိုးကွေ့ပြီး အလည်ကျွန်းအဖြတ်ဆီမှ တစ်ဖက်လမ်းသို့ ကူးသွားလေတော့သည်။

သူကတော့ လိုင်စင်စစ်နေတာကို သတိပေးရုံပေးတာလို့ ထင်နေပေလိမ့်မည်။ တကယ်တော့... ကျွန်တော်သည် သူ့ကို သေွးထွက်သံယိုဖြစ်မည့် အန္တရာယ်ကြီးမှ ကယ်တင်ပေးလိုက်ခြင်းဖြစ်ပါသည်။

\+ + + + +

ကျွန်တော်သည် ထိုနေရာမှထွက်ခွာခဲ့က... ကျုံးအတိုင်း အနောက်ဖက်သို့လျှောက်လာခဲ့လေသည်။ လမ်းတွင်လည်း တွေ့သမျှလူများကို အထူးသဖြင့် မိန်းကလေးများကို ကြည့်လာခဲ့သည်။ သူမနှင့် တူတာဆိုလို့ မတွေ့၊ သူမ ဘယ်ရောက်နေပါလိမ့်။

ရဇလမ်းထိပ်အရောက်တွင် ကျွန်တော်က တောင်ဖက်သို့ချိုး ကွေ့ခဲ့သည်။ မီးရထားဌာနပိုင်မြေနေရာများတွင် အသစ်ဆောက်လုပ်ထားသော လေးထပ်အဆောက်အဦးကြီးများ၌ အဆင့်မြင့်ဆိုင်ခန်းကြီးများဖွင့်လှစ်ထားပါသည်။ ထိုဆိုင်ခန်းကြီးများထဲမှ အမျိုးသမီးအဝတ်အစားရောင်းသောဆိုင်များကို တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်လိုက်ကြည့်နေမိသည်။

တစ်နေ့သာကုန်သွားသည် သူမအရိပ်အယောင်ကို မမြင်ခဲ့ရပါ။

ကောင်မလေးရေ... မင်းဘယ်ရောက်နေတာလဲ။ ငါ မင်းကို အမြန်တွေ့မှဖြစ်မယ်။ မင်းကိုကယ်တင်ခွင့်ရချင်လိုက်တာကောင်မလေး...

♛♛♛♛♛

( ၆ )

နောက်တစ်နေ့ ကူးသွားပြန်ပြီ။

မနက်အိပ်ရာက ထသည်နှင့်...

**''ဟင်- ဒီအကျီကြ လေဘယ်လ်ကတ်လည်း တစ်မထားပါ လား။ ပြုတ်ကျသွားတာလားမသိဘူး''** ...ဆိုတဲ့ သူမအသံ။

ကျွန်တော်နောက်ကို လှည့်အကြည့်တွင်...

မြင်လိုက်ရသော သူမအန္တရာယ်ကျရောက်သောမြင်ကွင်း။

အားလုံးကို မြင်နေကျအတိုင်း အစီအစဉ်တကျ မြင်လိုက်ရပါသည်။

ဒီနေ့... တနင်္လာနေ့။ မေလ(၁၂)ရက်။

ဒီနေ့တော့... သူမကို ရှာနိုင်တော့မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com


မနက်ပိုင်းတွင်... ကညနရုံးကိုသွား၍ လိုင်စင်ဝင်ရမည်။ ယာဉ်မောင်းလိုင်စင်ရရန် လက်တွေ့ကားမောင်းပြပြီး အစစ်ခံဆေးခံရမည်ဖြစ်သည်။

ညနေလေးနာရီလောက်မှာ မေမေ့ကို ကျွဲဆည်ကန်အဝေးပြေးကားကွင်းသို့ လိုက်ပို့ပေးရပါမည်။

ကောင်မလေးရေ... ဒီနေ့တော့ မင်းကို မရှာနိုင်တော့ဘူး။

ကံကောင်းရင် ငါသွားမယ့်နေရာတွေမှာ မင်းကို အမှတ်မထင်ဖြစ်ဖြစ် တွေ့ရပါစေကွာ။

**အမှတ်မထင်**။ အမှတ်မထင်တွေ့ရမည့်အနေအထားကို ကြိုတင်မျှော်လင့်ထားတယ်ဆိုတော့ တကယ်တန်းတွေ့ခဲ့ရင်တောင်...ဒါဟာ အမှတ်မထင်တွေ့တာ ဘယ်ဟုတ်တော့မှာလဲနော်။ မျှော်လင့်ထားတဲ့အတိုင်း တွေ့ဆုံခြင်းသာဖြစ်တော့မည်။

ကျွန်တော်သည် သူမနှင့်ပတ်သက်၍ အမြဲတမ်းစိုးရိမ်ကြောင့်ကျကာ... သူမကိုတွေ့ရဖို့ မျှော်လင့်နေသူဖြစ်နေပါပြီကော။

ကျွန်တော်... သူမရဲ့စက်ကွင်းမှာ မိနေပြီလား။

\+ + + + +

သည်နေ့ တစ်နေ့ခင်းလုံး... ကညနရုံးမှာပဲ အချိန်ကုန်သွားခဲ့ပါသည်။ လိုင်စင်ဝင်သူများက အလှည့်ကျတစ်ဦးချင်း ကားမောင်းပြရသည့်အတွက် ကျွန်တော့်အလှည့်ကျအောင် စောင့်နေရသည်။ ယာဉ်မောင်းနှင်ကျွမ်းကျင်မှုစစ်ဆေးအပြီးတွင် လိုင်စင်ရသည်အထိ စောင့်ပူနေသောကြောင့် နေ့လည့်၂နာရီမှပင် ပြီးပြတ်တော့သည်။

အိမ်ပြန်ရောက်တော့ အနားယူပြီး... ညနေလေးနာရီထိုးတွင် မေမေ့ကို ကျွဲဆည်ကန်အဝေးပြေးကားကွင်းသို့လိုက်ပို့ရပါသည်။

ကိုထွန်းက ကားမောင်းပြီး ကျွန်တော်က ကိုထွန်းဘေးမှာ၊ မေမေနှင့်ကြီးကြီးက ကားနောက်ခန်းမှာထိုင်ရင်းလိုက်ပါလာခဲ့သည်။

ရန်ကုန်–မန္တလေးအဝေးပြေးလမ်းမကြီးအတိုင်း မောင်းနှင်လာရာတွင် တစ်နေရာအရောက်၌ လမ်းမအထက်တွင် ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ကြီးများကို သတိပြုမိလိုက်သည်။ ဗနိုင်းစပေါ်တွင် ရိုက်နှိပ်ထားသောဆိုင်းဘုတ်ကို လမ်းတစ်ဖက်တစ်ချက်စီတွင် ကြိုးဖြင့်ဆိုင်းကာ လမ်းမနှင့်အပြည့်ချိတ်ဆွဲထားသည့်ဆိုင်းဘုတ်များဖြစ်ပါသည်။

ဟိုတယ်ဖွင့်ပွဲဆိုင်းဘုတ်။

ရွှေမန္တလေးမြို့ဂုဏ်ဆောင်
ကြယ်ငါးပွင့်အဆင့်ဟိုတယ်ကြီး ဖွင့်ပွဲအခမ်းအနား
၁၂–၅–၂၀၀၈ (အင်္ဂါနေ့)
မော်ဒယ်ရှိုး၊ စင်တင်ဂီတ၊ ဈေးရောင်းပွဲတော်များဖြင့်
ကြီးကျယ်ခန်းနားစွာ ကျင်းပပါမည်။
မည်သူမဆို တက်ရောက်ပျော်ရွှင်နိုင်ပါသည်။

''ဒီဟိုတယ်က ဘယ်နားမှာရှိတာလဲကိုထွန်း''

''ရှေ့နားတင်လေ၊ ရောက်တော့မယ်၊ ဟိုတယ်အသစ်ပေါ့''

''ဖွင့်ပွဲက မနက်ဖန်ပဲနော်''

ကားက ဟိုတယ်အသစ်ရှေ့မှဖြတ်လာသည်။ အသစ်ဆောက်လုပ်ထားသော ခေတ်မီသည့် ငါးထပ်အဆောက်အဦးကြီးကို တွေ့ရသည်။ ဟိုတယ်ဝင်းထဲတွင် ဈေးဆိုင်ခန်းများ၊ စင်မြင့်များပြင်ဆင်နေသည်ကို တွေ့ရ၏။

ဟိုတယ်အသစ်ဖွင့်ပွဲ၊ ဈေးရောင်းပွဲတော်။

မေမေပါသွားသည့် ကားထွက်သွားမှ ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။

အပြန်လမ်းတွင် ဟိုတယ်ရှေ့မှဖြတ်လာခဲ့ရပြန်သည်။ ဟိုတယ်ဖွင့်ပွဲဆိုင်းဘုတ်များကို တွေ့ရပြန်သည်။ ဆိုင်းဘုတ်အောက်ခြေ၌ ဈေးရောင်းပွဲတွင်ပါဝင်မည့် ကုမ္ပဏီများ၏ လိုဂိုအမှတ်အသားလေးများ ရိုက်နှိပ်ထားသည်ကိုတွေ့ရ၏။ ထိုအထဲတွင် အဝတ်အထည်အရောင်း ဆိုင်တံဆိပ်များလည်း ပါသည်။

ဟိုတယ်ဖွင့်ပွဲမှာ ဈေးရောင်းပွဲတော်ပါမယ်။ အဝတ်အထည် ကုမ္ပဏီတွေကလည်း လာရောင်းကြမှာဆိုတော့...

မနက်ဖန်တွင် ဟိုတယ်ဖွင့်ပွဲကို လာကြည့်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်လေသည်။

♛♛♛♛♛

www.burmeseclassic.com

( ၇ )

နောက်တစ်နေ့မနက်။

အိပ်ရာမှထခဲ့ပြီး မျက်နှာသစ်ရန် အခန်းထဲမှအထွက်တွင်...

**"ဟင်– ဒီအကျီက လေဘယ်လ်ကတ်လည်း တပ်မထားပါလား။ ပြုတ်ကျသွားတာလားမသိဘူး"** ...ဆိုတဲ့ သူမအသံကိုကြားလိုက်ရသည်တွင် ကျွန်တော်စိတ်ချမ်းမြေ့သွားလေသည်။

နောက်ဖက်သို့လှည့်၍ သူမအလှကိုစိမ်ပြေနပြေကြည့်လိုက်သည်။

သူမအပေါ်သို့ မီးဆိုင်းကြီးပြုတ်ကျလာမည့်နေရာအရောက်တွင် ကျွန်တော်က မျက်လုံးကိုစုံမှိတ်ထားလိုက်လေသည်။

မျက်လုံးပြန်ဖွင့်လိုက်တော့ မြင်ကွင်းက ပျောက်ကွယ်သွားပေပြီ။

ခုတော့... ကျွန်တော်သည် မနက်မိုးလင်းတိုင်း ဒီမြင်ကွင်းလေး ကိုမြင်ရသည့်အတွက် စိတ်ထဲမှာ သာယာချမ်းမြေ့နေမိရပါပြီ။

ဒီမြင်ကွင်းပျောက်မသွားသမျှ ကာလပတ်လုံး မြင်ကွင်းထဲက အဖြစ်ဆိုးနှင့် သူမ မကြုံရသေးဘူးဆိုတာ သေချာနေတယ်မဟုတ်ပါလား။

ကောင်မလေးရေ ဒီနေ့တော့ ဒီမြင်ကွင်းကိုမြင်ရတာ နောက်ဆုံးဖြစ်ပါစေတော့ကွယ်။

ငါ မင်းကိုတွေ့အောင်ရှာမယ်။ ပြီးတော့... အန္တရာယ်ကြားကနေ မင်းကိုကယ်တင်မယ်ကောင်မလေးရေ၊

\+ + + + +

ကျွန်တော်က နံနက်စာစား စားသောက်ပြီးသည်နှင့် အိမ်မှ ထွက်ရန်ပြင်လိုက်သည်။

ကိုထွန်းအိပ်ရာမှမထသေး၍ ကိုထွန်းကို သွားနိုးလိုက်သည်။

ကိုထွန်းက အိပ်ချင်မူးတူးအသံဖြင့်ပြန်ပြောသည်။

"ငါသိပ်အိပ်ချင်နေတယ်ကွာ၊ မနေ့က... မင်္ဂလာဆောင်မှာ တော်တော်ပင်ပန်းထားတယ်၊ မလိုက်တော့ဘူး။ မင်းဟာမင်းသွားတော့၊ မင်းလည်းလိုင်စင်ရပြီပဲ၊ ကိုယ့်ဘာသာသွားလို့ရပါပြီ၊ ဟား..."

ကိုထွန်းက ကျွန်တော့်ကိုပြန်ပြောပြီး တစ်ချက်သန်းကာ... တစ်ဖက်လှည့်ပြီး ပြန်အိပ်ပျော်သွားလေသည်။

ကိုထွန်းပြောသလိုပဲ ကျွန်တော့်မှာ ယာဉ်မောင်းလိုင်စင်ရှိပြီပဲ။ ကိုယ့်ဟာကိုယ် တစ်ယောက်တည်းထွက်တော့မည်။

ကျွန်တော်က ကြီးကြီးကို အပြင်သွားမည့်အကြောင်းပြောကာ ဆိုင်ကယ်ယူ၍ထွက်လာခဲ့လေသည်။

ကျွန်တော်ဦးတည်ရာနေရာက ဒီနေ့ဖွင့်ပွဲကျင်းပမည့် ဟိုတယ်အသစ်ကြီးဆီသို့...

\+ + + + +

ဟိုတယ်အနီးကို ကျွန်တော်ရောက်တော့ ဖွင့်ပွဲအခမ်းအနားက ပြီးဆုံးသွားပြီ။ ကောင်းကင်ကိုလွင့်ပျံတက်သွားသည့် မိုးပျံပူဖောင်းများကို ဟိုတယ်အထက်မိုးကောင်းကင်မှာ တွေ့လိုက်ရသည်။

ဖဲကြိုးဖြတ်ဖွင့်ပေးသော တိုင်းအဆင့်အရာရှိကြီး၏ကား ထွက်သွားတာကိုလည်းတွေ့လိုက်ရသည်။

ဘင်ခရာအဖွဲ့မှ ဂုဏ်ပြုဘင်ခရာသံတွေ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်နေသည်။

ကျွန်တော်က ဟိုတယ်ဝင်းထဲသို့ဆိုင်ကယ်ကိုမောင်းဝင်ခဲ့လေသည်။ ဆိုင်ကယ်ထားရမည့်နေရာတွင် ဆိုင်ကယ်ကိုရပ်ထားခဲ့ကာ ဖွင့်ပွဲကျင်းပသည့်ပွဲခင်းထဲသို့ ဝင်ခဲ့လေသည်။

ဟိုတယ်ရှေ့မြက်ခင်းပြင်ကြီးပတ်ပတ်လည်တွင် ဆိုင်ခန်းများခင်းကျင်းထားပြီး...အလှအပပစ္စည်းအမျိုးမျိုးရောင်းချလျှက်ရှိပါသည်။ ကွင်းပြင်ထိပ်တွင်တော့... ခမ်းနားစွာမွမ်းမံထားသည့် စင်မြင့်ကြီးရှိနေသည်။ ဖော်ဒယ်ရှိုးကို ညနေလေးနာရီတွင် စတင်မည်ဖြစ်ပြီး ဇတိတ်ရှိုးကို ညရှစ်နာရီတွင်စတင်မည်ဖြစ်ကြောင်း ဆိုင်းဘုတ်ရေးထားသည်။

မနက်ပိုင်းအစီအစဉ်က... ဖွင့်ပွဲနှင့်ဈေးရောင်းပွဲတော်။

ကျွန်တော်က ဆိုင်ခန်းများကိုလိုက်ကြည့်သည်။

ပြင်ပလေဟာပြင်တွင်ဖွင့်ထားသောဆိုင်များဖြစ်၍ ကျွန်တော့်အတွက် စိတ်ဝင်စားစရာမကောင်းပေ။ ဆိုင်တွေကလည်း မိတ်ကပ်၊ ရေမွှေး၊ ဘော်ဒီစပရေး၊ ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီစသည့် အလှပြင်ပစ္စည်းအသေးစားများ ရောင်းသည့်ဆိုင်များဖြစ်ပါသည်။

www.burmeseclassic.com

''အဝတ်အစားရောင်းတဲ့ဆိုင်တွေ မပါဘူးလားဗျ''

ကျွန်တော်က အနီးတွင်တွေ့ရသော ဟိုတယ်ယူနီဖောင်းဝတ်ထားသည့်လူငယ်တစ်ယောက်ကို မေးလိုက်သည်။

''ပါပါတယ်ခင်ဗျ။ ဟိုတယ်အတွင်းထဲမှာပါ၊ အပေါက်ဝကြီးကနေ ဝင်သွားလိုက်ပါ၊ ညာဖက်ကိုချိုးလိုက်ရင် ဘောလ်ရွန်းBall Room တစ်ခုတွေ့ပါလိမ့်မယ်၊ ခန်းမကြီးထဲမှာ အထည်ဆိုင်တွေ အများကြီးရှိပါတယ်''

ဟိုတယ်ဝန်ထမ်း လမ်းညွှန်လိုက်သည့်အတိုင်း ဟိုတယ်အတွင်းထဲသို့ ကျွန်တော်ဝင်လာခဲ့လေသည်။

♛♛♛♛♛

( ၈ )

ဘောလ်ရွန်းBall Roomမှာ အစည်းအဝေးပွဲများ၊ ရှင်းလင်းဆွေးနွေးပွဲများ၊ သရုပ်ပြပွဲများ ကျင်းပရန်ပြုလုပ်ထားသည့် ခန်းမကျယ်ကြီးဖြစ်ပါသည်။

ဘောလ်ရွန်းBall Roomထဲကိုဝင်လိုက်သည်နှင့် ခန်းမ၏နံရံလေးဖက်လေးတန်ကိုကပ်ကာ အကန့်များကန့်၍ဖွင့်ထားသော အထည်ဆိုင်များကိုတွေ့လိုက်ရသည်။ မြန်မာနိုင်ငံရှိ အဝတ်အထည်ကုမ္ပဏီများအားလုံး၏ဆိုင်းဘုတ်များကိုလည်း ဆိုင်များရှေ့တွင် တွေ့လိုက်ရပါသည်။

ကျွန်တော်က အခန်းထဲရောက်ရောက်ချင်း အပေါ်မျက်နှာ ကျက်သီသို့မော့်ကြည့်လိုက်သည်။

ဖန်မီးဆိုင်းကြီးများကို တွေ့လိုက်ရလေသည်။ တစ်တန်းလျှင် လေးခုစီဖြင့် အတန်းသုံးတန်းဖြင့် ၁၂ခုတိတိရှိသော ဖန်မီးဆိုင်းကြီးများဖြစ်ပါသည်။ ဖန်မီးဆိုင်းကြီး၁၂ခုဆီမှ အလင်းရောင်က တစ်ခန်းလုံးကို လင်းထိန်နေစေတော့သည်။

ကျွန်တော်က ခန်းမကြီး၏အလယ်အထိ လျှောက်သွားလိုက်သည်။

ထိုစဉ်...

**''ဟင်– ဒီအင်္ကျီက လေဘယ်လ်ကတ်လည်း တပ်မထားပါလား၊ ပြုတ်ကျသွားတာလားမသိဘူး''**

**...**ဆိုသည့်အသံကို ကြားလိုက်ရသောကြောင့်**...** ကျွန်တော့် တစ်ကိုယ်လုံး သွေးကြောများဆိုင်းကာ ကြက်သီးမွေးညင်းများပင် ထသွားရပါတော့၏။

ကျွန်တော်က အသံထွက်ပေါ်လာရာ နောက်ဖက်သို့လှည့်ကြည့်လိုက်သည်။

မြင်ရပါပြီ။

ကျွန်တော်၏အနာဂတ်မြင်ကွင်းတွင် ပုံရိပ်အဖြစ် နေ့စဉ်ရက် ဆက်မြင်တွေ့ခဲ့ရသောမြင်ကွင်း။

ထိုဆိုင်က အဝင်ပေါက်နှင့်ကပ်လျက်တွင်ဖွင့်ထားသောကြောင့် အတွင်းသို့ဝင်လာရာတွင် သတိမပြုမိခြင်းဖြစ်ပါသည်။

သူမသည် ထိုဆိုင်ရှေ့တွင် အလျှုမီနီယံကွင်းအဝိုင်းဖြင့်ပြုလုပ် ထားသော အင်္ကျီချိတ်ဆင်ပေါ်မှာ ချိတ်ထားသည့် အင်္ကျီတစ်ထည်ကို ကိုင်ကြည့်ရင်းပြောလိုက်ခြင်းဖြစ်သည်။

ကျွန်တော့်မြင်ကွင်းထဲကနှင့် တစ်ထပ်တည်း။

သူမ၏ရုပ်ရည်၊ သူမ၏အဝတ်အစားများကလည်း မြင်ကွင်းထဲကနှင့် တစ်ပုံစံတည်းပါပင်။

သူမက ဘေးဖက်သို့ကြည့်လိုက်ကာ ဆိုင်မှအရောင်းဝန်ထမ်းတစ်ဦးကို လှမ်းခေါ်လိုက်သည်။

''ရှုတ်– ရှုတ်–''

အိုး– ကျွန်တော် ဒီအတိုင်းကြည့်နေလို့ မဖြစ်တော့ပါ။ သူမအပေါ်ကို မီးဆိုင်းကြီးပြုတ်ကျတော့မည်။ အပေါ်သို့မော့်ကြည့်လိုက်ရာ သူမရပ်နေသည့်နေရာ၏အပေါ်တည့်တည့်တွင် ဖန်မီးဆိုင်းကြီးရှိနေသည်။

ကျွန်တော်က သူမအနီးသို့ လျင်မြန်စွာပြေးသွားလိုက်သည်။

သူမကို ပခုံးမှဆွဲခေါ်လိုက်သည်။

''ဟင်– ဘာ– ဘာလုပ်တာလဲ၊ အို...''

''လာ– ဒီနေရာကအမြန်ထွက်မှဖြစ်မယ်၊ မင်းအပေါ်ကို မီးဆိုင်းကြီးပြုတ်ကျတော့မယ်''

ကျွန်တော်က ပြောလည်းပြော**...** သူ့ကိုအတင်းဆွဲခေါ်လိုက်သည်။

www.burmeseclassic.com

''အို... ရှင်ဘာလုပ်တာလဲ၊ ဖယ်– ဖယ်–''

သူမက ကျွန်တော်လက်ထဲမှရုန်းကန်နေသည်။

ကျွန်တော်သည် သူမပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ... ခန်းမအပြင်ဖက်သို့ အတင်းဆွဲခေါ်ခဲ့လေသည်။

သူမက ရုန်းရင်းကန်ရင်း... နှုတ်မှလည်း အော်ရင်းဟစ်ရင်း ကျွန်တော့်နောက်သို့ ယက်ကန်ယက်ကန် ပါလာခဲ့လေသည်။

ဘေးမှလူများကလည်း ကျွန်တော်တို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြသည်။

ခန်းမအပြင်အရောက်တွင်... ကျွန်တော်က သူမကိုချုပ်ကိုင်ထားသောလက်များကို လွှတ်ပေးလိုက်သည်။

သူမက ကျွန်တော့်ကြောင့် တွန့်ကြေသွားသော အင်္ကျီပခုံးစများကို လက်ဖြင့်သပ်ချလိုက်ရင်းမှ... ကျွန်တော့်ကို စူးစူးဝါးဝါးကြည့်လိုက်သည်။

ကျွန်တော်က ခန်းမထဲသို့ ပြန်ကြည့်လိုက်၏။

**ဘာမှမဖြစ်။ ခန်းမထဲတွင် ဘာမှဖြစ်မသွားပါ။**

မီးဆိုင်းကြီးလည်း ပြုတ်ကျမလာပါလား။

မီးဆိုင်းကြီးပြုတ်ကျမလာတာဟာ ကျွန်တော် သူမကို မီးဆိုင်းအောက်က ဆွဲထုတ်လာလို့လား။

''ဒီမယ်– ဒီမယ်– ရှင် ဘာကြောင့်တာလဲ၊ မိန်းကလေးတစ်ယောက်ကို ဆွဲလားရမ်းလားနဲ့ ရှင်ရူးနေလား''

သူမက ကျွန်တော့်ကို ရန်တွေ့လိုက်သည်။

ကျွန်တော်တို့နှစ်ယောက်ကို ရပ်ကြည့်နေတဲ့လူတွေလည်း တော်တော်များ၏။ တစ်ချို့က ပြုံးစေ့စေ့၊ အတော်များများကတော့... ကျွန်တော့်ကို အရူးတစ်ယောက်လို ကြည့်နေကြခြင်းဖြစ်သည်။

''မဟုတ်...မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ခင်ဗျားကိုနှောက်ယှက်တာမဟုတ်ပါဘူး။ ခင်ဗျားအပေါ်ကို မီးဆိုင်းကြီးပြုတ်ကျလာမှာစိုးလို့''

''ဘာ–''

''မီးဆိုင်းကြီး၊ ခင်ဗျားခေါင်းပေါ်တည့်တည့်ကို မီးဆိုင်းကြီး ပြုတ်ကျမယ်ဆိုတာ သိနေလို့... ကျွန်တော်... ကျွန်တော်...''

''ဟင်း... အရူးပဲ၊ ရူးသလိုကြောင်သလို လာမလုပ်နဲ့နော်၊ လုံခြုံရေးတွေနဲ့တိုင်ပစ်လိုက်မယ်၊ ဘာမှတ်လို့လဲ''

သူမက ကျွန်တော့်ကို ရန်တွေ့ကာ ခန်းမထဲပြန်ဝင်သွားလေသည်။

ကျွန်တော် သူမနောက်မှ ပြန်လိုက်သွားသည်။

ခန်းမအဝအရောက်တွင် သူမက ကျွန်တော့်ကိုလှည့်ကြည့်ကာ...

''ဟင်... လိုက်လာပြန်ပြီလား။ ရှင်နော်–''

သူမက ကျွန်တော့်ကို ရန်တွေ့ပြီး အခုနကဆိုင်ရှေ့သို့ပင် ပြန်သွားကာ ရွေးလက်စအင်္ကျီကိုပင် ပြန်ကိုင်လိုက်လေသည်။

သူမက ''ရွှတ်– ရွှတ်–''ဟုအသံပြုကာ ဆိုင်ဝန်ထမ်းကို လှမ်းခေါ်လိုက်ပြန်သည်။

ဆိုင်ဝန်ထမ်းကောင်လေးက သူမအနားသို့လျှောက်လာသည်။

ကျွန်တော်က မော်ဒယ်လ်ကော်ပတ်ရုပ်ကြီးကိုကွယ်ရင်း သူမကိုချောင်းကြည့်နေမိ၏။

ထိုစဉ်မှာပင် မျက်နှာကျက်ဆီမှ မီးအလင်းရောင် ရိပ်ကနဲ ပြောင်းသွားသည်ကို သတိထားမိလိုက်၏။

ကျွန်တော် အပေါ်မော့်ကြည့်လိုက်သည်။

မီးဆိုင်းကြီးပြုတ်ကျလာပါပြီ။

ကျွန်တော်သည် အရုပ်ဘေးမှထွက်ကာ သူမဆီ အမြန်ဆုံး ပြေးသွားလိုက်သည်။

သူမကို တွန်းပစ်လိုက်သည်။

လက်မတင်လေးပါပင်။

မီးဆိုင်းကြီးက ကြမ်းပြင်ပေါ်ကျကာ ကျယ်လောင်သောအသံကြီးဖြင့် အစိတ်စိတ်အမွှာမွှာကွဲကြေသွားလေသည်။

ကျွန်တော်တွန်းပစ်လိုက်သောအရှိန်ကြောင့် သူမနှင့်ကျွန်တော် လုံးထွေးရင်း လဲကျသွားသည်။ မီးဆိုင်းကြီးက ကျွန်တော်တို့နှစ်ယောက်နှင့် လွတ်ရုံလေးလွဲသွားခြင်းဖြစ်ပါသည်။

မီးဆိုင်းထဲမှ မီးပွင့်လေးများကွဲကြေသွားကာ လျှပ်စစ်မီးပွင့်များ တဖျတ်ဖျတ်လက်နေလေသည်။

www.burmeseclassic.com

လူတွေ ရုတ်ရုတ်သည်းသည်းဖြစ်သွားကြသည်။

ဟိုတယ်ဝန်ထမ်းများ ပြေးလာကြသည်။

သူမသည် မှင်တက်မိကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

"မင်း– မင်း– ဘာမှမဖြစ်ဘူးနော်၊ ကြောက်နေသလား။ မကြောက်နဲ့ ဘာမှဖြစ်မသွားဘူး"

ကျွန်တော်က သူမပခုံးကိုကိုင်လှုပ်ရင်း အားပေးစကားပြောလိုက်၏။

သူမက မျက်လုံးရွဲကြီးများဖြင့် ကျွန်တော့်ကိုပြန်ကြည့်နေသည်။

သူမ တုန်လှုပ်နေဆဲပင်ရှိသေးသည်။

"ထ,နော်... ထ,လိုက်၊ ကျွန်တော်တွဲထူပါရစေ"

ကျွန်တော်က သူမကို ပခုံးမှထိန်းကိုင်ကာ... ကြမ်းပြင်ပေါ်မှထနိုင်အောင် ကူညီပေးလိုက်သည်။

ကြမ်းပြင်ပေါ်မှာတော့ မီးဆိုင်းမှ ကြိုးပဲ့ထွက်လာသော ဖန်ကွဲစများ ပြန့်ကျဲနေသည်။

"ကျွန်တော်တို့ အပြင်ကိုထွက်ရအောင်"

ကျွန်တော်က သူမအဖြေကိုမစောင့်တော့ပဲ... သူမကို ခန်းမအပြင်သို့ ဆွဲခေါ်လာလိုက်သည်။

လူများက ကျွန်တော်တို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြ၏။

ဟိုတယ်ဧည့်ခန်းမအရောက်တွင်...

"ခဏထိုင်လိုက်ပါလား"

ကျွန်တော်က ဆိုဖာကိုညွှန်ပြရင်း သူမကိုပြောလိုက်သည်။

"ကျွန်မ... ကျွန်မ... ရှက်တယ်၊ လူတွေဝိုင်းကြည့်နေကြတယ်"

"ဟင်..."

သူမပြောမှ ကျွန်တော်က ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ... ကျွန်တော်တို့နှစ်ယောက်ကိုကြည့်နေကြသော လူအတော်များများကို တွေ့လိုက်ရသည်။

"ဒါဖြင့်... ဘယ်လိုလုပ်မလဲ၊ အပြင်ထွက်မလား"

ကျွန်တော်က ဟိုတယ်အတွင်းပိုင်းကို လှည့်ပတ်၍ မျက်လုံး ကစားလိုက်ရာ... မှန်နံရံများကာထားသည့် ကော်ဖီဆိုင်ခန်းတစ်ခုကိုတွေ့လိုက်ရ၏။

"ဟိုမှာ... ကော်ဖီဘားတစ်ခု၊ အဲဒီထဲကို ခဏဝင်ပြီး နားလိုက်မလားဟင်"

"သွားလေ..."

ကျွန်တော်တို့နှစ်ယောက် ကော်ဖီဆိုင်ထဲသို့ ဝင်ခဲ့ကြလေသည်။

♛♛♛♛♛

( ၉ )

ကော်ဖီဆိုင်ထဲအရောက်တွင် လူရှင်းသည့် ဒေါင့်စွန်းစားပွဲမှာ ထိုင်လိုက်ကြ၏။

စားပွဲထိုးလေးအနားလာအရပ်တွင်...

"ရေတစ်ခွက်လောက်အရင်ပေးပါလားရှင်"

သူမက ရင်ပတ်ကိုဖိရင်း ပြောလိုက်သည်။

"ဟုတ်ကဲ့... ရပါတယ်ခင်ဗျာ"

စားပွဲထိုးထွက်အသွားတွင် သူမက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

"ရှင်... ရှင်... မီးဆိုင်းပြုတ်ကျမယ်ဆိုတာကို ဘာလို့သိနေရတာလဲ... ဟင်..."

"ပြောရရင်တော့ ယုံနိုင်စရာ မရှိဘူးဗျာ၊ ကျွန်တော် မိုးကြိုးစက်ကွင်းမိခဲ့တယ်"

"ဟင်..."

သူမက ကျွန်တော့်ကို စေ့စေ့စပ်စပ်ကြည့်လိုက်ပြန်သည်။

www.burmeseclassic.com

"ကျွန်တော့်နာမည် လင်းထည်ဝါ... ပါ"

"လင်းထည်ဝါ..."

သူမက ကျွန်တော့်နာမည်ကို ရွတ်ကြည့်နေသည်။

"ကျွန်တော်မန္တလေးက မဟုတ်ပါဘူး၊ ရန်ကုန်ကပါ။ ပြီးခဲ့တဲ့ ဧပြီလ ၂၉ရက်နေ့ကပေါ့၊ ညနေပိုင်းမှာ... မိုးတွေရွာတာ မှတ်မိဦးမယ် ထင်တယ်၊ အဲဒီတုံးက... ကျွန်တော် တောင်ခြေက သုခမ္မာဇရပ်တန်းနား ရောက်နေတယ်၊ မိုးရွာနေတုံး... မိုးကြိုးလည်း ပစ်ခဲ့တယ်လေ၊ မိုးကြိုးက သုခမ္မာဇရပ်တန်းနောက်က သစ်တောထဲကိုပစ်လိုက်တာဗျ။ အဲဒီမှာ... ကျွန်တော်စက်ကွင်းမိသွားတယ်"

ကျွန်တော်ပြောနေစဉ် စားပွဲထိုးလေးက ရေတစ်ဖန်ခွက်ကို လင်ဗန်းထဲထည့်ရင်းရောက်လာသည်။

သူမက ရေခွက်ကိုယူပြီး တစ်ကျိုက်ချင်း အားရပါးရသောက်ချလိုက်၏။

ကျွန်တော်က ကော်ဖီနှစ်ခွက်မှာလိုက်၏။

စားပွဲထိုးလေးပြန်ထွက်သွားသည်နှင့် သူမက မေးလိုက်သည်။

"စက်ကွင်းမိတော့... ဘာဖြစ်လဲ၊ ပြောပါဦး"

သူမက စိတ်ငြိမ်သွားဟန်ဖြင့် အသံမှန်အတိုင်း ပြန်ဖြစ်သွားလေပြီ။

"ခင်ဗျား... ကျွန်တော်ပြောတာယုံရဲ့လားဟင်"

"ယုံပါတယ်လေ... စက်ကွင်းမိတော့ ဘာဖြစ်လဲ"

"ကျွန်တော်သတိလစ်သွားတယ်ဗျာ၊ သတိပြန်ရတော့ ကျွန်တော်ဆေးရုံပေါ်ရောက်နေတယ်၊ ကျွန်တော်သတိလစ်သွားတာ... ၁၈နာရီကြာတယ်တဲ့၊ အဲဒီအချိန်ကစပြီး... ရှေ့အနာဂတ်မှာဖြစ်မယ့် အဖြစ်တွေကို ကျွန်တော့်မျက်စိထဲမှာ ကြိုကြိုမြင်လာရတော့တာပဲ"

"ရှင်..."

"အံ့ဩစရာကောင်းပါတယ်လေ၊ ဖြစ်စက ကိုယ့်အဖြစ်ကိုယ်တောင် မယုံမိဘူး... ... ..."

ကျွန်တော်က ကျွန်တော်မြင်ခဲ့ရသည့် အနာဂတ်မြင်ကွင်းများကို တစ်ခုချင်းပြောပြလိုက်သည်။

"သတိပြန်ရလာပုံကို တကယ်သတိမရခင် ကြိုမြင်ရပုံအကြောင်း... ... ... ... ... ... ... ... ... ..."

"ကိုရဲနိုင် မင်္ဂလာဆောင်ဖိတ်စာလာပို့... ... ... ... ... ... ... ... ... ... ... ... ..."

"မအေး လေယာဉ်ပေါ်က ချော်ကျ... ... ... ... ... ... ... ... ... ... ... ... ... ..."

"မီးပွိုင့်ဖြတ်လို့ အရေးယူခံရတဲ့ကား... ... ... ... ... ... ... ... ... ... ... ... ... ..."

"လက်ဖက်ရည်ဆိုင်မှာ အစ်ကိုသူငယ်ချင်းရောက်လာမှာကို ကြိုသိနေပုံ... ... ... ... ... ... ... ... ... ..."

စားပွဲထိုးက ကော်ဖီခွက်များလာချ၍ စကားပြတ်သွားသည်။

သူမသည် ကျွန်တော်ပြောပြသမျှကို မျက်မှောင်လေးကြုတ်ကာ နားထောင်နေခဲ့၏။ သိပ်လှတဲ့မိန်းကလေးတစ်ယောက်ပါလား။ အခုအချိန်အထိ ကျွန်တော် သူ့နာမည်ကို မမေးရသေးပေ။

"ဆက်ပြောပါဦး ကိုလင်းထည်ဝါ"

"ကျွန်တော်ပြောခဲ့တာတွေက ကျွန်တော့်ဘေးပတ်ဝန်းကျင် ကွက်ကွက်ကလေးမှာဖြစ်ခဲ့တဲ့ အသေးအဖွဲ့အဖြစ်တွေပါ။ မေလ၁ရက်နေ့ညကတော့ အကြီးကျယ်ဆုံးအဖြစ်တစ်ခုကို ကျွန်တော်ကြိုမြင်ခဲ့ရတယ်၊ အဲဒါက... နာဂစ်မုန်တိုင်းကျမှာကို ကြိုမြင်ခဲ့ရတာပါပဲဗျာ"

"ရှင်– နာဂစ်မုန်တိုင်း"

"ဟုတ်ပါတယ်၊ နာဂစ်မုန်တိုင်းကျမှာကိုကြိုမြင်ရလို့ မေမေ ရန်ကုန်ပြန်မှာကိုတောင် မပြန်ဖို့တားထားရသေးတယ်၊ အဲဒီတုန်းကတော့ မေမေတို့က ကျွန်တော်ပြောတာတွေကို သိပ်မယုံခဲ့ဘူး။ နောက်တစ်နေ့ညမှာ နာဂစ်မုန်တိုင်းတကယ်ကျခဲ့တော့မှ ကျွန်တော့်အဖြစ်ကို ယုံသွားကြတာဗျ"

"အို..."

"အဲဒါနဲ့ ကျွန်တော့်ဘကြီးက ကျွန်တော့်ကို ဆရာဝန်နဲ့ပြပိုင်းတယ်၊ အခု... ကျွန်တော် ဦးနှောက်နဲ့အာရုံကြောအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ခန့်နဲ့ပြနေရပါတယ်၊ မနက်ဖန်တောင်... ဒေါက်တာအောင်ခန့်နဲ့ သွားတွေ့ရဦးမယ်"

သူမက ကျွန်တော်ပြောသမျှကို ကျွန်တော့်မျက်နှာအား ငေးစိုက်ကြည့်ရင်းနားထောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


''ကော်ဖီသောက်လိုက်ပါဦး၊ ကျွန်တော်ပြောတာတွေ ယုံရဲ့လားဟင်...''

''ယုံပါတယ်ကိုလင်းထည်ဝါ၊ ဒါနဲ့... ကျွန်မနဲ့ပတ်သက်တဲ့အပိုင်းကရော...''

''အဲ... ခင်ဗျားနဲ့ပတ်သက်လို့... ဒါနဲ့... ခင်ဗျားနာမည် ပြောပါဦး''

''ဩော်... ဟုတ်သားပဲ၊ **ဖွေး** ... ကျွန်မနာမည် ဖွေးလို့ပဲ မှတ်ထားပါဦး''

''မှတ်ထားပါပြီ။ မှတ်ထားပါပြီဆိုတော့... နာမည်ရင်း မဟုတ်လို့လားဗျာ''

''ဟုတ်ပါတယ်၊ နာမည်ရင်းပါပဲ၊ **ဖွေး**...ပါ ကိုလင်းထည်ဝါ၊ ဖွေးနဲ့ပတ်သက်တဲ့အပိုင်းကို ပြောပါဦးရှင်''

''ဖွေး... ဖွေးနဲ့ပတ်သက်လို့ ကျွန်တော် ပြီးခဲ့တဲ့အပတ် ဗုဒ္ဓဟူးနေ့ကစပြီး မြင်ရတာပဲဖွေး၊ ဟုတ်တယ်၊ ဗုဒ္ဓဟူးနေ့က ကျွန်တော် ဒေါက်တာအောင်ခန့်နဲ့သွားပြတယ်၊ ဆရာကြီးကိုတောင် ကျွန်တော်က အပြန်လမ်းမှာ စက်ဘီးတစ်စီးနဲ့ဝင်တိုက်မလို့ဖြစ်တာကိုမြင်လို့ သတိပေးလိုက်သေးတယ်ဗျ''

''ဟင်...''

''ဆရာကြီးက ကျွန်တော်ပြောတဲ့အတိုင်း အပြန်လမ်းမှာကြုံရတဲ့အကြောင်း ညမှာ ဖုန်းဆက်ပြောတယ်လေ၊ ဟုတ်တယ်... ဆရာကြီးနဲ့ ဖုန်းပြောအပြီးမှာပဲ ဖွေးကို ကျွန်တော်မြင်လိုက်ရတာ၊ ဒီလိုလေ...''

**''ဟင်– ဒီအကျီက လေဘယ်လ်ကတ်လည်း တစ်မထားပါလား။ ပြုတ်ကျသွားတာလားမသိဘူး''**

...ဆိုသည့်အသံကိုကြားရသည်မှစ၍ ကျွန်တော်တွေ့မြင်ရသမျှ အားလုံးကို ပြောပြလိုက်သည်။

''နောက်တစ်နေ့မနက်ကစပြီး ကျွန်တော်ဖွေးကိုရှာခဲ့ပါတယ် ဖွေး၊ ဒီကနေ့အထိ... နေ့တိုင်း ကျွန်တော်ဖွေးကို လိုက်ရှာနေတာပါ၊ မန္တလေးမြို့အနှံ့က အဝတ်အထည်ရောင်းတဲ့ဆိုင်မှန်သမျှမှာ... ဖွေးကို လိုက်ရှာခဲ့ပါတယ်''

''ဖွေးကို ရှာတယ်၊ ဘာဖြစ်လို့လဲဟင်''

''ကျွန်တော့်အနာဂတ်မြင်ကွင်းထဲကအတိုင်း ဖွေးသွေးထွက်သံယိုဖြစ်ပြီး ဒုက္ခရောက်မှာကို စိုးလို့ပေါ့ဗျာ''

''အို...''

''တကယ်ပါဗျာ... ကျွန်တော့်မြင်ကွင်းထဲကအဖြစ်တွေဟာ တကယ်ဖြစ်လာမှာသေချာပေမယ့် အန္တရာယ်နဲ့မကြုံရအောင်တော့ ကြိုရှောင်လို့ရတယ်ဆိုတာ... ရှေ့ကအတွေ့အကြုံတွေကြောင့် သိပြီးနေပြီလေ၊ အဲဒါကြောင့်လည်း... ဖွေးဒုက္ခမရောက်အောင် သတိပေးမယ်၊ ကယ်တင်မယ်ဆိုပြီး လိုက်ရှာနေခဲ့တာပါ၊ ဒီနေ့ အင်္ဂါနေ့မဟုတ်လား။ ကျွန်တော် ဖွေးကိုရှာတာ ခြောက်ရက်ရှိပြီ၊ ဒီနေ့မှတွေ့ရတော့တာပါ''

''ကျေးဇူးတင်ပါတယ်ကိုလင်းထည်ဝါ၊ ပထမတစ်ခါ ကိုလင်းထည်ဝါ ဖွေးကိုဝင်ဆွဲတော့ ဖွေးစိတ်ဆိုးပြီး ရန်တွေ့မိတာ ခွင့်လွှတ်ပါနော်၊ ဖွေးမှ ဒါတွေကို သိမထားပဲ''

''ဖွေးကို ဒါ့ထက်စောစောကတည်းက တွေ့ခဲ့ရင်... အကျိုးအကြောင်းပြောပြပြီး သတိပေးလို့ရတာပေါ့၊ ဒါပေမယ့်... ကျွန်တော် တွေ့လိုက်တဲ့အချိန်မှာ ကျွန်တော့်မြင်ကွင်းထဲကအတိုင်း ဖြစ်နေပြီလေ၊ ဒီတော့... ဖွေးအပေါ်ကို မီးဆိုင်းကြီးပြုတ်ကျတော့မှာပဲဆိုပြီး စိုးရိမ်တကြီးနဲ့ ဝင်ဆွဲလိုက်မိတာ''

''အဲဒီတုံးက ဘာဖြစ်လို့ မီးဆိုင်းကြီးပြုတ်မကျတာလဲမသိဘူးနော်''

''အချိန်မကျသေးလို့နေမှာပေါ့ဖွေးရယ်၊ တော်သေးတယ်၊ ကျွန်တော်က ဒါ... ဖြစ်ကိုဖြစ်မှာပဲဆိုတာသိလို့ ဖွေးနောက်ကချောင်းလိုက်လာတာ၊ နောက်တစ်ခါကျမှပြုတ်ကျလာတော့ ဖွေးကို မီးဆိုင်းအောက်က တွန်းထုတ်လိုက်နိုင်လို့''

''ကိုလင်းထည်ဝါက ဖွေးရဲ့အသက်သခင်ဖြစ်သွားပါပြီ၊ ဖွေး သိပ်ကျေးဇူးတာပဲ''

''ကျွန်တော်လည်း ဖွေးကို အန္တရာယ်ကြားက ကယ်တင်လိုက်နိုင်လို့ ဝမ်းသာတယ်ဗျာ''

ကျွန်တော်တို့နှစ်ယောက် အတန်ကြာစိုက်ကြည့်နေမိကြသည်။

''ကျွန်တော်မြင်ခဲ့ရသမျှ အနာဂတ်မြင်ကွင်းအားလုံးဟာ ကျွန်တော့်ပတ်ဝန်းကျင်က ကျွန်တော်သိတဲ့လူတွေနဲ့ပတ်သက်နေတာတွေချည်းပဲ၊ နာဂစ်မုန်တိုင်းကျမယ်ဆိုတာကိုလည်း ရန်ကုန်ကကျွန်တော်တို့တိုက်ခန်းပတ်ဝန်းကျင်မှာ မုန်တိုင်းတိုက်တဲ့မြင်ကွင်းကိုမြင်ရတာပါ၊ ပြီးတော့ ကျွန်တော် ကြိုမြင်ရတာတွေအားလုံးဟာ မြင်ပြီးမကြာခင်မှာ ဖြစ်လာကြတာတွေချည်းပဲ၊ နာဂစ်မုန်တိုင်းတိုက်မှာကို ၂၄နာရီကြိုမြင်ရတာဟာ အကြာဆုံးအချိန်ပါပဲဖွေး''

ဖွေးက ကျွန်တော်ပြောသမျှကို မျက်တောင်မခတ်တမ်း နားထောင်နေသည်။

www.burmeseclassic.com

"ဖွေးအဖြစ်ကိုတော့ ကျွန်တော်နေ့တိုင်းမြင်ခဲ့ရတယ်"

"နေ့တိုင်းမြင်ရတယ်"

"ဟုတ်တယ်၊ မနက်မိုးလင်းအိပ်ရာထတာနဲ့ ဖွေးအဖြစ်ကို မြင်ရတာပဲ၊ ခြောက်ရက်ဆက်တိုက်မြင်ခဲ့ရတယ်လေ၊ ကျွန်တော်စဉ်းစား မရတာက ဖွေးကို အရင်က ကျွန်တော်မမြင်ဖူး မသိဖူးပဲနဲ့ အနာဂတ်မြင်ကွင်းထဲမှာမြင်လာလို့ အံ့ဩနေမိတာပါ၊ ဖွေးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးပါဘူးဖွေး။ ဖွေးဟာ ဘာလို့ ကျွန်တော်မြင်ကွင်းထဲမှာ ထင်လာရတာလဲ၊ ပြီးတော့ ခြောက်ရက်ဆက်တိုက်မြင်ခဲ့ရတာလည်း ဆန်းနေတယ်လေ"

ဖွေးက ပြုံးလိုက်သည်။

"ဖွေးနဲ့ကိုလင်းထည်ဝါကြားမှာ ဆက်စပ်မှုတစ်ခုရှိပါလိမ့်မယ်၊ ကိုလင်းထည်ဝါ မသိလို့ဖြစ်မှာပါ"

"ဗျာ– ဆက်စပ်မှု၊ ဖွေးက ကျွန်တော့်ကို အရင်ကတည်းက သိနေလို့လားဗျာ"

"ဟင့်အင်း– မသိပါဘူး"

"ဒါဖြင့်… ဆက်စပ်မှုရှိတယ်လို့ ဘာလို့ပြောရတာလဲ"

"ဖွေးစိတ်ထင်ကိုပြောလိုက်တာပါ။ ဖွေးတို့မသိနိုင်တဲ့အကြောင်းတွေ အများကြီးရှိနိုင်တယ်မဟုတ်လား။ လောကကြီးက ဆန်းကြယ်တယ်နော်၊ ဖွေးနဲ့ကိုလင်းထည်ဝါအဖြစ်ကိုကြည့်ပါလား။ အဲဒါကြောင့်… ဖွေးတို့မသိနိုင်တဲ့ ဆက်စပ်မှုတစ်ခုခုရှိနေနိုင်တယ်လို့ပြောတာပါ"

"ဒါဖြင့်… ဖွေးနဲ့ကျွန်တော်ဟာ အရင်ဘဝက…"

"ဟင်… ရှင်…"

ဖွေးက ကျွန်တော့်ကို တအံ့တဩပြန်ကြည့်လိုက်သည်။ ပြီး ရယ်မောလိုက်လေသည်။

"အဟင်း… ဟင်း… ကိုလင်းထည်ဝါက ဒါမျိုးတွေလည်း အယုံအကြည်ရှိတာပဲလား။ အင်းလေ… ခက်သားပဲ၊ အခုကိုပဲ မဖျော်လင့်ပဲ ထူးဆန်းတဲ့အဖြစ်တွေကြုံရပြီဆိုတော့ ဒါမျိုးတွေလည်း ရှိချင်ရှိမှာပေါ့၊ ဖွေးက အရင်ဘဝအထိ တွေးပြီးပြောလိုက်တာ မဟုတ်ပါဘူး။ ဖွေးဆိုလိုတာက အဲဒါမျိုးမဟုတ်ပါဘူး ကိုလင်းထည်ဝါ"

"ဖွေးက ဘာကိုဆိုလိုချင်တာလဲဟင်"

"အင်း… ဘာဆိုတာ ဖွေးကိုယ်တိုင်လည်း မသိဘူး"

"ဟာဗျာ…"

"ဖွေးကိုခွင့်ပြုပါဦး ကိုလင်းထည်ဝါ၊ ဖွေးပြန်ပါရစေတော့"

"ဟင်… ပြန်တော့မလား"

"ဈေးလည်းမဝယ်ချင်တော့ဘူး၊ ပြန်ဖို့ပဲရှိတော့တာပေါ့"

"ဖွေးနဲ့ကျွန်တော်… နောက်… နောက်မတွေ့ရတော့ဘူးလား ဖွေး"

"တွေ့ရမှာပါ၊ ကိုလင်းထည်ဝါမှာ ဖုန်းနံပါတ်ရှိလား၊ ပေးခဲ့လေ"

"ကျွန်တော့်မှာ ဟဲန်းဖုန်းမရှိပါဘူး၊ အိမ်ဖုန်းပဲရှိတယ်၊ အိမ်ကလည်း ကျွန်တော့်အဘအိမ်ပါ၊ ကျွန်တော်က ရန်ကုန်ကနေ မန္တလေးကို ခဏအလည်လာတာလေ"

"ကိုလင်းထည်ဝါပြောတာမှတ်မိပါတယ်၊ ရန်ကုန်ကိုမပြန်သေးဘူးမဟုတ်လား"

"မပြန်သေးပါဘူးဖွေး"

"ဖွေးနဲ့တွေ့ရလို့ ပြန်ချင်စိတ်ကိုမရှိတော့ဘူး"လို့ စိတ်ထဲက ဆက်ပြောနေမိသည်။

"ဖုန်းနံပါတ်ပေးထားလေ၊ ဖွေး ကိုလင်းထည်ဝါကို ဆက်သွယ်မှာပါ"

ကျွန်တော်က ဖုန်းနံပါတ်ကို ပြောပြလိုက်သည်။ ဖွေးက စာရွက်ပေါ်တွင်ရေးမှတ်နေ၏။

"ဖွေးရဲ့ဖုန်းနံပါတ်လည်း ကျွန်တော့်ကိုပြောပြပါဦး"

"ဟင်– ဖွေးမှာ ဖုန်းမရှိပါဘူးကိုလင်းထည်ဝါ"

"ဒါဖြင့်… ဘယ်လိုဆက်သွယ်ရမှာလဲဗျာ"

"ဖွေးဖက်ကဆက်သွယ်ပါ့မယ်၊ စိတ်ချပါ၊ ဖွေးအသက်ကို ကယ်ခဲ့တဲ့အတွက် ကိုလင်းထည်ဝါကို ကျေးဇူးဆပ်ရဦးမယ်လေ"

www.burmeseclassic.com

''ဟာဗျာ... အဲဒါတွေမလိုပါဘူး။ ကျွန်တော်က လူချင်းသာတွေ့ချင်တာပါ။ အဲ... ဖွေးကိုခင်လို့ပါ၊ ဖွေးကိုကျွန်တော်က လူအကောင်အထည် မမြင်ဖူးခင်ကတည်းက မြင်ဖူးထားရတာလေ''

''ဟုတ်တာပေါ့ကိုလင်းထည်ဝါ၊ ဖွေးအပေါ်မှာစေတနာထားတာ ဖွေးကိုယ်တိုင်လက်တွေ့ကြုံရပြီပဲ၊ ဖွေး ကိုလင်းထည်ဝါကို ဆက်သွယ်လိုက်ပါမယ်''

ကျွန်တော်က သက်ပြင်းချလိုက်သည်။

''အခု... ဖွေး ဘယ်ပြန်မှာလဲဟင်၊ အိမ်ကဘယ်နားမှာလဲ၊ ကျွန်တော်လိုက်ပို့ပေးပါရစေ''

''ဖွေးမှာ ကားပါပါတယ်ကိုလင်းထည်ဝါ''

''ဩော်...''

''ဖွေးတို့သွားကြစို့''

ကျွန်တော်တို့ကော်ဖီခန်းထဲမှထွက်ခဲ့ကြသည်။

ဖွေးက ကားပါကင်ဆီသို့သွားကာ သူ့ကားအနီးတွင်ရပ်ရင်း ကျွန်တော့်ကိုနှုတ်ဆက်လိုက်၏။

''ဖွေး ကိုလင်းထည်ဝါကို ဆက်သွယ်လိုက်မယ်နော်၊ ဖွေးနဲ့ ကိုလင်းထည်ဝါ မကြာခင်ပြန်တွေ့ရမှာပါ''

''ဖွေးရယ်...''

''အဲ... ဖွေးဘယ်လိုဆက်သွယ်မယ်ဆိုတာ ကိုလင်းထည်ဝါရဲ့ အနာဂတ်အမြင်ထဲမှာ အလိုလိုပေါ်ရင်လည်း ပေါ်လာမှာပေါ့၊ ကဲ–ဖွေးသွားမယ်နော်''

ဖွေးက ကားတံခါးကိုဖွင့်ကာ ကားထဲဝင်ထိုင်သည်။

ကားကိုစက်နှိုးသည်။

ကျွန်တော့်ကိုလက်ပြနှုတ်ဆက်ပြီး ကားကိုမောင်းထွက်လိုက်သည်။

ကျွန်တော်က ဖွေးကားနံပါတ်ကို မှတ်ထားလိုက်၏။

၅ခ/ ၂၃(–)(–)။

ဖွေးကားလေးက ဟိုတယ်ဝင်းထဲမှထွက်ခွာသွားလေပြီ။

ဖွေးရယ် ကိုယ်ပိုင်ကားကို ကိုယ်တိုင်မောင်းပြီး ဈေးဝယ်ထွက်နိုင်တဲ့ဖွေးမှာ ဆက်သွယ်စရာ ဘယ်လီဖုန်းမရှိဘူးဆိုတာ မဖြစ်နိုင်ပါဘူး။ ဖွေးကျွန်တော့်ကိုညာသွားပြီလား။

ဖွေးနဲ့ကျွန်တော် ဆုံမှဆုံရပါတော့မလားဗျာ။

♛♛♛♛♛

## ( ၁၀ )

''မင်းကလည်းကွာ သူ့ကားနောက်ကနေ ဆိုင်ကယ်နဲ့လိုက်ကြည့်ရင် သူဘယ်နေရာမှာ နေတယ်ဆိုတာ သိနိုင်တာပဲ၊ အ,လိုက်တာကွာ''

ဖွေးနဲ့ကျွန်တော် တွေ့ခဲ့တဲ့အကြောင်းတွေကို ကျွန်တော်ပြန်ပြောတာနားထောင်ရင်းမှ ကိုထွဋ်က မချင့်မရဲဖြင့် အပြစ်တင်လိုက်သည်။

''သူက ကားပေါ်တက်ပြီးချက်ချင်းထွက်သွားတာ ကိုထွဋ်ရ၊ ကျွန်တော်ဆိုင်ကယ်ထားတဲ့နေရာကိုသွားပြီးမှလိုက်ရင်လည်း... မမှီနိုင်တော့ဘူး''

''**အဲဒီတော့...** မင်းသိပ်တွေ့ချင်နေတဲ့မိန်းကလေးကို တွေ့လိုက်ရတာတစ်ခုပဲအဖတ်တင်တာပေါ့၊ သူ့နာမည်လေး သိလိုက်ရတယ်၊ ဒါပဲ ဘာအကျိုးထူးသလဲ''

''သူ **ဒီအိမ်ဖုန်းနံပါတ်မှတ်ယူသွားပါတယ်၊ ဖွေး ကျွန်တော့်ဆီ ဖုန်းဆက်မှာပါကိုထွဋ်ရာ**''

''**အေး...** မျှော်ပေဦးပေါ့ကွာ၊ ငါတော့ **ဖွေးဆိုတာ သူ့နာမည် အပြည့်အစုံဟုတ်ပုံမရဘူး။** ဒီခေတ်မိန်းကလေးတွေ နာမည်တစ်လုံးတည်းမှ မမှည့်ကြတာ၊ အနည်းဆုံး သုံးလုံးတော့မှည့်တယ်ကွ၊ **တစ်ချို့ဆို... လေးလုံး၊ ငါးလုံးတောင် မှည့်သေးတာ**''

''ဖွေးက ကျွန်တော့်ကို တကယ်ကျေးဇူးတင်သွားတာပါ၊ သူ ဒီတိုင်းနေမှာမဟုတ်ပါဘူး၊ ကျွန်တော့်ကိုဆက်သွယ်မှာပါဗျာ''

www.burmeseclassic.com

ပြောသာပြောလိုက်ရသည်။ ကျွန်တော်ပြောရင်း ဝမ်းနည်းသွားမိ၏။ ကိုထွဋ်ပြောတာလည်း မှန်ပါသည်။ ဖွေးအနေနှင့် ကျွန်တော့်ကို အသက်သခင်ကျေးဇူးရှင်တစ်ယောက်လို့ ယုံမှတ်လျှင် သူ့လိပ်စာကို ပြောပြသင့်ပါသည်။ ဖုန်းမရှိဘူးဆိုတာလည်း မဖြစ်နိုင်ပါ။ သူ့နာမည်ဖွေး ဆိုတာရော တကယ်မှဟုတ်ရဲ့လား။

တွေးရင်း... ရင်ထဲမှာ ဆွတ်ဆွတ်ကြင်ကြင်ခံစားလိုက်ရသည်။ ဖွေးဖက်ကသာ ဆက်သွယ်မလာရင် ကျွန်တော်ဖွေးကိုတွေ့ဖို့မလွယ်တော့ပါ။ ကျွန်တော်ဆွေးရတော့မည်။

မရက်စက်ပါနဲ့ဖွေးရယ်။

''ဒီလိုလုပ်ပါလားကိုလင်း။ ဟိုတယ်ဖွင့်ပွဲက ညအထိမဟုတ်လား''

''ဟုတ်တယ်၊ ညရှစ်နာရီမှ စတိတ်ရှိုးစမှာ''

''ငါတို့ ညကျ ဟိုတယ်ဖွင့်ပွဲကို သွားကြည့်ရအောင်၊ မင်းကောင်မလေး နောက်တစ်ခေါက်ပြန်ချင်ပြန်လာမှာပေါ့၊ သူ ဈေးဝယ်ဖို့လာတာ၊ ဘာမှမဝယ်ဖြစ်ဘူးမဟုတ်လား။ ညပိုင်းတစ်ခေါက် ထပ်လာရင် လာနိုင်တယ်လေ''

''ဟာ... ဟုတ်တာပေါ့ကိုထွဋ် ၊ ကျွန်တော်အဲဒါကို မတွေးမိဘူး။ သွားကြမယ်လေ''

\+ + + + +

ညနေစောင်းကတည်းက ကျွန်တော်နှင့်ကိုထွဋ် ကားဖြင့်ထွက်လာခဲ့ကြသည်။

ဟိုတယ်မှာ ဖွင့်ပွဲကို စည်စည်ကားကားကျင်းပနေတုံးဖြစ်သည်။

ကျွန်တော်က ကားပါကင်တွင်ရပ်ထားသောကားများထဲမှာ ဖွေး ကားပါမပါကို အရင်ဦးဆုံးကြည့်လိုက်သည်။ ကျွန်တော်နံပါတ်မှတ်ထားသော ဖွေးကားကို မတွေ့ရပါ။

စတိတ်စင်ပေါ်တွင် မော်ဒယ်ရှိုးစလျှောက်နေပြီ။

မော်ဒယ်ရှိုးကိုငေးကြည့်နေတဲ့ကိုထွဋ်ကိုထားခဲ့ပြီး ကျွန်တော် ဟိုတယ်အနှံ့ ဖွေးကိုလျှောက်ရှာသည်။

အဝတ်အထည်ဆိုင်များဖွင့်ထားသော ခန်းမကြီးထဲကိုလည်း တစ်ခေါက်ထပ်ရောက်သည်။ မှတ်မှတ်ရရ... မနက်ကပြုတ်ကျသော မီးဆိုင်းကြီးနေရာကို မော့်ကြည့်လိုက်တော့ မီးဆိုင်းအသစ်တစ်ခုထပ်ထားတာတွေ့ရသည်။

အင်္ကျီဆိုင်မှာလည်း ဖွေးမနက်ကကိုင်ကြည့်သွားသောအင်္ကျီလေးမှာ... သည်အတိုင်းရှိနေသေးသည်။ ကျွန်တော်က အင်္ကျီလေးကို သွားကိုင်ကြည့်လိုက်၏။ ဈေးနှုန်းလေဘယ်ကတ် ကပ်ထားတာတွေ့ရပါသည်။ ဒီအင်္ကျီလေးသည် ကျွန်တော့်အနာဂတ်မြင်ကွင်းထဲမှာ ဖွေးနှင့် အတူအမြဲတွဲ၍တွေ့ခဲ့ရသောအင်္ကျီလေး။ ဖွေးကလည်း ဒီအင်္ကျီလေးကို နှစ်သက်ပြီး ဝယ်ဖို့ရည်ရွယ်ထားဟန်တူသည်။

ကျွန်တော်က အင်္ကျီလေးကို အမှတ်တရဝယ်သိမ်းထားရန် ဆုံးဖြတ်လိုက်သည်။ ဖွေးနဲ့ပြန်တွေ့ရင်တော့ ဖွေးကိုလက်ဆောင်ပေးဖို့ပေါ့။ ဈေးနှုန်းက တစ်သောင်းငါးထောင်ဖြစ်ပါသည်။

ကျွန်တော်သည် စွန့်စွန့်စားစား မေမေပေးထားခဲ့သော မုန့်ဖိုး သုံးသောင်းထဲက တစ်သောင်းခွဲကိုသုံးပြီး အင်္ကျီလေးကို ဝယ်လိုက်ပါသည်။ ကျွန်တော့်မှာ သုံးစရာမုန့်ဖိုး တစ်သောင်းခွဲပဲကျန်တော့သည်။

ကျွန်တော်က အင်္ကျီထည့်ထားသောအိတ်ကလေးကို ပိုက်ပြီး ကော်ဖီခန်းဆီသို့ လျှောက်လာခဲ့ပြန်သည်။ မှန်များကာရံထားသော ကော်ဖီခန်းထဲကို လှမ်းကြည့်လိုက်သည်။ ကော်ဖီခန်းထဲမှာ လူပါးပါးသာရှိသည်။ မနက်က... ဖွေးနှင့်ကျွန်တော်ထိုင်ခဲ့သောဒေါင့်စွန်းစားပွဲတွင် ဘယ်သူမှမရှိ။ လွတ်နေသည်။

ကျွန်တော် ကော်ဖီခန်းထဲသို့ဝင်ခဲ့သည်။ မနက်ကထိုင်ခဲ့တဲ့ စားပွဲမှာပင် ဝင်ထိုင်သည်။ ကော်ဖီတစ်ခွက်မှာသောက်နေလိုက်သည်။

မနက်က ဖွေးနဲ့အတူထိုင်ခဲ့၊ စကားပြောခဲ့တာတွေကိုပြန်တွေးနေမိ၏။

''ဟေ့ကောင်– ဘာလုပ်နေတာလဲ''

ပခုံးကိုပုတ်ပြီး အမေးခံလိုက်ရမှ ဘေးမှာရပ်နေသောကိုထွဋ်ကို ကျွန်တော်မြင်တော့သည်။

''ဪ... ကိုထွဋ် ၊ ကော်ဖီသောက်ဦးလေ''

ကိုထွဋ်က ခုံတွင်ဝင်ထိုင်ရင်း စားပွဲပေါ်ချထားသည့် အင်္ကျီ အိတ်ကလေးကိုမြင်သွားသည်။

''အဲဒါဘာလဲ''

www.burmeseclassic.com

www.burmeseclassic.com


"မနက်က ဖွေးမဝယ်ဖြစ်ခဲ့တဲ့ အင်္ကျီလေးလေ၊ ဖွေးကိုတွေ့လိုတွေ့ငြားလိုက်ရှာရင်း အင်္ကျီလေးတွေ့လို့ ဝယ်လာလိုက်တာ၊ ဖွေးနဲ့ ပြန်တွေ့ရင် လက်ဆောင်ပေးဖို့ပေါ့"

ကိုထွဋ်က မျက်နှာကိုရှုံ့မဲ့ရင်း သက်ပြင်းချလိုက်သည်။

"ဟူး... မင်းတော့ ရူးတော့မယ်ကိုလင်း"

♛♛♛♛♛

( ၁၁ )

နောက်တစ်နေ့မနက်... အိပ်ရာကအထတွင် ထူးခြားမှုတစ်ခုကိုကျွန်တော်ခံစားလိုက်ရသည်။

ခြောက်ရက်ဆက်တိုက် ကြားခဲ့မြင်ခဲ့ရသော ဖွေးအသံ၊ ဖွေးဖြစ်ရပ်ကို မမြင်ရ မကြားရတော့ခြင်းဖြစ်သည်။

အိပ်ရာက ထထချင်းလည်း မကြားရ။ မျက်နှာသစ် သွားတိုက်နေစဉ်မှာလည်း မကြားရ။ ကော်ဖီသောက်နေချိန်မှာလည်း မကြားရ။

ယခင်နေ့များကဆိုလျှင် အိပ်ရာမှနိုးသည်နှင့် မကြာခင်... ဖွေးအသံကိုကြားပြီး ဖွေးဖြစ်ရပ်ကို မြင်ရမြဲမဟုတ်ပါလား။ မမြင်မကြားရတော့၍ တစ်ခုခုလိုနေသလို ဟာလာဟင်းလင်းကြီးဖြစ်နေသည်။

တကယ်တော့... ဖွေးကိုလူကိုယ်တိုင်တွေ့မြင်ရပြီး အနာဂတ်မြင်ကွင်းထဲက ဖြစ်ရပ်သည်လည်း အမှန်တကယ်ဖြစ်ပျက်ခဲ့ပြီးပြီမို့... မမြင်ရ မကြားရတော့ခြင်းမှာ မဆန်းပါ။ အဖြစ်အပျက်က ပြီးဆုံးသွားပြီ။

ကျွန်တော်ကသာ ဖွေးကိုတွေ့မြင်ချင်စောဖြင့် တမ်းတနေမိခြင်းဖြစ်ပါသည်။

ဖွေးကို ဘယ်တော့မှ နောက်တစ်ခါ တွေ့ရတော့မှာလဲ။ ဖွေးက ကျွန်တော့်ဆီ ဖုန်းဆက် ဆက်သွယ်မည်လို့ပြောခဲ့သည်။ တကယ် ဆက်ပါ့မလား။

ဖွေးရယ်...

ကလင်... လင်... လင်... လင်...

ကျွန်တော်စဉ်းစားနေဆဲတွင် တယ်လီဖုန်းသံက မြည်လာသည်။

ဖုန်းဆီပြေးသွားကာ ကျွန်တော်ကောက်ကိုင်လိုက်သည်။

"ဟယ်လို... လင်းထည်ဝါပါ..."

ဖုန်းဆက်သူမှာ မေမေဖြစ်နေသည်။ မေမေ ရန်ကုန်က ဖုန်းလှမ်းဆက်ခြင်းပါ။

မေမေက ဒီနေ့ဗုဒ္ဓဟူးနေ့တွင် ဒေါက်တာအောင်ခန့်နှင့်ချိန်းထားတာကို မမေ့ဖို့ သတိပေးခြင်းဖြစ်သည်။ ကျွန်တော့်ကျန်းမာရေး အခြေအနေကိုလည်း မေးသည်။ ရန်ကုန်က အခြေအနေတွေကိုလည်း ပြောပြနေ၏။

"ဟုတ်ကဲ့ပါမေမေ... ညကျ ဒေါက်တာအောင်ခန့်နဲ့ဆေးခန်း မှာ သွားတွေ့ရမှာကို သားမမေ့ပါဘူး။ ဆက်ဆက်သွားမှာပါ"

+ + + + +

ကျွန်တော်သည်... တစ်နေ့လုံး အပြင်မထွက်ပဲ တယ်လီဖုန်းနားတွင် ထိုင်စောင့်နေမိသည်။ ဖွေးဖုန်းဆက်လာနိုး စောင့်မျှော်နေမိခြင်း ဖြစ်ပါသည်။

တစ်မနက်လုံး... တစ်နေ့လည်လုံး... တစ်ညနေခင်းလုံး... စောင့်မျှော်နေသော်လည်း... ဖွေးဆီက ဖုန်းဝင်မလာခဲ့ပါ။

ရက်စက်လှချည်လားဖွေးရယ်...

ဖွေးကို ဘယ်မှာရှာရမှာလဲ...

ဖွေးကိုမတွေ့ရတော့လျှင် ကျွန်တော်ရူးတော့မည်ထင်ပါသည်။

♛♛♛♛♛

www.burmeseclassic.com

( ၁၂ )

ညကျတော့... ဒေါက်တာအောင်ခန့်နှင့်တွေ့ဆုံရန် ဆေးခန်းသို့ သွားခဲ့ပါသည်။

ဘာဘလိုက်မလာတော့ပဲ... ကျွန်တော်နှင့်ကိုထွဋ်နှစ်ယောက်ထဲ သာ ဆိုင်ကယ်ဖြင့်ထွက်ခဲ့ကြသည်။

ဆေးခန်းထဲသို့ဝင်သွားပြီးမှ ကျွန်တော်က ဆေးခန်းအပြင်ဖက်တွင် တစ်စုံတစ်ခုကိုမြင်လိုက်သောကြောင့် အပြင်ကိုပြန်ထွက်လိုက်သည်။

''ဘာဖြစ်လို့လဲကိုလင်း''

ကျွန်တော်က သေချာအောင် အနီးသို့သွားကြည့်လိုက်သည်။

''ဘာဖြစ်တာလဲဟ''

ကိုထွဋ်က နောက်ကလိုက်လာရင်း ကျွန်တော့်ကိုမေးသည်။

ကျွန်တော်က ဆေးခန်းရှေ့တွင်ရပ်ထားသောကားအဖြူလေးကိုလက်ညှိုးထိုးပြလိုက်သည်။

''ဒါ... ဖွေးစီးတဲ့ကားပဲကိုထွဋ်''

''ဟင်... သေချာလို့လား''

''သေချာတာပေါ့၊ ကျွန်တော်နံပါတ်ကိုမှတ်ထားတာ''

ကျွန်တော်က ကားနံပါတ် ၅ခ/ ၂၃(–)(–)ကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

''ဒါဖြင့်... မင်းကောင်မလေး ဆေးခန်းထဲကို ရောက်နေတာပေါ့''

''ဟုတ်တယ်... သူဆေးခန်းထဲမှာ ရှိလိမ့်မယ်''

ပြောရင်း... ကျွန်တော်စိတ်လှုပ်ရှားလာသည်။ ဆေးခန်းထဲမှာ ဖွေးရှိနေတယ်ဆိုတဲ့အသိကြောင့် ရင်ဖိုသွားမိ၏။

''မင်းကောင်မလေး ဆေးခန်းကိုဘာလာလုပ်ပါလိမ့်၊ ဇကန္တ... ကိုယ်ဝန်ရှိ–မရှိ ဆီးလာစစ်တာထင်တယ်ကွ''

''ဟာဗျာ... ကိုထွဋ်ကလည်း...''

''ဒါမှမဟုတ်ရင် အိပ်ချိုင်ဗွိုင်းရှိ–မရှိလာစစ်တာဖြစ်လိမ့်မယ်''

''ကိုထွဋ်ကလည်းဗျာ... မဦးမနှောက်''

ကိုထွဋ်က ကျွန်တော့်ကိုနောက်ရင်းက ရယ်မောနေသည်။

ကျွန်တော်တို့ ဆေးခန်းထဲဝင်ခဲ့ကြ၏။

ဒေါက်တာအောင်ခန့်နှင့်တွေ့ဆုံရန် စာရင်းပေးတော့... ဒေါက်တာအောင်ခန့်အခန်းထဲမှာ လူရှင်းနေ၍ ချက်ချင်းဝင်ခွင့်ရလိုက်သည်။

ကျွန်တော်နှင့်ကိုထွဋ် ဒေါက်တာအောင်ခန့်အခန်းထဲဝင်သွားတော့ ဒေါက်တာအောင်ခန့်က ပြုံးရွှင်စွာဆီးကြိုနေသည်။

''လာဟေ့... မောင်လင်းထည်ဝါ၊ ဘယ့်နှယ်လဲ... မောင်ရင်ရဲ့ အနာဂတ်မြင်ကွင်းတွေက မှန်လှချည်လားကွာ''

''ဟုတ်ကဲ့ဆရာကြီး''

ပြီးခဲ့တဲ့အပတ်က သူ့ကားနှင့်စက်ဘီး ဝင်တိုက်မယ်ပြောခဲ့တာကို ဆိုလိုသည်ဟု ထင်မိသည်။

''မင်းရဲ့အနာဂတ်မြင်ကွင်းကြောင့် မိန်းကလေးတစ်ယောက်ရဲ့ အသက်ကို ကယ်ခဲ့နိုင်တာ ဝမ်းသာစရာပါပဲ မောင်လင်းထည်ဝါ''

''ဗျာ– ဆရာကြီး ဘာဆိုလိုတာလဲဟင်''

''မနေ့က ဟိုတယ်ဖွင့်ပွဲမှာ မိန်းကလေးတစ်ယောက်အပေါ်ကို မီးဆိုင်းကြီးပြုတ်ကျမှာ ကြိုသိလို့ မင်း... ကယ်နိုင်ခဲ့တယ်မဟုတ်လားကွဲ့''

''ဗျာ– ဒါကို ဆရာကြီးက သိနေတယ်''

''ဟဲ... ဟဲ... ဟဲ... သိနေတာပေါ့ကွယ်၊ သိဆို...''

''ဒက်ဒီသိနေတာ မဆန်းပါဘူး ကိုလင်းထည်ဝါ၊ ဖွေးက ဒက်ဒီ့ရဲ့သမီးလေ''

ဒေါက်တာအောင်ခန့်စကားမဆုံးမီ အခန်းထဲသို့ဝင်လာရင်း ပြောလိုက်သောစကားသံကြောင့်... ကျွန်တော်က တအံ့တသြ လှည့်ကြည့်လိုက်သည်။

''ဟာ– ဖွေး''

''ဟုတ်ပါတယ်၊ မနေ့ကတည်းက ကိုလင်းထည်ဝါဟာ ဒက်ဒီ့လူနာဆိုတာသိခဲ့ရလို့ ဖွေး လာစောင့်နေတာပါ ကိုလင်းထည်ဝါ''

''ဟာ... ဖွေးရာ''

www.burmeseclassic.com

www.burmeseclassic.com


''ဆရာကြီးလည်း သမီးပြောပြလို့ မောင်လင်းထည်ဝါ သမီးအသက်ကိုကယ်ခဲ့တာကို သိနေတယ်လေ၊ ကျေးဇူးအများကြီးတင်ပါတယ် မောင်ရင်''

''ကိုလင်းထည်ဝါက... ဒီနေ့ ဒက်ဒီနဲ့ရက်ချိန်းရှိတယ်ဆိုတာ ပြောလိုက်တော့ ဖွေး ဒီက လာစောင့်နေလိုက်တာလေ၊ မနေ့က ဖွေးဟာ ဒေါက်တာအောင်ခန့်သမီးပါလို့ မပြောခဲ့တာကိုတော့ စိတ်မရှိနဲ့နော်၊ ဖွေးက ကိုလင်းထည်ဝါကို အံ့သြသွားစေချင်လို့ပါ''

''ကဲ– သမီးရေ ပြီးတော့မှ မောင်လင်းထည်ဝါနဲ့စကားအေး အေးဆေးဆေးပြောပေတော့၊ ဒက်ဒီ လူနာကို စမ်းသပ်လိုက်ဦးမယ်၊ သမီး အပြင်ကိုထွက်ပေးဦး''

''ဟုတ်ကဲ့ပါဒက်ဒီ၊ ကိုလင်းထည်ဝါ... ဖွေး အပြင်က စောင့်နေမယ်နော်''

\+ + + + +

ကျွန်တော်တို့အပြင်ထွက်လာတော့ ဖွေးကို သူ့ကားဘေးက ရပ်စောင့်နေတာတွေ့ရသည်။

ကျွန်တော်က ကိုထွန်းနှင့်ဖွေးကို မိတ်ဆက်ပေးလိုက်သည်။

''ကဲ– ကိုထွန်းရော၊ ကိုလင်းထည်ဝါရော... ဖွေးက ပြုစုပါ့မယ်၊ ဆိုင်တစ်ခုခုကိုသွားကြရအောင်''

''ကျွန်တော်ကတော့ သွားစရာရှိသေးလို့ မလိုက်နိုင်တော့ဘူး ဖွေး၊ လင်းထည်ဝါကိုသာ ခေါ်သွားပါ၊ အပြန်မှာ ကျွန်တော်တို့အိမ်အထိ လင်းထည်ဝါကို လိုက်ပို့ပေးလို့ဖြစ်မလား''

''ဖြစ်ပါတယ်၊ ဖွေးအတွက်အပန်းမကြီးပါဘူး ကိုထွန်း''

''ဒါဖြင့်... ငါ ရဲနိုင်တို့နဲ့ချိန်းထားတာရှိလို့ သွားလိုက်ဦးမယ် ကိုလင်း၊ ဖွေးလိုက်ပို့ပေးမယ်ဆိုတော့ မင်းတို့ဟာမင်းတို့ပြန်ခဲ့ကြတော့နော်၊ ဖွေး... ကျွန်တော့်ကိုခွင့်ပြုပါဦး''

''ဟုတ်ကဲ့ကိုထွန်း''

ကိုထွန်းသွားစရာရှိတာကို ကျွန်တော့်ကို ကြိုမပြောမထားပါ။ ကိုရဲနိုင်တို့နှင့် ချိန်းထားတယ်ဆိုတာလည်း မဖြစ်နိုင်ပါ။ ကျွန်တော်နှင့် ဖွေး နှစ်ယောက်တည်းတွေ့နိုင်ရန် ကိုထွန်းတမင်ရှောင်ပေးသွားခြင်းဖြစ်လိမ့်မည်။

ကိုထွန်းက မသွားခင် ကျွန်တော့်ကိုမျက်စိမှိတ်ပြသွားသေးသည်။

''ကားပေါ်တက်လေ ကိုလင်းထည်ဝါ၊ ဖွေး ဘယ်ဆိုင်မှာ ဧည့်ခံရမလဲ''

''လူရှင်းတဲ့ကော်ဖီဆိုင်တစ်ဆိုင်ဆိုင်သာ သွားလိုက်ပါ ဖွေး''

''ဒါဖြင့်... ကဗီးစစ်တီးကိုသွားလိုက်မယ်နော်''

ဖွေးက ကားလေးကို ကျုံးအရှေ့ဖက်ဖြေလမ်းပေါ်မှCafe City ဆီသို့ မောင်းထွက်ခဲ့လေသည်။

♛♛♛♛♛

( ၁၃ )

ကော်ဖီဆိုင်ထဲတွင်ထိုင်မိသည်နှင့် ဖွေးက သူ့လက်ထဲတွင်ပိုက်ထားသောအထုတ်ကို ကျွန်တော့်ကိုပေးလိုက်သည်။

''ကိုလင်းထည်ဝါအတွက် ဖွေးရဲ့လက်ဆောင်ပါ''

''ဘာတွေလဲဗျာ၊ ဘာလို့လက်ဆောင်ပေးရတာလဲ''

''ကိုလင်းထည်ဝါက ဖွေးရဲ့ကျေးဇူးရှင်လေ''

''ကျွန်တော့်ကို ကိုလင်းလို့ပဲခေါ်ပါ''

''ဖွေးပေးတဲ့လက်ဆောင်က ကိုလင်းကျေးဇူးနဲ့ယှဉ်ရင် ဘာမှ မပြောပလောက်ပါဘူး၊ ဖွေးလေ... မနေ့က ညက ဟိုတယ်ဖွင့်ပွဲကို ပြန် သွားပြီး ကိုလင်းနဲ့လိုက်မယ့် ဘောင်းဘီနဲ့အင်္ကျီကို ဝယ်ခဲ့တာ''

''ဘာ– ဖွေး ဟိုတယ်ဖွင့်ပွဲကို နောက်တစ်ခါ ထပ်သွားသေးတယ်၊ ဘယ်အချိန်လောက်လဲ ဖွေး''

''ညကိုးနာရီမှပါ''

''လွဲချင်တော့ဖွေးရယ်... ကျွန်တော်လည်း နောက်တစ်ခေါက် ထပ်ရောက်သေးတယ်၊ ဖွေးကိုတွေ့လိုတွေ့ငြား သွားရှာတာပေါ့၊ ဒါပေ မယ့်... ကျွန်တော်က စောတယ်၊ ညနေခြောက်နာရီလောက်၊ ဖွေးကို ရှာမတွေ့လို့ပြန်လာခဲ့တာ၊ ဖွေးရွေးနေတဲ့အင်္ကျီလေးကိုတောင် ဖွေးကို လက်ဆောင်ပေးဖို့ဆိုပြီး ဝယ်လာခဲ့သေးတယ်၊ ဖွေးနဲ့တွေ့ရမယ်ဆိုတာ မသိလို့ ယူမလာခဲ့ရတာ''

www.burmeseclassic.com

www.burmeseclassic.com


''ဩော်... အဲဒါကြောင့် အင်္ကျီလေးကို မတွေ့တော့တာကိုး၊ ဖွေးလည်းကြည့်သေးတယ်၊ ဘယ်လောက်ပေးရလဲကိုလင်း''

''တစ်သောင်းငါးထောင်''

''အဲဒီပိုက်ဆံကို ဖွေးပြန်ပေးပါ့မယ်''

''ဘာလို့ပြန်ပေးရမှာလဲ၊ ဖွေးကိုလက်ဆောင်ပေးချင်လို့ ကျွန်တော်ဝယ်ခဲ့တာပါ''

''ဘယ်ဟုတ်မလဲကိုလင်းရဲ့ ကိုလင်းက ဖွေးအသက်ကိုလည်း ကယ်တယ်၊ ဖွေးကိုလည်း လက်ဆောင်ပေးရတယ်ဆိုရင် ဘယ်ကောင်းမလဲ၊ ကိုလင်း အင်္ကျီလေးဝယ်လာပေးတာပဲ ကျေးဇူးတင်လှပါပြီလေ၊ ပိုက်ဆံတော့ ဖွေးပြန်ပေးမယ်နော်''

''ပြန်ပေးချင်လား၊ ပြန်ပေးချင်ရင် တန်ဖိုးရဲ့ဆယ်ပုံတစ်ပုံပဲ ပေးဗျာ''

''ရှင်–''

''တစ်သောင်းခွဲရဲ့ဆယ်ပုံတစ်ပုံ၊ ထောင့်ငါးရာလေ''

''အို...''

ဖွေးက ခေါင်းကလေးငုံ့ကျသွားသည်။

''စိတ်ဆိုးသွားလားဖွေး''

''**သွား**– ပြောပြီးမှစိတ်ဆိုးသွားလား မေးနေသေးတယ်၊ ကိုလင်းက ဖွေးကိုရည်းစားစကားပြောလိုက်တာပေါ့လေ''

''ဆိုပါတော့... အဲလေ... ဆိုပါတော့မဟုတ်ဘူး ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော် ဖွေးကိုရည်းစားစကားပြောလိုက်တာပါ''

''**သွား**– မစောလွန်းဘူးလား၊ သူဖြင့် ဖွေးနာမည်အပြည့်အစုံကိုတောင် မသိသေးပဲနဲ့''

''ဟင်– ဖွေးဆိုတာ နာမည်အရင်းမဟုတ်ဘူးလား၊ ကျွန်တော့်ကိုညာထားတာလား''

''နာမည်အပြည့်အစုံမဟုတ်ဘူးလို့သာပြောတာပါ၊ ဖွေးနာမည် အပြည့်အစုံက **ဖွေးဖွေးခန့်...** လေ''

''ဖွေးဖွေးခန့်... ဩော်... အဖေနာမည်ပါတာပဲ၊ ကျွန်တော့်ကို ဘာလို့ နာမည်အပြည့်အစုံမပြောခဲ့တာလဲဟင်''

''တစ်မျိုးမထင်ပါနဲ့ကိုလင်းရယ်၊ ကိုလင်းက ကိုလင်းအကြောင်းတွေ ဖွေးကိုပြောပြတော့ ဒက်ဒီ့နာမည် ပါလာတယ်မဟုတ်လား၊ ဖွေးဖွေးခန့်ဆိုတဲ့နာမည်အပြည့်အစုံကိုပြောလိုက်ရင် ဒက်ဒီဒေါက်တာအောင်ခန့်ရဲ့သမီးမှန်းရိပ်မိသွားမှာစိုးလို့ မပြောခဲ့တာပါ''

''ဆရာကြီးသမီးမှန်းသိတော့ ဘာဖြစ်လို့လဲဖွေး''

''ကိုလင်းပြောခဲ့တယ်လေ၊ ကိုလင်း အနာဂတ်အဖြစ်တွေကို ကြိုမြင်တာဟာ... ကိုယ်နဲ့သိတဲ့ ပတ်သက်တဲ့လူတွေချည်းပဲ၊ ဖွေးတစ်ယောက်ကိုသာ အရင်ကမသိဖူးပဲနဲ့ အနာဂတ်အမြင်ထဲမှာ မြင်နေရတယ်ဆိုတာ''

''ဟုတ်တယ်လေဖွေး၊ အဲဒါအမှန်ပဲဟာကို''

''တကယ်တော့ ဖွေးနဲ့ကိုလင်း ပတ်သက်ခဲ့ဖူးပါတယ်၊ ဖွေးနဲ့ ပတ်သက်ပြီးမှ ကိုလင်းရဲ့အမြင်ထဲကို ဖွေးရောက်လာတာပါကိုလင်း''

''ဗျာ– ဘယ်တုံးက... ဘယ်တုံးက ဖွေးနဲ့ကျွန်တော်သိဖူးလို့လဲ၊ ကျွန်တော်မမှတ်မိဘူး ဖွေး''

''လူချင်းမတွေ့ဖူးပါဘူး၊ ကိုလင်းနဲ့ဖွေး စကားတော့ပြောဖူးတယ်လေ၊ ပြန်စဉ်းစားပါဦး''

''ဘယ်တုံးကလဲ... သိပ်ပြီးတော့ ပဟေဠိတွေလုပ်မနေပါနဲ့တော့ ဖွေးရယ်... ကျွန်တော်သိချင်လှပြီ ပြောစမ်းပါ''

ဖွေးက ပြုံးလိုက်သည်။

''ဖွေးလည်း ကိုလင်းက ဒက်ဒီ့လူနာလို့ပြောလို့ ပြန်စဉ်းစားမိတာပါ၊ ဒက်ဒီ့ကိုတောင် အပြန်လမ်းမှာ စက်ဘီးတစ်စီးနဲ့ဝင်တိုက်မိမယ် သတိထားဖို့ပြောလိုက်သေးတယ်လို့ ကိုလင်းပြောတယ်မဟုတ်လား၊ အဲဒါကြောင့်... ဖွေးလည်း စဉ်းစားမိတာ''

''ဘာလဲကွာ...''

''ဒက်ဒီဆေးခန်းကအပြန်လမ်းမှာ ကိုလင်းကြိုပြောထားသလို စက်ဘီးနဲ့တိုက်မိမလိုဖြစ်ခဲ့တယ်လေ၊ အဲဒီအကြောင်းကို ဒက်ဒီက အိမ်ပြန်ရောက်ရောက်ချင်း ကိုလင်းဆီဖုန်းဆက်ပြောခဲ့တယ်လေ၊ မှတ်မိတယ်မဟုတ်လား''

''အင်း... ဟုတ်တယ်၊ မှတ်မိပါတယ်''

''ဒက်ဒီက မအားလို့ ဖွေးကို ဖုန်းခေါ်ခိုင်းခဲ့တယ်၊ ကိုလင်းနဲ့ ဆက်သွယ်လို့ရမှ ဒက်ဒီ့ကို ဖုန်းပေးလိုက်တာလေ၊ ပြန်စဉ်းစားကြည့်စမ်း၊ အဲဒီဖုန်းဝင်လာတော့ ကိုလင်းနဲ့အရင်ဆုံးစကားပြောတာ ဘယ်သူလဲလို့''

''ဟာ... ဟုတ်သားပဲ''

www.burmeseclassic.com

ဒေါက်တာအောင်ခန့်ဆီမှဖုန်းလာတော့ ဒေါက်တာအောင်ခန့်နှင့် ချက်ချင်းတိုက်ရိုက်စကားပြောရတာမဟုတ်။

အဲဒီဖုန်းဝင်လာတုံးက ကျွန်တော်ဖုန်းကိုကောက်ကိုင်၍ ထူးလိုက်သည်တွင်...

*"ဖုန်းနံပါတ် ၃၅(-)(-)(-)ကပါလားရှင်"*

*သာယာချိုအေးသောမိန်းကလေးအသံတစ်ခုကို ကြားလိုက်ရလေသည်။*

*"ဟုတ်ပါတယ်ခင်ဗျာ"*

*"အဲဒီက... ကိုလင်းထည်ဝါနဲ့ စကားပြောချင်လို့ပါ ရှင်"*

*"ကျွန်တော် လင်းထည်ဝါပါ"*

*"ဪ...ဒါဆိုခဏကိုင်ပေးထားပါရှင်၊ ဒေါက်တာအောင်ခန့် စကားပြောပါလိမ့်မယ်"*

*တစ်ဖက်မှ အသံခေတ္တတိတ်သွားသည်။*

*"ဒက်ဒီ...ဖုန်းရပြီ"...ဆိုသည့် ဖုန်းခေါ်ပေးသော မိန်းကလေး၏အသံခပ်တိုးတိုးကို ကြားလိုက်ရသည်။*

ကျွန်တော် ပြန်မှတ်မိလိုက်ပါပြီ။

"ဪ... အဲဒီတုံးက ဖုန်းခေါ်ပေးတာဖွေးကိုး။ ကျွန်တော် သဘောပေါက်ပါပြီ၊ ဖွေးအသံကို အဲဒီတုန်းက ကျွန်တော်ကြားလိုက်ရတယ်၊ ဖုန်းချပြီးပြီးချင်းပဲ ကျွန်တော့်ရဲ့အနာဂတ်မြင်ကွင်းပေါ်လာပြီး ဖွေးဖြစ်မယ့်အဖြစ်ကို မြင်ရတာပဲဖွေး၊ ဟုတ်သားပဲ၊ အနာဂတ်မြင်ကွင်းကိုမမြင်ခင်ကတည်းက ဖွေးနဲ့ကျွန်တော်ပတ်သက်ခဲ့ဖူးတာပေါ့နော်၊ ဖွေးအသံကိုကြားလိုက်မိလို့ ဖွေးနဲ့ပတ်သက်တဲ့မြင်ကွင်းကို ကျွန်တော်မြင်ရတာပဲ"

ကျွန်တော့်စကားများကို နားထောင်ရင်း... ဖွေးက ပြုံးနေလေသည်။

\+ + + + +

"ဒက်ဒီ့ဆေးခန်းကို ဗုဒ္ဓဟူးနေ့မှာ တစ်ခေါက်ထပ်ပြည်ပြီးမယ်လို့ ကိုလင်းပြောခဲ့တယ်လေ၊ ဒီနေ့ ကိုလင်းကို ဒက်ဒီ့ဆေးခန်းကနေ စောင့်မယ်လို့စိတ်ကူးရှိလို့... ဖွေးဖုန်းနံပါတ်တွေ၊ အိမ်လိပ်စာတွေ မပြောခဲ့တာပါကိုလင်း"

"ဖွေးရာ... ကျွန်တော့်မှာဖြင့် ဖွေးနဲ့နောက်တစ်ခေါက် ဆုံမှဆုံရပါတော့မလားလို့တွေးပြီး စိတ်ပူလိုက်ရတာ"

"ဘာဖြစ်လို့လဲ... ဖွေးနဲ့မတွေ့ရမှာ ဘာလို့ပူရတာလဲကိုလင်း"

"ချစ်လို့... ဖွေးကို ချစ်နေလို့ပေါ့ဗျာ"

"**သွား**– လာပြန်ပြီ ရည်းစားစကား၊ တွေ့တာဖြင့် နှစ်ရက်ရှိသေးတယ်"

"လူချင်းတွေ့ရတာ နှစ်ရက်ပေမယ့် ဖွေးကို အနာဂတ်မြင်ကွင်းထဲမှာ ခြောက်ရက်ဆက်တိုက် မြင်ခဲ့ရတာပါဖွေး၊ အချစ်မှာ အချိန်ကာလနဲ့ မသက်ဆိုင်ပါဘူး၊ ပြီးတော့... ခံစားချက်၊ ဖွေးဒုက္ခရောက်တာကိုကြိုမြင်ပြီး ဖွေးကိုသနားတဲ့စိတ်၊ ကယ်တင်ချင်တဲ့စိတ်တွေဖြစ်ခဲ့ရပါတယ်၊ အဲဒါတွေဟာ ဖွေးကိုစွဲလမ်းဖို့ဖြစ်လာတဲ့အကြောင်းတွေပါ ဖွေး"

"**သွား**– တော်တော်စကားတတ်တယ်"

"တကယ်ပါဖွေးရယ်... လူကိုယ်တိုင် မမြင်ခင်ကတည်းက ဖွေးကို စွဲလမ်းနေရတာပါဗျာ"

"**သွား**– အဲဒါတွေနောက်မှပြောကြပါစို့ကိုလင်းရယ်၊ စောပါသေးတယ်၊ လောလောဆယ် ကိုလင်းအကြောင်းပြောပါဦး"

"တစ်ချို့တစ်ဝက် မနေ့က ပြောခဲ့ပြီးပြီလေ၊ ကိုယ်က ရန်ကုန်က၊ တစ်ဦးတည်းသောသား၊ ဆယ်တန်းဖြေထားတယ်၊ ကျောင်းပိတ်တုန်း မန္တလေးလာလည်တာ၊ မန္တလေးမှာ မေမေ့အစ်ကိုအရင်းရှိလို့ပါ၊ ကိုထွန်းရဲ့အဖေလေ၊ ကိုထွန်းအဖေနဲ့ ကိုယ့်မေမေနဲ့က မောင်နှမတွေပါ ဖွေး"

"ဒါဆို... ဖွေးနဲ့ကိုလင်း တော်တော်တူတာပဲ၊ ဖွေးလည်း တစ်ဦးတည်းသောသမီးပဲ ကိုလင်း၊ ဖွေးလည်း ဒီနှစ်ဆယ်တန်းဖြေထားတယ်"

"ဟင်... ဟုတ်လား၊ ဒါဖြင့်... ဖွေးနဲ့အတူတူကျောင်းဆက်တက်နိုင်အောင် ကိုယ် မန္တလေးကို အပြီးပြောင်းလာမှထင်တယ်"

"**သွား**– စိတ်ကူးယဉ်လိုက်တာ"

"စိတ်ကူးယဉ်တာ မဟုတ်ပါဘူးဖွေးရယ်၊ စိတ်ကူးယဉ်ထက် ဆန်းကြယ်တဲ့အဖြစ်တောင် ဖွေးနဲ့ကိုယ့်ကြားမှာဖြစ်လာပြီးပြီပဲ၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ်အတူတူတက်ဖို့ဆိုတာလောက်က ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ဒါနဲ့... ဖွေးမှာ ရည်းစားရှိပြီးသားလားဟင်"

"**သွား**– ဘာတွေလာမေးနေတာလဲ"

"မရှိသေးရင် ကိုယ်မျှော်လင့်ချင်လို့ပါဖွေး"

"**သွား**– ကိုယ့်ဘာသာကိုယ် အနာဂတ်မြင်ကွင်းထဲမှာ မြင်ကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီလို ကိုယ်သိချင်တိုင်း မြင်လို့ကြည့်လို့ မရဘူးဖွေးရဲ့ အဲ... အဲ... ဖွေးနဲ့ပတ်သက်လို့တော့ ရမလားမသိဘူး။ နေဦး... ကြည့်, ကြည့်လိုက်ဦးမယ်"

ကျွန်တော်က အကြံရကာ ဖွေးကိုနောက်ဖို့ပြင်လိုက်သည်။

မျက်လုံးကိုစုံမှိတ်လိုက်၏။

"ပေါ်လာစမ်း။ ပေါ်လာစမ်း။ ဖွေးဖွေးခန့်ဆိုတဲ့ကောင်မလေးရဲ့ နောက်တစ်နာရီအကြာမှာဖြစ်နေမယ့်ပုံရိပ် ငါ့မျက်လုံးမှာပေါ်လာစမ်း"

ကျွန်တော်က မျက်လုံးကိုပြန်ဖွင့်လိုက်သည်။

ဖွေးက ကျွန်တော့်ကို စိတ်ဝင်တစားငေးကြည့်နေ၏။

ကျွန်တော်က ရှေ့တည့်တည့်နံရံကိုစိုက်ကြည့်နေလိုက်သည်။ ပြီးတော့ နံရံမှာပေါ်လာသည့်ပုံရိပ်များကိုမြင်ရဟန်ဖြင့် ပြောလိုက်သည်။

"ဟင်... ဖွေးက ကျွန်တော်လက်ဆောင်ပေးတဲ့အင်္ကျီလေးကို ဝတ်ထားတယ်၊ ဖွေးရဲ့အခန်းထဲမှာ ထင်တယ်၊ ဖွေးက ကျွန်တော်ပေးတဲ့အင်္ကျီလေးကိုဝတ်ပြီး မှန်ရှေ့မှာထိုင်နေတယ်ဗျ။ ဟော... ပြုံးတယ်၊ မှန်ထဲကို ကြည့်ပြီးပြုံးတယ်၊ ဖွေးပါးစပ်က အသံထွက်ပြီး တစ်ခုခု ပြောလိုက်တယ်၊ ဘာပြောလိုက်တာပါလိမ့်၊ တိတ်တိတ်... တိတ်တိတ်နေနော်... ကိုယ်နားထောင်ကြည့်လိုက်ဦးမယ်"

ဖွေးက ကျွန်တော့်မျက်နှာကို ဇဝေဇဝါဖြင့် ကြည့်နေလေသည်။ ကျွန်တော်ကြည့်နေသောနံရံဆီကို ယောင်ပြီးလှမ်းကြည့်လိုက်သေးသည်။ ဖွေးမျက်နှာတွင်... ကျွန်တော်ပြောတာတွေကို ယုံရမလို မယုံရမလိုဟန်များပေါ်နေလေသည်။

"ဟော– ငါသူ့ကိုတကယ်ချစ်သလား... တဲ့၊ သူ့အချစ်ကို လက်ခံလိုက်ရင်ကောင်းမလား... တဲ့၊ အို... ငါ့မှာလည်း ချစ်သူမှမရှိပဲ ကိုလင်းရဲ့အချစ်ကို ငါလက်ခံလိုက်ပါတော့မယ်လေ... တဲ့"

"ကိုလင်း"

ဖွေးက ကျွန်တော့်လက်မောင်းကို လှမ်းပုတ်ရင်းခေါ်လိုက်သည်။

"ဟာ– ဖွေးလုပ်လိုက်လို့ အနာဂတ်မြင်ကွင်းတောင် ပျောက်သွားပြီ"

"**သွား**– ဟုတ်လည်းမဟုတ်ပဲနဲ့ မယုံပါဘူး"

"တကယ်ပါဖွေးရဲ့၊ ကိုယ့်မျက်စိထဲမှာ အဲဒီအတိုင်းပေါ်လာတာ၊ ဖွေးပြောတဲ့စကားကိုလည်း ကြားလိုက်တယ်"

"**သွား**–"

"ဒီကအပြန် ကိုယ့်ကိုလိုက်ပို့ရင် ကိုယ့်လက်ဆောင်အင်္ကျီလေးကို ယူသွားနော်ဖွေး။ အဲဒါမှ... ကိုယ့်မြင်ကွင်းထဲကလို အင်္ကျီလေးဝတ်ကြည့်ရင်းကနေ ကိုယ့်အကြောင်းကို ဖွေးစဉ်းစားလို့ရမှာ"

"**သွား**–"

\+ + + + +

ကော်ဖီဆိုင်ကအပြန်မှာ ဖွေးက ကျွန်တော့်ကို အိမ်အထိ လိုက်ပို့ပေးသည်။

အိမ်အရောက်တွင် ကျွန်တော်က ဖွေးကိုခဏစောင့်ခိုင်းကာ အိမ်ထဲသို့ပြေးသွားလိုက်သည်။

ဖွေးအတွက်ဝယ်ထားတဲ့အင်္ကျီလေးကို ဝင်ယူပြီး ဖွေးကိုပေးလိုက်သည်။

"အားနာစရာကောင်းလိုက်တာ၊ ဒီအင်္ကျီဖိုး ဖွေးပြန်ပေးပါရစေ"

"ပေးရင် တန်ဖိုးဆယ်ပုံတစ်ပုံပဲပေးဖို့ပြောထားပြီးသားပဲ"

"**သွား**–"

"ထောင့်ငါးရာပေးရင် ကြေနပ်ပါပြီဖွေးရယ်"

"**သွား**–"

"ဖွေး... အိမ်ရောက်ရင် အင်္ကျီလေးဝတ်ကြည့်ပြီးတော့ ကိုယ့် အကြောင်းကို စိတ်ကူးယဉ်နော်"

"**သွား**–"

ဖွေးက ရှက်ရှက်နှင့် ကျွန်တော့်လက်မောင်းကိုလှမ်းထုပြီး ကားလေးကိုမောင်းထွက်သွားတော့သည်။

♛♛♛♛♛

www.burmeseclassic.com

( ၁၄ )

ညကိုးနာရီ။ ခုအချိန်ဆို... ဖွေးအိမ်ပြန်ရောက်ပြီးလို့ ကျွန်တော်လက်ဆောင်ပေးလိုက်တဲ့အင်္ကျီလေးကို ထုတ်ကြည့်ပြီးလောက်ပါပြီ။ အင်္ကျီလေးကို ဝတ်ကြည့်နေမလား။ ဝတ်ကြည့်ရင်းကနေ ကျွန်တော့်အကြောင်းတွေ တွေးနေလေမလား။

ကျွန်တော်က ဖွေးရဲ့ဟဲန်းဖုန်းနံပါတ်လေးကို နှိပ်လိုက်သည်။

တစ်ဖက်မှ ဖွေးအသံထွက်လာ၏။

"ဟယ်လို... ကိုလင်းလား။ ဖွေးပြောနေပါတယ်ရှင်"

"ကိုလင်းမှန်းဘယ်လိုသိလဲဟင်... ဖွေး ကိုယ့်အကြောင်းတွေ စဉ်းစားနေလို့လား"

"**သွား**– ကိုယ်လိုရာတွေလျှောက်ပြောမနေနဲ့၊ ဖုန်းစကရင်ပေါ်မှာ ကိုလင်းဖုန်းနံပါတ်ပေါ်နေလို့ ကိုလင်းမှန်းသိတာ"

"ဩော်... ဟုတ်သားပဲ၊ ကိုယ်ပေးတဲ့အင်္ကျီလေးကို ဝတ်ကြည့်သေးလားဟင်... ဖွေး"

"**သွား**–"

"ဟင်... ဝတ်မကြည့်ဖူးလားဖွေး"

"မဝတ်သေးပဲနေမလို့ပဲ၊ နောက်မှ... ဒီအင်္ကျီလေးကို ဖွေးသိပ်ကြိုက်နေတာလေ၊ မနေ့က သူများဝယ်သွားပြီ၊ မရလိုက်တော့ဘူးထင် ပြီး စိတ်မကောင်းဖြစ်နေတာ။ ကိုလင်းက လက်ဆောင်ပေးလိုက်တော့ ဝမ်းသာသွားတာပေါ့၊ မဝတ်သေးပဲ အောင့်နေကြည့်သေးတယ်၊ မနေနိုင်တာနဲ့ ဝတ်ကြည့်လိုက်ပါတယ်"

"ဟာ... ဖွေးရယ်"

"ဘာလဲ... ကိုလင်းရဲ့အနာဂတ်မြင်ကွင်း မှန်ပြန်ပြီလို့ ပြောမလို့လား"

"ဒါပေါ့ဖွေးရဲ့... အင်္ကျီဝတ်ပြီး မှန်ရှေ့မှာ ရပ်ကြည့်သေးလားဟင်"

"ဒါတော့... မိန်းကလေးပဲ၊ အင်္ကျီလဲပြီးတိုင်း မှန်ကြည့်နေကျပဲဟာ၊ မေးစရာလိုသေးလား"

"ကိုယ့်ကိုရော... သတိရနေသေးလားဟင်"

"**သွား**–"

"တကယ်သိချင်လို့ပါ၊ ကိုယ့်ကိုသတိရသလားဟင်"

"သူပေးတဲ့အင်္ကျီဝတ်ထားမှတော့... အင်္ကျီလက်ဆောင်ပေးတဲ့လူကို သတိရတာပေါ့၊ ဖွေး... အဲ့လောက် မရိုင်းပါဘူးနော်"

"ဒီလိုဆို... ကိုယ့်မြင်ကွင်းထဲကအတိုင်း ကိုလင်းကိုပြန်ချစ်လိုက်ပါတော့မယ်လို့လဲ... တွေးမိမှာပေါ့နော်"

"**သွား**– မတွေးမိပါဘူး"

"သေချာရဲ့လားဖွေးရယ်... ဒါဆို... ကိုယ့်အနာဂတ်မြင်ကွင်း မှားသွားပြီလားကွာ"

"**သွား**–"

"ဖွေးနဲ့တွေ့ချင်သေးတယ်ကွာ"

"တကယ်တွေ့ချင်သလား။ တွေ့ချင်ရင်... မနက်ဖန် ဖွေးသွားမယ့်နေရာကို လိုက်ပို့ပေးလေ"

"ဟာ... တကယ်လား။ ပို့ပေးမှာပေါ့ဖွေး။ ဘယ်ကိုပို့ပေးရမှာလဲ"

"မန္တလေးတောင်ပါ"

"ဩော်... ဒါများဖွေးရယ်"

"တောင်ပေါ်အထိမတက်ပါဘူး။ ဘိုးဘိုးကြီးနတ်နန်းတင်ရယ်"

"ဖွေးက ဘိုးဘိုးကြီးနတ်နန်းကို ဘာသွားလုပ်မှာလဲ"

"တစ်လတစ်ခါ... ဖွေးမွေးရက်ရောက်တိုင်း ဘိုးဘိုးကြီးဆီမှာ ပဝါဆက်တယ်၊ ပန်းဆက်တယ်၊ ဆုတောင်းတယ်၊ မနက်ဖန်... ဇွန်လ ၁၅ရက်၊ ဖွေးမွေးရက်လေ"

"ကိုယ်လိုက်ပို့ပါမယ်၊ ဘယ်အချိန်လဲ၊ ဘယ်နေရာမှာဆုံကြမလဲ"

"မနက်ပိုင်းပေါ့၊ ဘယ်အချိန်ဖြစ်ဖြစ်၊ ကိုလင်းအားတဲ့အချိန်လာပါ၊ ဖွေးအိမ်ကပဲ စောင့်နေမယ်"

"အိုကေ... ဖွေးအိမ်လိပ်စာပြောဦး"

www.burmeseclassic.com

ဖွေးက အိမ်လိပ်စာကိုပြောပြသည်။

"ဖွေးအိမ်ရှေ့ထွက်စောင့်နေပါ့မယ်၊ ကိုလင်းထွက်လာခါနီးရင် ဖုန်းဆက်ထားလိုက်ပေါ့၊ ကိုလင်း ဆိုင်ကယ်ယူလာမှာမဟုတ်လား"

"ဟုတ်တယ်၊ ဆိုင်ကယ်ပဲယူလို့ရမယ်ဖွေး"

"ကောင်းတယ်၊ ဖွေးကလည်း ဆိုင်ကယ်နဲ့ပဲသွားချင်လို့၊ ကိုလင်းဆိုင်ကယ်နဲ့ပဲ သွားကြမယ်နော်"

♛♛♛♛♛

( ၁၅ )

နောက်တစ်နေ့မနက်တွင်... ဖွေးတို့အိမ်သို့ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့သည်။

ဖုန်းကြိုဆက်ထား၍ ဖွေးက အိမ်ရှေ့မှ ရပ်စောင့်နေ၏။

"အိမ်ထဲခဏဝင်ဦးကိုလင်း။ မာမီနဲ့မိတ်ဆက်ပေးမယ်"

ဖွေးက သူမ၏မိခင်နှင့်ကျွန်တော့်ကိုမိတ်ဆက်ပေးသည်။

"မာမီ... ဒါ... သမီးအသက်ကိုကယ်ခဲ့တဲ့ ကိုလင်းထည်ဝါလေ၊ ကိုလင်း... မာမို့နာမည်က ဒေါ်ခင်သီရိ-တဲ့"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်အန်တီ"

"အေးကွယ်... အန်တီကလည်း သမီးအသက်ကိုကယ်ခဲ့တဲ့အတွက် မောင်လင်းထည်ဝါကို ကျေးဇူးတင်ပါတယ်၊ မောင်လင်းထည်ဝါ အဖြစ်ကလည်း ထူးထူးဆန်းဆန်းပဲနော်"

"ဟုတ်ပါတယ်အန်တီ"

"အခုရော... အနာဂတ်အဖြစ်တွေကိုမြင်ရသေးလား"

ဒေါ်ခင်သီရိ မေးလိုက်မှပင်... ကျွန်တော်ပြန်စဉ်းစားမိသည်။ ကျွန်တော်သည် မိုးကြိုးစက်ကွင်းမိသည့်နေ့မှစ၍... တစ်နေ့ကို တစ်မျိုး မဟုတ် တစ်မျိုး... အနာဂတ်တွင်ဖြစ်မည့်အဖြစ်များကို မြင်မြဲဖြစ်သည်။

ဖွေးနဲ့တွေ့တဲ့နေ့ကစပြီး မမြင်ရတော့တာကို ခုမှ သတိထားမိသည်။

ကျွန်တော်နောက်ဆုံးမြင်ခဲ့ရသော အနာဂတ်မြင်ကွင်းမှာ... ကျူးကျော်မီးပွိုင့်တွင် ယာဉ်ထိန်းရဲများလိုင်စင်စစ်စဉ်က... ဦးထုပ်မပါ၍ အဖမ်းခံရမည့်လူငယ်လေးကိုမြင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် အနာဂတ်အဖြစ်များကို ကျွန်တော်မမြင်ရတော့ပါ။

"သိပ်ထူးခြားတဲ့မြင်ကွင်းမျိုးတော့ မမြင်ရတော့ပါဘူးအန်တီ၊ အသေးအဖွဲလေးတွေပဲ တစ်ခါတစ်ရံမြင်ရတာမျိုးရှိပါတော့တယ်"

ကျွန်တော်က မဟုတ်မလွန်ပြန်ဖြေလိုက်သည်။

"ကိုလင်းကို မန္တလေးတောင်လိုက်ပို့ခိုင်းမလို့မာမီ၊ ဘိုးဘိုးကြီးကို ပဝါဆက်မလို့၊ သမီးတို့ သွားမယ်နော်"

"ကားယူမသွားဘူးလားသမီး"

"မယူတော့ဘူးမာမီ၊ ကိုလင်းဆိုင်ကယ်နဲ့ပဲ သွားတော့မယ်"

"အေး... အေး... ဆိုင်ကယ်ကိုအမြန်မမောင်းနဲ့၊ ဆိုင်ကယ်မောင်းတဲ့လူငယ်တချို့က သိပ်ရမ်းကားတာ၊ တိုက်မိခိုက်မိကုန်မယ်၊ ဖြည်းဖြည်း မောင်းနော်"

"ဟုတ်ကဲ့ပါအန်တီ"

\+ + + + +

ဖွေးတို့အိမ်မှအထွက်တွင် သိပ္ပံလမ်းသို့ထွက်ကာ ၆၂လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းလာခဲ့ပါသည်။

၂၆လမ်းအရောက်တွင် အနောက်ဖက်သို့ချိုးကွေ့လိုက်သည်။

ကျွန်တော်တို့ဆိုင်ကယ်လေး ကျုံးနဘေးအရောက်တွင် မိုးများ ရွာချလိုက်၏။

မိုးဖွဲဖွဲကြားမှာပင် ကျွန်တော်က ကျုံးအရှေ့ခြမ်း ၆၆လမ်းအတိုင်း မန္တလေးတောင်ဖက်သို့ မောင်းလာခဲ့ပါသည်။

ပန်တျာကျောင်းရှေ့နားအရောက်တွင် မိုးကတော်တော်သည်းလာသည်။

"မိုးကလည်းနော်... နွေခေါင်ခေါင်ကြီးမှာ ဘာလို့ ရွာရွာနေရပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com


ဖွေးက ငြိမ်းငြိမ်းလိုက်သည်။

''မှန်တိုင်းအရှိန်မသေသေးလို့ထင်ပါရဲ့ဖွေးရယ်''

''ကိုလင်း... တစ်နေရာရာမှာ ဝင်ခိုချင်ခိုလေ၊ ဖွေးတို့မှာ မိုးကာလည်းမပါဘူး''

''ရှေ့မှာ ခိုစရာဘာမှမရှိဘူး။ မနေ့ကကိုယ်တို့ထိုင်ခဲ့တဲ့ ကဇီးစစ်ထီးကိုလည်း လွန်လာခဲ့ပြီ၊ မထူးတော့ပါဘူး။ တောင်ခြေအထိရောက်အောင် အမြန်မောင်းလိုက်ပါတော့မယ်''

ကျွန်တော်က ဆိုင်ကယ်ကိုအရှိန်မြှင့်၍မောင်းလာခဲ့လိုက်သည်။

မိုးက ပိုပြီးသည်းလာ၏။

ကျွန်တော်မိုးကြိုးစက်ကွင်းမိခဲ့တဲ့နေ့ကို သတိရလိုက်သည်။ အဲဒီနေ့ကလည်း... သည်လိုပဲ မထင်မှတ်ပဲရွာလိုက်တဲ့မိုးဟာ မိုးကြိုးပစ်တဲ့အထိ သည်းထန်လာခဲ့ခြင်းဖြစ်သည်။

ယခုလည်း... မိုးသည်းရုံမက မိုးချိမ်းသံများ၊ လျှပ်စီးများပါ နောက်ဆက်တွဲလိုက်လာနေပါပြီ။

''ကိုလင်း... တစ်နေရာရာဝင်ခိုမှဖြစ်တော့မယ်၊ မိုးက အရမ်းသည်းလာပြီ''

ဆိုင်ကယ်ကလည်း မန္တလေးတောင်ခြေနားရောက်လုနီးပါပြီ။

''ဆက်သွားလို့မဖြစ်တော့ဘူးကိုလင်း။ ဒါ့ထက်မိုးမိရင် ကြွက်စုတ်ဖြစ်ကုန်လိမ့်မယ်၊ ဇရပ်တွေဖက်ကိုချိုးလိုက်ပါလား။ ဇရပ်ထဲဝင်ခိုရအောင်လေ''

ဖွေးအပြောအတိုင်း ကျွန်တော်က သုမဓမ္မာဇရပ်တန်းဖက်သို့ ဆိုင်ကယ်ကိုချိုးကွေ့လိုက်ရသည်။ တောင်ခြေနှင့်နီးပြီဖြစ်သော်လည်း ဆက်သွားလျှင် မိုးစိုရုံသာရှိတော့မည်။

ကျွန်တော်က ဇရပ်တစ်ဆောင်ရှေ့တွင် ဆိုင်ကယ်ကိုရပ်လိုက်၏။

ဖွေးက ဆိုင်ကယ်ပေါ်မှဆင်းပြီး ဇရပ်ထဲဝင်ပြေးသည်။

ဆိုင်ကယ်ကိုဒေါက်ထောက်ပြီး သော့ဖြုတ်နေစဉ် ကျွန်တော် သတိထားမိလိုက်သည်။

ကျွန်တော်ရပ်လိုက်သည့်ဇရပ်သည်... လွန်ခဲ့သောအပတ်က မိုးကြိုးပစ်လိုက်တဲ့ဇရပ်ရှေ့မှာပင်ဖြစ်နေသည်။ တိုက်ပဲတိုက်ဆိုင်လှပါလား။

ကျွန်တော်က ဆိုင်ကယ်ကိုဒေါက်ထောက်ထားခဲ့ကာ ဇရပ်ထဲသို့ပြေးဝင်ခဲ့၏။

သည်တစ်ခါတော့... မိုးကြိုးမပစ်တော့ပါ။

ဇရပ်ထဲအရောက်တွင် ကျွန်တော်က ဖွေးကိုပြောပြလိုက်သည်။

''ဖေရယ် ၂ရတုံးက ကိုယ်မိုးကြိုးစက်ကွင်းမိတာ ဒီဇရပ်ရှေ့မှာပဲ ဖွေး''

''ဟင်... ဟုတ်လား၊ ကြောက်စရာကြီး''

ဖွေးက ကျွန်တော့်အနားတိုးလာရင်းပြောလိုက်သည်။

''ဟိုမှာ... တွေ့လား။ သစ်ပင်ကြီးလဲကျပြီး မီးကျွမ်းနေတာ၊ အဲဒါ... မိုးကြိုးအပစ်ခံရတဲ့သစ်ပင်ကြီးပေါ့ဖွေး''

ကျွန်တော်က ဇရပ်ဘေးမှလဲကျနေသော သစ်ပင်ကြီးတစ်ပင်ကို လက်ညှိုးထိုးပြလိုက်သည်။ ထိုသစ်ပင်ကြီးမှာ မိုးကြိုးပစ်ခံရသောသစ်ပင်ကြီး ဟုတ်ချင်မှဟုတ်ပါလိမ့်မည်။ မိုးကြိုးပစ်စဉ်က စက်ကွင်းအမိခံလိုက်ရ၍ ပတ်ဝန်းကျင်တစ်ခုလုံးကို ကျွန်တော်ဘာမှမမြင်တော့ပဲ သတိလစ်သွားခြင်းဖြစ်ပါသည်။ မိုးကြိုးဘယ်နေရာကိုပစ်လိုက်မှန်း ကျွန်တော်မသိခဲ့ရပါ။

ဖွေးကိုနောက်ချင်၍သာ ထင်ရာပြောလိုက်ခြင်းဖြစ်ပါသည်။

ဖွေးက ကြောက်ရွံ့ဟန်ဖြင့် ကျွန်တော့်အနားပိုတိုးလိုက်သည်။

''ကြောက်စရာကြီးနော်၊ ဒီနေရာက မိုးကြိုးခဏခဏအပစ်ခံရတဲ့နေရာလားမသိဘူး''

''ကြောက်ရင် ကိုယ့်ကိုဖက်ထားလေ ဖွေး၊ ကိုယ်စိတ်မဆိုးပါဘူး''

''**သွား**–''

ဖွေးက ကျွန်တော့်ကိုတွန်းပစ်ပြီး ခွာ၍ရပ်လိုက်သည်။

''ဖွေး... ညတုံးက ကိုယ့်အကြောင်းတွေတွေးသေးလားဟင်''

''**သွား**– ဘာတွေပြောနေတာလဲ၊ ဇရပ်ထဲမှာ၊ မိုးကြိုးတကယ်ပစ်နေပါဦးမယ် ကိုလင်းရယ်''

www.burmeseclassic.com

“ဘာဆိုင်လို့လဲ၊ ဇရပ်ထဲမှာ ရည်းစားစကားမပြောရဘူးလို့ ကန့်သတ်ထားတာမှမဟုတ်တာ”

“**သွား–** ဟော… မိုးတိတ်သွားပြီ”

“ဟင်… မိုးကလည်း တိတ်တော့ မြန်လိုက်တာ၊ ဘယ်လိုမိုးပါလိမ့်ကွာ၊ မိုးသည်းသည်းထဲ… ဇရပ်ထဲမှာ နှစ်ယောက်တည်းနေလို့ ကောင်းနေတုံးမှ…”

“**သွား–** ကိုလင်းကလည်း၊ ဘာတွေလျှောက်လျှောက်ပြောမှန်း မသိဘူး၊ လာ– လာ– မိုးတိတ်ပြီ၊ သွားကြမယ်”

ဖွေးက ဇရပ်ရှေ့သို့ပြေးထွက်သွားသည်။

ကျွန်တော်က နောက်မှလိုက်သွားကာ ဆိုင်ကယ်ကိုခွလိုက်၏။ ဖွေးတက်ထိုင်အပြီးတွင် ဆိုင်ကယ်ကိုစက်နှိုးလိုက်သည်။

စက်နှိုးလို့မရတော့။

စတတ်နဲ့လည်း နှိုးလို့မရ၊ ခြေထောက်နဲ့နင်းနှိုးလို့လည်း မရ၊

“ပလပ်ထဲ မိုးရေဝင်သွားပြီထင်တယ်ဖွေး”

“ဘယ်လိုလုပ်မလဲ”

“ပလပ်ဖြုတ်ကြည့်ရမှာပေါ့”

နှစ်ယောက်စလုံး ဆိုင်ကယ်ပေါ်မှပြန်ဆင်းရသည်။

ကျွန်တော်က ဒူးထောက်ကာ ပလပ်ကိုဖြုတ်ကြည့်လိုက်၏။

ပလပ်ထဲဝင်နေသောရေများကို လက်ကိုင်ပဝါဖြင့်သုတ်လိုက်သည်။ ပလပ်ကို တေ့ရှုတေ့ကြည့်ပြီး လျှပ်စစ်စီးမစီးသိရအောင် ဖွေးကို စက်နှိုးခိုင်းလိုက်သည်။

“စတပ်နှိပ်ကြည့်ပါဦးဖွေး”

ဖွေးက စတတ်ခလုတ်ကိုနှိပ်လိုက်၏။

ပလပ်ဆီမှ တဖြတ်ဖြတ်ဖြင့် မီးပွင့်ကလေးများဖြာထွက်သွားသည်။

“စက်ပိတ်လိုက်တော့ဖွေး၊ ရပြီ”

ကျွန်တော်က ပလပ်ကို နေရာတကျဖြစ်အောင်ပြန်တပ်လိုက်၏။

ထိုစဉ်… ဖွေးက စတပ်ခလုတ်ကို နောက်တစ်ချက်ထပ်နှိပ်လိုက်သည်။

ပလပ်ကိုပြန်တပ်နေဆဲ… အံဝင်ခွင်ကျမဖြစ်ခင်မှာ စက်နှိုးလိုက်သည့်အတွက် လျှပ်စစ်ဓာတ်များက ကျွန်တော့်လက်ထဲစီးဝင်သွားလေသည်။

“ဟာ– ဖွေး ဘယ်လိုလုပ်လိုက်တာလဲ”

လက်ဖျံမှတစ်ဆင့် လက်မောင်းနှင့်ခန္ဓာကိုယ်တစ်ခုလုံးဆီသို့ လျှပ်စစ်ဓာတ်များစီးဝင်သွားကာ ထုံကျင်သွားလေသည်။ ဦးခေါင်းအထိ လျှပ်စစ်ဓာတ်ရောက်သွားကာ ဆံပင်မွေးများ ထောင်ထသွားသည်ဟု ထင်လိုက်ရ၏။

လူမှာလည်း ပက်လက်လန်၍လဲကျသွားလေသည်။

“ဟင်– ကိုလင်း… ကိုလင်း… အမလေး… လုပ်ကြပါဦး”

ဖွေးက အလန့်တကြားအော်လိုက်လေသည်။

ကျွန်တော်က ကတ္တရာလမ်းကိုလက်နောက်ပြန်ထောက်ရင်း ပြန်ထလိုက်သည်။

“ကိုလင်း… ကိုလင်း… ဘာဖြစ်သွားလဲဟင်”

“ဓာတ်လိုက်သွားတာပါ၊ ဘာမှမဖြစ်ပါဘူး၊ ပလပ်တပ်မပြီးခင်… ဖွေးက စတတ်ခလုတ်ကို နှိပ်လိုက်တာကိုး”

“ဆောရီးကိုလင်းရယ်… ဖွေးကြောင့်ဖြစ်သွားတာပါ၊ ဖွေး ယောင်ပြီး စတတ်ကိုနှိပ်လိုက်မိတာ၊ ကိုလင်း တကယ်ဘာမှမဖြစ်ပါဘူးနော်”

“အင်း… မိုးကြိုးစက်ကွင်းမိတုံးကလည်း ဒီနေရာ၊ ဓာတ်လိုက်ခံရတော့လည်း ဒီနေရာမှာဆိုတော့ ကိုယ့်ရဲ့အနာဂတ်အမြင်ဓာတ်တွေဟာ ပိုပြီးအင်အားကောင်းလာတော့မယ်ထင်တယ် ဖွေး”

“ဟင်–”

“အလကားပါကွာ၊ ကိုယ်ဘာမှဖြစ်မသွားပါဘူး၊ ကဲ– တက်၊ တက်၊ သွားကြရအောင်”

ကျွန်တော် တကယ်ပဲ… ဘာမှဖြစ်မသွားဘူးလား။

www.burmeseclassic.com

ဘာမှမဖြစ်ဘူးဆိုတာ… သေချာသလား။

ကျွန်တော့်တစ်ကိုယ်လုံးမှာ ပေါ့ပါးသွားသလို ခံစားနေရသည်။ တစ်စုံတစ်ခုဖြင့် ချုပ်ကိုင်ထားရာမှ လွတ်မြောက်သွားသလို… ခံစားနေရပါသည်။ ဘယ်လိုဖြစ်တာပါလိမ့်။

♛♛♛♛♛

( ၁၆ )

အိမ်ပြန်အရောက်တွင် ကျွန်တော့်အဖြစ်ကျွန်တော် စဉ်းစားနေမိသည်။

ကျွန်တော်သည် မိုးကြိုးစက်ကွင်းမိသည့်နေ့မှစ၍ တစ်နေ့ကို တစ်မျိုးမဟုတ်တစ်မျိုး ရှေ့ဖြစ်မည့်အဖြစ်များကို မြင်ခဲ့ရပါသည်။ ဖြစ်စက တစ်နေ့တည်းမှာ နှစ်မျိုးသုံးမျိုးမြင်ရတတ်ပါသည်။ နောက်ပိုင်းတော့… တစ်နေ့တစ်ခုလောက်သာ မြင်ရတော့သည်။

မြင်ရတာတွေကလည်း သိပ်ကြီးကျယ်တဲ့အဖြစ်တွေ မဟုတ်တော့။ လမ်းထဲကိုပဲပြုတ်သည်လာမှာကို မလာခင် ငါးမိနစ်လောက် ကြိုမြင်နေတာမျိုး၊ သတင်းစာလာပို့မှာကို လာမပို့ခင် ကြိုမြင်ရတာမျိုး။ ကြီးကြီး ကျွန်တော့်ကိုထမင်းစားဖို့ခေါ်မှာကို မခေါ်ခင် သုံးလေးမိနစ်လောက် ကတည်းက ကြားနေရတာမျိုးလောက်သာဖြစ်ပါတော့သည်။

ကျွန်တော်မြင်ခဲ့ရသည့်အနာဂတ်မြင်ကွင်းများတွင် အကြီးကျယ်ဆုံးဖြစ်ရပ်မှာ နာဂစ်မုန်တိုင်းဖြစ်သည်။ အကြာမြင့်ဆုံးမြင်ခဲ့ရသည့် ဖြစ်ရပ်ကတော့ ဖွေးနှင့်ပတ်သက်သည့်ဖြစ်ရပ်ပဲဖြစ်ပါသည်။

အနာဂတ်မြင်ကွင်းများကို မမြင်ရတာတော့တာကို ကျွန်တော် အခုမှသတိထားမိ၏။ ဆိုင်ကယ်များလိုင်စင်စစ်စဉ်က ဦးထုတ်မပါသော လူငယ်လေး အဖမ်းခံရမည့်ကိစ္စကိုကြိုမြင်ခြင်းမှာ နောက်ဆုံးဖြစ်ပါသည်။

ဖွေးနဲ့ဆုံမယ့်မနက်က ဖွေးဖြစ်ရပ်ကိုနောက်ဆုံးတစ်ခါမြင်တွေ့ပြီး နောက်ထပ်၍ အနာဂတ်အမြင်များကို မမြင်ရတော့ပါ။

ကျွန်တော့်ရဲ့ ရှေ့ဖြစ်ကြိုမြင်ရတဲ့ရောဂါဟာ ပျောက်သွားပြီလား။

ဘယ်တုံးက ပျောက်တာလဲ။

ဒီနေ့မနက် ဆိုင်ကယ်ပလပ်ကတစ်ဆင့် ဓာတ်လိုက်ခံရပြီး နောက်ပိုင်းမှပျောက်တာလား။ ဓာတ်လိုက်ခံရတဲ့နေရာနှင့် စက်ကွင်းမိတဲ့နေရာမှာ အတူတူပင်ဖြစ်သည်။ ဓာတ်လိုက်ခံရပြီးနောက်ပိုင်း ကျွန်တော့်တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါးသွားသလိုခံစားလိုက်ရတာလည်း အမှန်ပင်ဖြစ်ပါသည်။

ကျွန်တော့်ရဲ့အနာဂတ်ကိုမြင်ရတဲ့အမြင်တွေဟာ တကယ်ပဲ ပျောက်သွားပြီလား။

ဒီနေ့တစ်နေ့ စမ်းသပ်ကြည့်ပြီး အဖြေရှာကြည့်ရပါဦးမည်။

တကယ်သာ… အနာဂတ်အမြင်များ ကျွန်တော့်ကိုယ်မှ ပျောက်ကွယ်သွားပြီဆိုလျှင်…

♛♛♛♛♛

www.burmeseclassic.com

( ၁၇ )

ကျွန်တော်က ဖွေးဆီသို့ ဖုန်းကြိုဆက်ထားလိုက်သည်။

"ဖွေးလား... ကိုယ်ဖွေးဆီကိုလာခဲ့မလို့ စောင့်နေနော်"

ဖွေးတို့အိမ်သို့ ကျွန်တော်ထွက်လာခဲ့ပါသည်။

ကျွန်တော့်မှာ ရောဂါတစ်ခုလို ကပ်ငြိနေသော အနာဂတ်ကို မြင်ရသည့်အမြင်များ ပျောက်ကွယ်သွားပြီဖြစ်ကြောင်း ပြောချင်လွန်း၍ လာခဲ့ခြင်းဖြစ်ပါသည်။

သို့သော်... ဖွေးတို့အိမ်ရောက်တော့ ကျွန်တော့်ရည်ရွယ်ချက်က တစ်မျိုးပြောင်းသွားလေသည်။

\+ + + + +

"အရေးတကြီး... ဘာများဖြစ်လို့လဲ ကိုလင်း"

ဖွေးက ကျွန်တော့်ကို ဆီးကြိုရင်းမေးလိုက်သည်။

"ဖွေးကိုပြောစရာရှိလို့ပါ၊ ဆရာကြီးရောရှိသလား"

"ဒက်ဒီက မနက်ပိုင်းဆေးခန်းတစ်ခုရှိလို့ စောစောသွားရတယ်လေ၊ ဘာဖြစ်လို့လဲကိုလင်း"

"ဖွေးမာမီရော..."

"မာမီလည်း ဈေးသွားတယ်"

"ဪ... အိမ်မှာ ဘယ်သူမှမရှိဘူးပေါ့"

ကျွန်တော်က ပြုံးစစဖြင့်မေးလိုက်သည်။ ကျွန်တော့်ရည်ရွယ်ချက်ကလည်း ထိုအချိန်မှာပြောင်းသွားခြင်းဖြစ်ပါသည်။

"**သွား**– အိမ်မှာလူမရှိဘူးဆိုတော့ ဘာလုပ်မလို့လဲ၊ ဘာမှ လုပ်လို့မရဘူးကိုယ့်လူ၊ အိမ်ဖော်တွေလည်း ရှိတယ်၊ မာလီအဘိုးကြီးလည်း ရှိတယ်၊ တစ်ခုခုလုပ်ရင် ဖွေးက အော်လိုက်မှာနော်"

"ဟော... ဘာတွေအတွေးချော်နေတာလဲဖွေးရ၊ ကိုယ်ဖွေးကို ပြောစရာရှိလို့ပါ၊ အရေးကြီးတယ်၊ လာပါ၊ ထိုင်ပါဦး"

ကျွန်တော်က ဖွေးကို ကျွန်တော့်ဘေးတွင်ထိုင်ခိုင်းလိုက်သည်။

ဖွေးဝင်ထိုင်သည်။

"ညတုံးက ကိုယ့်ရဲ့အနာဂတ်မြင်ကွင်းထဲမှာ မြင်လာတဲ့ဟာကို ဖွေးကိုပြောပြချင်လို့ပါ"

"ဟင်... ဟုတ်လား၊ ဘယ်လိုမြင်ပြန်တာလဲဟင်"

ဖွေးက ချက်ချင်းစိတ်ဝင်စားသွားသည်။

"ဟော... ဟော... ပြောရင်းဆိုရင်း အဲဒီမြင်ကွင်းက ပေါ်လာပြန်ပြီဖွေး"

ကျွန်တော်က ရှေ့တည့်တည့်ကိုကြည့်ရင်း ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

"ဟင်... ဘယ်လိုလဲဟင်... ဘယ်လိုလဲ"

"မြင်ကွင်းထဲမှာလေ ဖွေးနဲ့ကိုယ်နဲ့ မင်္ဂလာဆောင်နေကြတယ်၊ သိလား"

"ဟင်..."

"ဖွေးက အဝါရောင်ချိတ်ကလေးဝတ်လို့၊ မင်းသမီးလေးလို ဝတ်ထားတယ်၊ သိပ်လှတာပဲဖွေးရယ်"

"ဟုတ်... ဟုတ်လို့လားကိုလင်း"

"ကိုယ်ကလည်း အဝါရောင်ချိတ်ပုဆိုးနဲ့ ရင်ဖုံးတိုက်ပုံအင်္ကျီ ကြီးနဲ့ဗျ၊ အမယ်... ခေါင်းပေါင်းကြီးတောင်ပါသေးတယ် ဟီဟီ..."

"အို..."

"ဘေးမှာ ဖေဖေနဲ့မေမေရော... ဆရာကြီးနဲ့အန်တီရော ပြုံးလို့ရွှင်လို့ဗျာ၊ ကြည့်စမ်းပါဦး"

"ဟုတ်လို့လားကိုလင်းရယ်"

ဖွေးက မယုံမရဲဟန်ဖြင့်ကြည့်ရင်းမေးလိုက်သည်။

ကျွန်တော်က ဖွေးကိုလှည့်မကြည့်ပဲ... ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်ကာ ဆက်ပြောလိုက်သည်။

www.burmeseclassic.com

"ဟင်... မြင်ကွင်းတစ်ခုပြောင်းသွားပြန်ပြီ၊ ဟာ... အိပ်ခန်းထဲမှာပဲ၊ ကြည့်စမ်း၊ ဘေးမှာ လက်ဖွဲ့ပစ္စည်းတွေလည်းပြည့်လို့၊ ဪ... ဖွေးနဲ့ကိုယ့်ရဲ့ မင်္ဂလာဦးညကိုး"

"အို... ကိုလင်း"

"ဖွေးကရှက်နေတာပဲ၊ မရှက်ပါနဲ့ဖွေးရယ်၊ ဒါ... လောက ဓမ္မတာပဲဟာကို"

"ဟာ... ကိုလင်း... တော်တော့... တော်တော့... ဆက် မပြောနဲ့တော့"

"ကိုယ်မြင်တာတွေပြောနေတာပါဖွေးရယ်၊ ဟော... ဟော... ဖွေးကလည်း အရမ်းရှက်နေတယ်၊ ကိုယ်ကလည်း တော်တော်ဆိုးတဲ့ကိုယ်ပဲ"

"ကိုလင်း... တော်တော့ဆိုနေ၊ ဖွေးမကြားရဲတော့ဘူး"

"ကဲ– ဒါဖြင့် မပြောတော့ပါဘူးဗျာ၊ ဟင်– မြင်ကွင်းကလည်း ပျောက်သွားပြီဖွေး၊ နောက်မြင်ကွင်းတစ်ခုပြောင်းသွားပြီ"

ဖွေးက စိတ်ဝင်စားသွားပြန်သည်။

"နောက်မြင်ကွင်း... ဟုတ်လား"

"ဟုတ်တယ်၊ ဟင်... ဒီထဲမှာကျ ဖွေးက သိပ်ဝနေပါလား၊ ယောကျ်ားရပြီးရင် ဖွေးဝလာမယ်ထင်တယ်နော်၊ အာ... မဟုတ်သေးဘူး ဖွေးရေ... ဝ,တာက တစ်ကိုယ်လုံးဝ,တာမဟုတ်ဘူးဖွေးရေ၊ တစ်နေရာတည်း ကွက်ဝ,နေတာ၊ ဪ... ဖွေးမှာ ဗိုက်ဖုံးအင်္ကျီကြီးနဲ့ကိုး၊ ကိုယ်ဝန်ရှိနေပြီပဲ၊ ကြည့်ရတာ... နေ့စေ့လစေ့တောင်ဖြစ်နေပြီ"

"ဟော့... ကိုလင်း တော်တော့ကွာ၊ မယုံတော့ဘူး၊ ဖွေးမယုံဘူး၊ ကိုလင်း ပေါက်ကရတွေလျှောက်ပြောနေတာမဟုတ်လား၊ **သွား**–"

ဖွေးက ကျွန်တော့်လက်မောင်းကိုထုလိုက်သည်။

"ဟော့ဖွေး... ကိုယ့်အသားကို မထိနဲ့လေ၊ ရှေ့ကမြင်ကွင်း ပျောက်သွားမယ်၊ ဟော... ပြောရင်းဆိုရင်း မြင်ကွင်းတစ်ခုပြောင်းသွား ပြန်ပြီ"

"ဟုတ်လို့လားကိုလင်းရယ်..."

"ဟင်... ဒီမြင်ကွင်းထဲမှာကျ ကလေးလေးတစ်ယောက်ပါနေပါလား၊ ဘယ်ကကလေးပါလိမ့်၊ ချစ်စရာလေးပဲ၊ ယောကျ်ားလေးဗျ၊ ဪ... ကိုယ်နဲ့ဖွေးတို့ရဲ့သားသားလေးကိုး"

"ဟင်... ကိုလင်း... တကယ်လား"

"တကယ်ပေါ့"

ကျွန်တော်က... ဖွေးနှင့်မျက်နှာချင်းဆိုင်မိအောင် လှည့်လိုက်သည်။

"သားလေးကလေ... ကိုယ်နဲ့ဖွေးတို့ကြားမှာ... ဟောဒီနေရာမှာ ထိုင်နေတာဗျ... သိလား"

ကျွန်တော်က... ဖွေးနဲ့ကျွန်တော် နှစ်ယောက်ကြားနေရာကို လက်ညှိုးထိုးပြရင်းပြောလိုက်သည်။

"ဟောဒီမှာ သားသားလေး၊ ဟော... သားသားလေးကို မွှေးမွှေးပေးရအောင်ဖွေးရေ... ဖေဖေက... ဒီဖက်ကမွှေးမယ်၊ မေမေက ဟိုဖက်ပါးလေးကို မွှေးနော်၊ ကဲ– လာပြီ၊ ဟာကွာ... သားသားက အလည်လေးပဲ၊ ဒီကောင်... အဖေနဲ့အမေက မွှေးမွှေးပေးတာကို ငုံ့ရှောင်လိုက်တယ်၊ ကြည့်စမ်း... သားသားငုံ့ရှောင်လိုက်တော့ ဖေဖေနဲ့ မေမေ နမ်းမိသွားတာပေါ့"

"ဟယ်... ကိုလင်း... ကြည့်စမ်း၊ **သွား– သွား**–"

ဖွေးက ကျွန်တော့်ရင်ပတ်ကိုတွန်းပစ်ရင်း အော်လိုက်လေသည်။

"အဟုတ်မှတ်လို့ နားထောင်နေတာ၊ လူလည်ကြီး၊ တကယ်ပဲ"

"ကိုယ်မြင်ရတဲ့မြင်ကွင်းအတိုင်းဆို ပျော်စရာမကောင်းဘူးလား ဖွေးရယ်"

"**သွား**– တကယ်မြင်ရတာလဲ မဟုတ်ပဲနဲ့၊ ဟုတ်တယ်မဟုတ်လား၊ မမြင်ရပဲနဲ့ ဖွေးကိုညာနေတာမဟုတ်လား"

"ပျော်လို့နောက်တာပါဖွေးရာ၊ တကယ်တော့... အခုပြောတဲ့ အနာဂတ်မြင်ကွင်းက တကယ်မြင်ရတာမဟုတ်ဘူး၊ ကိုယ်ဖြစ်ချင်တာတွေ"

"**သွား**– လူကို အလကား ညာနမ်းတာပေါ့"

"အလကားနမ်းတာမဟုတ်ပါဘူး၊ မကြေနပ်ရင် ပြန်နမ်းပါဗျာ"

"**သွား**–"

"ကိုယ်အတည်ပြောမယ်နော်၊ တကယ်တော့... ကိုယ် အနာဂတ်မြင်ကွင်းတွေကို မမြင်ရတော့ဘူးဖွေး၊ ပျောက်သွားပြီ"

www.burmeseclassic.com

''တကယ်–''

''တကယ်ပါဖွေး၊ ကိုယ်အမျိုးမျိုးစမ်းသပ်ကြည့်ပြီးပါပြီ''

''ဘယ်တုန်းကပျောက်သွားတာလဲဟင်''

''ဆိုင်ကယ်ပလပ်ကနေ ဓာတ်လိုက်ခံရပြီးနောက် ပျောက်သွားတာလို့ထင်တာပဲဖွေး''

''ဟင်– ဒါဆိုရင် ကိုလင်းရောဂါကို ဖွေးကုပေးလိုက်တာပေါ့''

''ဒါပေါ့– ဒေါက်တာဖွေးဖွေးခန့်က ဒေါက်တာအောင်ခန့်ထက်တောင် စွမ်းသေးတယ်''

''**သွား**–''

''အနာဂတ်အမြင်ပျောက်သွားတာ နှမျောစရာလား**...** ဝမ်းသာစရာလား ဖွေး''

''အင်း**...** သာမန်လူတွေမမြင်ရတဲ့ အနာဂတ်ကို ကြိုမြင်ရတဲ့ အမြင်မျိုး မရှိတော့ဘူးဆိုတော့ နှမျောစရာလိုလိုပဲ**...** ဒါပေမယ့်ကိုလင်းရယ်**...** သူတကာထက်ထူးနေတဲ့အဖြစ်ကို ဘာလို့မက်မောနေမှာလဲ၊ ရောဂါကြီးလိုဖြစ်နေတာကို ပျောက်အောင်လို့ ဆေးတောင်ကုနေရသေးတာမဟုတ်လား၊ ပျောက်သွားပြီး သာမန်လူလိုပြန်ဖြစ်သွားတာအကောင်းဆုံးပါလေ''

''ဟုတ်ပါတယ်၊ ကိုယ်ကလည်း ဝမ်းသာလို့ အဲဒီအကြောင်း ပြောဖို့လာတာပါ၊ ဒီရောက်မှ ဖွေးကိုနောက်ချင်လို့''

''**သွား**– ကိုလင်းသိပ်ဆိုးတာပဲ''

''မိုးကြိုးစက်ကွင်းကြောင့်ဖြစ်ခဲ့တဲ့အနာဂတ်အမြင်ပျောက်သွားပေမယ့်**...** ကိုယ့်မှာ စက်ကွင်းမလွတ်သေးပါဘူးဖွေးရယ်''

ကျွန်တော်က ဖွေးလက်ကလေးကိုဖမ်းဆုပ်ရင်းပြောလိုက်သည်။

''ဘာ–''

''ဟုတ်တယ်၊ မိုးကြိုးစက်ကွင်းက လွတ်ပြီး တစ်ခြားစက်ကွင်းတစ်ခုထဲကို ကိုယ်ရောက်နေပြီ''

''ဘာရယ်**...**''

''ဟောဒီက**...** ဖွေးဆိုတဲ့ကောင်မလေးရဲ့စက်ကွင်းလေ၊ ဖွေးရဲ့ အချစ်စက်ကွင်းထဲမှာ ကိုယ်မိနေပါပြီဖွေး''

''**သွား**–''

''ဖွေးရဲ့စက်ကွင်းထဲမှာတော့**...** ကိုယ်တစ်သက်လုံးနေပါရစေနော်**...** ဖွေး''

''ဟွန်း**...** ပိုကိုပိုတယ်''

ဖွေးက ကျွန်တော့်လက်ထဲမှရုန်းထွက်ပြီး ကျွန်တော့်ရင်ပတ်ကို လက်သီးဆုပ်နှစ်ဖက်ဖြင့် ထုလိုက်လေသည်။

နှုတ်မှလည်း ပြောလိုက်သေး၏။

''**သွား**–'' **...**တဲ့။

♛♛♛♛♛♛♛♛♛

**ဆောင်းလုလင်**

www.burmeseclassic.com

## *ဆောင်းလုလင်* ၏

### ထုတ်ဝေပြီးလုံးချင်းစာအုပ်များ

၁။ ဒေါက်တာစိုးထိုက်နှင့် နဂါးတိုင်းပြည်

၂။ ဒေါက်တာစိုးထိုက်နှင့် မှော်မျက်ဝန်းရှင်

၃။ ဒေါက်တာစိုးထိုက်နှင့် ကဝေ့ကြေးမုံ

၄။ ဒေါက်တာစိုးထိုက်နှင့် ကိုယ်ပျောက်ဝိဉာဉ်

၅။ ဒေါက်တာစိုးထိုက်နှင့် ထူးဆန်းသောဟင်းတစ်ခွက်

၆။ ဒေါက်တာစိုးထိုက်နှင့် သေမင်းငင်သောည

၇။ ဒေါက်တာစိုးထိုက်နှင့် ဥစ္စာစောင့်မလေးမြကြေးမုံ

၈။ ဒေါက်တာစိုးထိုက်နှင့် အိပ်မက်အတူမက်သူများ

၉။ ဒေါက်တာစိုးထိုက်နှင့် လိပ်ပြာမိတ္တူ

၁၀။ ဝင်္ကန္တမာယာ

၁၁။ အနတ္တမခရီးသည်

၁၂။ ဝိညာဉ်လှောင်အိမ်

၁၃။ ဒေါက်တာစိုးထိုက်နှင့် နဂါးသိုက်ရှာပုံတော်

၁၄။ တိမ်တိုက်လိုဘဝမျိုး

၁၅။ အပင်း

၁၆။ ဒေါက်တာစိုးထိုက်နှင့် အခြားကမ္ဘာမှချစ်သူများ

၁၇။ ဒေါက်တာစိုးထိုက်နှင့် နေအဝင်ညအကူးတစ္ဆေမြူးတဲ့တော

၁၈။ တစ္ဆေအော်သံ

၁၉။ မြန့်မောင်နဲ့ ခုမှတွေ့တာ

၂၀။ တိတ်တိတ်ပုန်းလရောင်

၂၁။ နှစ်ကိုယ်ခွဲနှင်းဆီ

၂၂။ လွမ်းရုံသက်သက်

၂၃။ ဒေါက်တာစိုးထိုက်နှင့် ဖော်ဝေးဝိညာဉ်

၂၄။ အပျော်တမ်းခြောက်တဲ့သရဲ နှင့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ(ဝတ္ထုတိုပေါင်းချုပ်စာအုပ်) ♛

၂၅။ လနှစ်စင်း နှင်းတစ်ပေါက်

### ငွေရတုအထူးထုတ် ၂၅အုပ်မြောက်လုံးချင်းဝတ္ထု

၂၆။ **စက်ကွင်း**

www.burmeseclassic.com

ဆောင်းလုလင်

ရေးသားသည့် ဝတ္ထုတို၊ဝတ္ထုရှည်၊လုံးချင်းဝတ္ထုများက

အောက်ပါ website တွင် ဖတ်ရှုနိုင်ပါသည်။

www.nwaytamun.co.cc

ဆောင်းလုလင်

ရေးသားသည့် ဝတ္ထုတို၊ဝတ္ထုရှည်၊လုံးချင်းဝတ္ထုများနှင့်ပတ်သက်၍ ဝေဖန်အကြံပြုလိုပါက

အောက်ပါ E-mail သို့ဆက်သွယ်နိုင်ပါသည်။

nwaytamun@gmail.com

BURMESE CLASSIC .com

www.burmeseclassic.com